www.burmeseclassic.com

မိန်းကလေး

ချစ်သောခရမ်းရောင်နေခြည်သစ်ဆီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ရက်သီး

ထုတ်ဝေသူ
ခေါင်ပြင်ပြည်ဝင် (ပြု–ဝဂ္ဂဂင်) (ဘွဲ့ဓာတ)
အမှတ် – ၅၂၂(က)၊ အင်းစ (၄) လမ်း
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပကြီးနယ်၊ ရန်ကုန်ကြီး၊
စာအုပ်အမှုဝိုင်းများစာရင်းပုံနှိပ်
ဦးကျော်ဇင် (ပြု–ဝဂ္ဂဂဂ) (ဝန်ထမ်းသုံးပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော်/စနောက် ရပ်ကွက်၊
အလုံကြီးနယ်၊ ရန်ကုန်ကြီး၊
မျက်နှာဖုံးဒီဇိုင်း
သိမ်းဆွေကြည်
အတွင်းစာလင်
တိုဝယ်ဂ် (Image Art World)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇော်ဆင်ဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ခြွင်းချိုခရ
ဘွဲ့ဓာတ
ဝဒ–ဇဋ္ဌဝဇ်ဇဋ်၊ ဝဇ္ဇ–ဇဋ္ဌဝဇ်ဇဋ္ဌ၊ ဝဇ္ဇ–ဇ္ဈဝဇ်ဝဇ်၊ ဝဇ္ဇ–ဇ္ဈဝဇ်ဇဋ္ဌ

ဆဋ္ဌ – ၀၃

စီမံခန့်ခွဲသူ
ချစ်သော်ခရစ်ဆောင်ခရင်ပြည်သစ်ဆီ / စီမံကိန်းသူ – ရန်ကုန်၊
ဘွဲ့ဓာတ ၊ ၂၀၁၃ ။
၂၅၆ – စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ချစ်သော်ခရစ်ဆောင်ခရင်ပြည်သစ်ဆီ

အခန်း (၁)

"ရာရာရေ ရာရာ"

ချိုကြည်သောခေါ်ဆိုသံ ကြားရပေမယ့် ရာစုသစ် မထူးပြန်ပါ။ ပုံစံပြောင်းထားသော သူ့ဆံပင်ကို မှန်ရှေ့ရပ်ပြီး ဖွေဖွေစပ်စပ် ကြည့်နေလိုက်သည်။

"ရာရာ"

"ဟော သမီးအစောပါလား။ လာလေ၊ သားကြီးရှိတယ်ကွဲ့"

"ကျွတ်"

မေမေက တစ်မှောင့်။ သူ မထူးချေင်လို့ မထူးတော့ဘဲနေခဲ့မှ မေမေ ဖော်ကောင်လုပ်ပြီး လိုက်လိုက်လဲလဲ ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရာရာ ဘယ်မှာလဲ အန်တီ"

"အခန်းထဲမှာ ရှိတယ်၊ ဝင်သွားလိုက်လေသမီး။ အန်တီ ဘုရား ခန်း ဝင်ဆို"

"ဟုတ် အန်တီဗိုး"

"ကျွတ်"

ရာစုသစ် မျက်နှာရဲ့လျက်။ ဘေးတစ်ဝိုက် ပွဖွာပြီး အလယ် ဘက် ထောင်ကြွကြွပုံသွင်းထားသော သူ့ဆံပင်ပုံစံကို သူ့စိတ်တိုင်းကျ ကြည့်ခွင့်မသာဘော့ပါ။

မပြေးရုံတမယ် သူ့အခန်းထဲလာနေသော ခရေစောတ်ခြေသံ ကြားရတော်။ ရာစုသစ် မျက်နှာရဲ့ထားလျက် မှန်ရှေ့မှ ရုတ်ခြည်းခွာသည်။

ထို့နောက် လိုက်ကာရှည်အပြည့်စည်းကာထားသော အိပ်ရာ ဘက် ရောင်နေလိုက်သည်။

"ရာရာ"

အခန်းဝမှာ ရပ်ပြီး ခရေစောခေါ်ပါသည်။ မှန်ရှေ့နှင့် စာအုပ် စီရိုတွေရှိရာ ဝေ့ကြည့်သည်။

ရာရာကို မတွေ့ရပါ။ အိပ်ရာတက်ဆီမှ ဖြူအိသောလိုက်ကာစ ကြီး လွှမ်ခွဲနေတာ မြင်ရသည်ဖို့ အစော ကျေနပ်စွာပြုံးတော်။

"ရာရာ အစောဝင်ခဲ့မယ်နော်"

"ဟာ"

ရာစု မျက်နှာလှလှလေး ပျက်ပျင်းသွားတော်။

"ကျွတ်၊ ဘာလုပ်ဖို့လဲ အစောရာ"

ရာစုသစ် ရှောင်နေလို့မရမှန်း သိလိုက်ပါပြီ။ လိုက်ကာစကို သိမ်းဖယ်ပြီးထွက်လျှင် အစောနှင့် ဟက်ပင်းဆုံတော်။

အစော ပြုံးရှဲ့ သူ့မျက်နှာကို တိမ်းညွတ်စွာမော့ကြည့်ရင်း ဂရုတစိုက်မေးပါသည်။

"နင် ဘာဖြစ်နေတာလဲ ရာရာရယ်၊ မျက်နှာကြီး ရှဲ့ထားတာ"

"ဘာပဲဖြစ်ဖြစ်ဟာ၊ ကဲ ပြော၊ ဘာလဲ"

ခရေပန်းရနံ့လို မွှေးရသော အစောတ်ကိုယ်သင်းရနံ့ကို သူ မရှူဖြစ်။ အစောရှေ့မှ ချက်ချင်းခွာပြီး မှန်ရှေ့ပြန်သွားသည်။

ဆံပင်ဒီဇိုင်းကို ပြန်ရှကြည့်နေတော်။ အစောက သူ့လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း ကြည့်နေမှာ ရာစုသိသည်။ သိပေမယ့် ဒဲ့ မကြည့်ပါ။

"ပြောလေ ဘာလဲ"

သူ နောက်တစ်ခွန်းမေးသော်လည်း အစောဆီမှ အဖြေထွက် မလာ။ ရာစု ဒဲ့ကြည့်လိုက်တော့ အစောမျက်နှာလေး ညှိုးနေသည်။ ဘာကြောင့် ညှိုးနေမှန်း ရာစုသိပါသည်။

သူနှင့်ပတ်သက်လျှင် အစစအရာရာ အလေးထားရှာသော ပိန်းကလေး။ မျက်နှာရဲ့ထားသည့် သူ့အမှုအရာကိုမြင်သည်နှင့် ဦးစွာ

www.burmeseclassic.com

www.burmeseclassic.com

မေးသည်ကို သူ ခပ်ဆတ်ဆတ် ပြန်ပြောသောအကြောင့်ဖြစ်သည်။

အစောက အဲဒီလိုရယ်။ အစတုန်းက ဂရုတစိုက်ရှိသမျှ သူ နားလည်လိုက်လျောခဲ့သည်ချည်း။

အခုချိန်မှာ အစောကို အရင်လို လိုက်လိုက်လျောလျော မထေက် ဆဲချင်တော့ပါ။ သူ့မှာ သူကိုယ်တိုင် စိတ်ဝင်တစားရှိလှသော ဆူးနှင်းဆီ မည်သော ပိန်းကလေး ရှိနှင့်ပြီးမဟုတ်လား။

ရှေ့ဆက်ပြီး အစောစိတ် သူ့ဆီတိမ်းညွတ်မလာစေဖို့ သူ့ဘက် က စေတနာဖြင့် ကြိုးတင်ရှောင်ခြင်းဖြစ်သည်။

အစောက ဒါတွေကို နားမလည်။ အရင်အတိုင်း ပြုမူနေသည်။ သူ့ဘက်မှ ပြောစကားနှင့် အမူအရာပြောင်းလဲနေမှန်း သိသည်နှင့် မျက်နှာလေးညှို့ငေါ်။

သူမမျက်နှာညှို့ပုံက သိမ်ငယ်သော၊ ဝမ်းနည်းသော ခံစားချက် များရောလျက်။ ဘဝအတွက် အခြေအနေချင်းမတူသည့်အတွက် အစော အရာရာအတွက် စုပေါင်းပြီး မျက်နှာလေးရော့သွားခြင်းပင်။

မျက်နှာလေး ညှို့နေတာမြင်ရတော့ သူ စိတ်မကောင်းလှပါ။ ပင့်သက်လေးချိုက်ပြီး မှန်ရှေ့မှခွာသည်။

"ကဲ ပြော"

အစောရှေ့သွားရင်း သူ့အသံကို ပုံမှန်ဖြစ်အောင်ပြုပြင်ရင်း ဂရုတစိုက်ပြန်မေးရလေသည်။

အစော မျက်တောင်လေးပုတ်ခတ်ပြီး သူ့အကြည့်မှ ရှောင်လွှဲ ၏။ ပြောလိုသောအကြောင်းအရာကိုလည်း တစ်ဆက်တည်းမျိုချကာ –

"ဘာ ဘာမှမဟုတ်တော့ပါဘူးဟာ၊ ဒါပဲ"

ပြောရင်း မျက်ညှိုလေးဝဲကာ သူ့ရှေ့က သုတ်ခနဲ ထွက်သွား လေသည်။

"အစော"

BURMESE CLASSIC

လည်ပြန်ငဲ့ကြည့်ရင်း သူပြန်မေးပါသည်။ အစော လှည့်မကြည့် ဘဲ ထွက်သွားလျှင် သူ အားမလိုအားမရဖြစ်လေသည်။

"နေဦးအစော"

ဟန့်တားရင်း အစောနောက် သူလိုက်ထွက်ခဲ့သည်။ အစော ခြေလှမ်း တန့်မသွားပါ။

"အစော နေဦးလေ၊ တစ်ခုခုပြောဖို့လာတာ မဟုတ်လား။ ငါ နားထောင်ပေးမှာပေါ့၊ လာစမ်းပါ"

ရာစုသစ် ပြောရင်း အစောလက်တစ်ဖက်ကို လှမ်းဆွဲလေသည်။ အစော ခြေလှမ်းရပ်၍ မျက်နှာလေးကို ပုံမှန်ဖြစ်အောင်ပြုပြင်သည်။

ဝဲနေသောမျက်ညှိုများကို မျက်တောင်ပုတ်ခတ်လှုပ်ကာ သိမ်း သွင်းပြီး –

"ရပါတယ်၊ ပြောစရာအထွေအထူး မရှိပါဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com

"သေချာလို့လား"

"သေချာပါတယ်ဟာ"

မျက်လုံးချင်းအဆိုင်မခံတဲ့ပြောတာကို အစောရင်ထဲမှာ ဝမ်းနည်းနေသေးမှန်း သူ အကဲခတ်မိလေသည်။

"သွား သွားလေ၊ ရာရာဆဲပင်ပုံစံသစ်ကို ရာရာကြည့်နေတာ မဟုတ်လား၊ အစောကြောင့် အနှောင့်အယှက်ဖြစ်သွားတာ အစော အားနာလိုက်တာ၊ ဒါပဲနော်"

သူ့လက်ကို ဖယ်ချရင်း ပြောဆိုထွက်သွားသည့်အစောကို သူ ငေးကြည့်နေလိုက်သည်။

ခြိန်စံခြိုကြား ဖောက်ထားသော တံခါးဆီမှ တစ်ဖက်ခြံကူးသွား သော အစောအရိပ်လေး တိုက်ဆဲဝင်ရောက်ပျောက်ကွယ်သွားသည်အထိ သူ ရပ်ကြည့်နေသေးသည်။

အတန်ကြာမှ သူ တိုက်ထဲပြန်ဝင်ကာ။

သူ ဆံပင်ပုံစံပြောင်းတာရော၊ ဘာကြောင့် ပုံပြောင်းရလဲဆို တာကော အစောရိပ်မိနေတာလား။

သူ့ရင်မှာ မလုံမလဲဖြစ်ရလေသည်။

အစောရေ ငါ့ခံစားချက်ကို နားလည်ပေးပါဟာ။

✿ ✿ ✿

အခန်း (၂)

"ရာရာ၊ မင်း လန်းတယ်ကွာ"

သူ ကျာနယ်တိုက်ထဲ လှမ်းဝင်လိုက်သည်နှင့် လုပ်ဖော်ကိုင်ဖက် နှင့် သူငယ်ချင်းတွေ ဝိုင်းကြည့်ကြသလို အံ့မင်းက နွှတ်သွက်သူဝီဝီ ပြောလာ၏။

ပြောလည်းပြောရင်း သူ့အနီးလာပြီး သူ့တစ်ကိုယ်လုံးကို ရှေ့နောက် ပတ်ကြည့်တာကြောင့် သူ့စိတ်မှာ မလုံမလဲဖြစ်ရလေသည်။

"ဟာ ဘာကြည့်နေတာလဲကွာ"

"မင်း ပြောင်းလဲနေပြီး ရာရာ"

ခန့်ပိုင် မျက်ခုံးပင့်၍ မှတ်ချက်ပေးသလိုပြောတဲ့နောက် အယ်ဒီ

www.burmeseclassic.com

www.burmeseclassic.com

တာ စားပွဲမှာထိုင်နေသော အယ်ဒီတာဦးသန်းချိုကလည်း ခေါင်းတညိတ်ညိတ်နှင့် -

"ဟုတ်ပါ့ကွာ၊ ငါ့တူ ဒီရက်ပိုင်းအတွင်း ပြောင်းလဲနေတာ ဝိုသိသာတယ်၊ ကြည့်ပါဦးကွ၊ အောင်ကျော်လင်း အင်တာဗျူးတဲ့ နိုင်ငံကျော် ရုပ်ရှင်နဲ့ဗီဒီယိုသရုပ်ဆောင် ဟိန်းဝေယ်တောင် ငါ့တူလောက် စတိုင်လ် မပြည့်ဘူး၊ ငါ့တူက တကယ် Hot တယ်၊ ဒီဇိုင်းကလည်း လန်းရုံမက ပုံကြွတော့မယ်၊ ပြီးတော့ တစ်ကိုယ်လုံးလည်း သင်းထုံမွှေးပျံနေတာကွ၊ ကိုက်စားချင်စိတ်တောင် ပေါက်တယ်"

"ဟာ ဆရာချိုကလည်းဗျာ"

သူ အတော်ကြီးရှက်သွားပါသည်။ မျက်နှာခဲ့ကာ အယ်ဒီတာစားပွဲနောက်ဘက်ရှိ သီးသန့်ခန်းဆီ သူ တန်းဝင်လိုက်သည်။

ရယ်မောသံတွေက သူ့နောက်မှာကျန်ခဲ့သော အယ်ဒီတာအခန်းနှင့် သူငယ်ချင်းများရှိသော ကျာနယ်တိုက်ဝန်ထမ်းတွေအခန်းမှာ လွှင့်နေသေးသည်။

သူ အခန်းထဲရောက်ခါမှ နေသာထိုင်သာရှိပေမယ့် သူ့စိတ်မှာ မလုံခြုံသေး။ အပြင်အဆင်ပြောင်းလဲထားသည့် သူ့အဖြစ်ကို သူကိုယ်တိုင် သိသည်။

ဘာကြောင့်လဲ၊

အဖြေက ရှင်းနေပါသည်။

ဆူးနှင်းဆီကြောင့်ဟု ပြောလျှင် သူ့ကို ဝိုင်းဟားကြမည်လား။ ဒါမှမဟုတ် ဝေဖန်ထိုးနှက်ကြမည်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ဆူးနှင်းဆီ။

နာမည်နှင့်လိုက်အောင် ကြီးမားသောအရွှန်အဝါ၊ စူးရှသော မာနနှင့် ပကာသနဆူးပေါင်းများစွာ ဝိုင်းရံနေသောမိန်းကလေး။

နှင်းဆီဆိုကတည်းက ဆူးပါပြီးသားရယ်။ ဒါနဲ့တင်အားမရသဲ့ ဆူးပါ ထပ်ထည့်ခြင်းက ပိုပြီးစူးရှစေသည့်သဘော ဆောင်ပေသည်။

နာမည်နှင့်လိုက်ဖက်အောင် မာနဆူးတစထောင်ထောင်နှင့် နေ့တတ်သော သူမလေး။

မြင်ရုံနှင့်ဘာကြောင့်များ သူ စိတ်ဝင်တစားဖြစ်ရတာလဲ။ ယောကျ်ားမာနကို ထိပါးသလို ခံစားရတာကြောင့်လား။

တကယ်ဆို အဖြစ်အပျက်က သူနှင့် တိုက်ရိုက်မဟတ်သက်ပါ။

ထိုစဉ်က ခန့်ပိုင် မင်္ဂလာဆောင်ပြီး တစ်ပတ်ပြည့်သည့်နေ့။ ခန့်ပိုင်တို့စုံတွဲ ဖူးခက်ကမ်းခြေကို ဟန်းနီးမွန်းသွားမှာဖို့ သူ လေယာဉ်ကွင်းလိုက်ပို့ပေးရသည်။

လေယာဉ်ကွင်းမှိုင် ဧည့်လယ်စာကျွေးမည်။ ပြီးမှပို့မည်။ သို့ဖို့ကြောင့် သူတို့သုံးယောက် ပန်းဂနိုင်စားသောက်ဆိုင်မှာ ဧည့်လယ်စာစားမည်ဖြစ်သည်။

ထိုဆိုင်က ခန်းမကြီးထဲမှာ မဟုတ်ပါ။ ပန်းဥယျာဉ်ပုံစံ ဖန်တီးထားသည်။ စားပွဲပိုင်းတစ်ခုနှင့်တစ်ခုကြားမှာ နွယ်ချဉ်းကလေးများ ပြုလုပ်ထားပေမယ့် စားပိုင်းတစ်ခုနှင့်တစ်ခုကိုတော့ မြင်သာသည်။

တိတ်တိတ်ဆိတ်ဆိတ်ရှိလှသလို သစ်ပင်အစစ်များ။ ပန်းပင်အစစ်များဖြင့် တန်ဆာဆင်ထားသည်ဖို့ ဥယျာဉ်ထဲမှာ ပျော်ပွဲစားထွက်သလို ဇိလင်ျိုး ခံစားနိုင်သည်။

စားပွဲနာမည်တွေက ပန်းအမည်တွေအတိုင်း။ စံပယ်ဆို စားပွဲတစ်လည်မှာ စံပယ်ချဉ်တွေရှိပြီး ထိုစံပယ်ချဉ်တွေက အပွင့်တွေပွင့်ကာ စံမယ်ရနံ့တို့ လွှင်နေသည်။

သူတို့သုံးယောက် ရွေးထိုင်သည်က ခန့်ပိုင်ဇနီးချော သီသီသာ့ဘေးဘီကို ဇိဇဝါစားပွဲဖြစ်သည်။

စိမ်းမြသော ဇိဇဝါရွက်များအလယ်မှ ပွင့်ကြွနေသော ဇိဇဝါ

www.burmeseclassic.com

www.burmeseclassic.com

ပန်းပွင့်ကြီးများက အလှသွေးကြွယ်၏။

ထို့အတူ ဖီဇဝါပန်းရနံ့ကလည်း သင်းသင်းကြူလျက်။

သုံးယောက်သား စိတ်လက်ကြည်သာစွာ စားသောက်နေစဉ်-

"ဒီမှာ"

မာနဝင့်သောအသံ ရုန်းရမ္ဘာကြားလိုက်ရသည်။ သူ့နောက်ကျောဆီကမို့ မသိမသာ ငဲ့ကြည့်၏။

လှရှင်းနေသော သူ့နောက်ကျောမှ သင်္ဘောပွဲနှင့်ယှဉ်လျက် ရှိနေသော နှင်းဆီစားပွဲမှဖြစ်သည်။

ထိုအသံက နှင်းဆီစားပွဲမှာ ခပ်ချောချောမိန်းကလေး သုံးယောက် ခြံရံလျက်ရှိသော နှင်းဆီသွေးရောင်ရဲရဲစွေးသော ဖက်ရှင်ပုံဆန်းဝတ်ထားသော မိန်းကလေးအသံဖြစ်သည်။

မော်ဒယ်လ်နှင့် ရုပ်ရှင်မင်းသမီးများ ပွဲနေပွဲထိုင်သွားလျှင် ဝတ်လေ့ရှိသော ဖက်ရှင်မျိုးကို သူမလေးက ထမင်းထွက်စားတုန်း ဝတ်ထားသည်ဆိုကတည်းက သူမတန်အခြေအနေ မည်မျှမြင့်ကြောင်း ခန့်မှန်းနိုင်သည်။

ခေါင်းမှာပါ သရဖူလိုလို၊ အလှဦးထုပ်လိုလို အလှခေါင်းဆောင်းလေး ဆင်ထားသည့်သူမ။

မျက်နှာကိုလည်း မိတ်ကပ်ကာလာတောက်ပအောင် ပြင်ဆင်ထားသေး။ မာန်ရောင်ကြောင့် သွေးထက်ရဲမှည့်သော နွားခမ်းကာလာ

မှာ ဖိတ်ဖိတ်လက်နေသည်။

"ရော့၊ ရှင့်ဟာရှင်ယူပြန်"

သူမလေး ပြောရင်းဆိုရင်း ပန်းရောင်ဖဲကြိုးစည်းထားသော ပါကင်ကို သူ့စားပွဲရှေ့မှာ ယစ်မူးစွာရပ်နေသောလူရွယ်ရင်ခွင်ထဲ ပစ်ပေါက်၏။

ထိုလူရွယ် ကမန်းကတန်းဖမ်းပေမယ့် မဓိလိုက်ပါ။ ပါကင်က အရှိန်ဖြင့် လိမ့်ကျကာ ပွင့်ဟပြီး အတွင်းမှ ရွှမောဖွယ်ကောင်းသော ရောင်စုံပန်းစည်းကြိုး သူမခြေရင်းနား ကျလေသည်။

ထိုအခါ သူမဖိနပ်ဦးရွှန်နှင့် ခတ်ပစ်လိုက်လျှင် ပန်းစည်းသည် ပြောက်ခနဲဖြစ်ပြီး သင်္ဘောပွဲကိုကျော်ကာ သူ့နောက်ကျောကို ရွှဲထိပြီး ကြမ်းခင်းပေါ် ကျလေသည်။

"ကျတ်"

သူ့ရင်မှာ စူးရှရှဖြစ်သွား၏။ ပန်းစည်းပိုင်ရှင်လူရွယ် မျက်နှာချက်ယွင်းကာ သူမကတော့ မာန်ရှိန်ပြင်းစွာ မျက်နှာလေးမော့ထား၏။

သူမအပေါင်းအသင်းတွေက သူမမျက်နှာလိုပဲ ခပ်မော့မော့။

"ကဲ သုတ၊ ရှင်ပြန်တော့"

သူမဘော်ဒီဂတ်သုံးယောက် ပြိုင်တူလိုလို ပြောလျှင် ထိုလူအရှက်သည်းစွာ ချာခနဲ လှည့်သွား၏။

သူမကို သူက ကျောပေးအနေအထားမို့ သူ့မျက်နှာကို သူမ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွာမမြင်ရပေ။

ခန့်ပိုင်နှင့်သီသီသာ ကြည့်နေရာမှ သီသီသာ့မျက်နှာလေး တင်းသွား၏။ သူမလေးကို အခဲမကြေကြည့်ပြီး ထရပ်သည်ကအကြောင်းခဲ့မဟုတ်ပါ။

ထိုလူရွယ်သည် သီသီသာနှင့် နှစ်ဝမ်းကွဲမောင် တော်စပ်သူဖြစ်သည်။

အစ်မရေ့မှာ မောင်ကို စော်ကားတဲ့အပြုအမူနှင့် တုံ့ပြန်တာကို သီသီသာ မကျေနပ်နိုင်။ ထို့အတူ သူမခြေးနဲ့ ခပ်မစ်လိုက်တဲ့ပန်းစည်းကား ရာစုသစ်ကျောပြင်နှင့် ထိသွားတာကိုလည်း ဘယ်နည်းနဲ့မှ သည်းမခံနိုင်တော့ပါ။

ခန့်ပိုင်ရိပ်မိသောကြောင့် သီသီသာ့လက်ကိုဆွဲကာ အောင်ပြန်ထိုင်စေသည်။

"သီသီ နေဦး"

"တောက်၊ ဒီမိန်းကလေး လူပါးဝလွန်းတယ် ကိုပိုင်"

"တော်ပါကွာ၊ ကိုယ်တို့ ဟန်နီမွန်းခရီးအစမှာ စိတ်အနှောက်အယှက်ဖြစ်အောင် ဘာမှ မလုပ်ပါနဲ့ကွာ၊ ကဲ လာ၊ သွားကြစို့"

ခန့်ပိုင်က သီသီသာ့စိတ်ကို သိသည်။ ထစ်ခနဲရှိရင် ပေါက်ကွဲတတ်သည်မဟုတ်လား။

ဒါကြောင့်မို့ သီသီကိုဆွဲခေါ်ကာ ဘေးပေါက်ဆီမှ ဆိုင်အပြင်

ထွက်သွား၏။ သူလည်း ကျသင့်ငွေရှင်းပြီးနောက်က လိုက်ထွက်ခဲ့ရသည်။

ထွက်ခွာစဉ် သူမကို ပြန်ငဲ့အကြည့်မှာ သူမလေးမျက်ဝန်းနှင့် တည့်တည့်ဆုံ၏။

အကြည့်ချင်းဆုံတွေ့ပြီးနောက်မှာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

"နာမည်က ဆူးနှင်းဆီတဲ့၊ ဘယ်လိုကြည့်ကြည့် ဆူးတွေ ဖိုးထိုးထောင်ထောင် ထနေသလိုပဲ၊ မြင်တာနဲ့ အသည်းယားတယ်၊ နှုန့်ဦး သုတ၊ ဒင်းကိုမှ ရွေးရတယ်လို့"

"တော်ပါတော့ သီရယ်၊ ဆူးနှင်းဆီ လက်မခံရင် သုတ သူ့ အသာသူ နောက်ဆုတ်သွားမှာပဲ"

"နောက်ဆုတ်တာ နောက်မှ၊ လောလောဆယ် ခံရတာက အရင်၊ ယောကျ်ားသိက္ခာကျလွန်းတယ်"

လေယာဉ်ကွင်းသွားရောလမ်းတစ်လျှောက် သီသီသာ အံတကြိတ် ငြူတို့ ပြောနေသည်။

"ဖူးခက်ကပြန်လာမှ ဒင်းကို ဆုံးမရမယ်၊ ဆူးဘုရင်မကိုမှ ရှာလားလို့"

သီသို့အသံက သူ့နားထဲမှ မထွက်ပေ။

"အဲဒီဆူးမက ဘယ်သူ့ကိုမဆို အဲဒီလိုပဲ၊ မာနတံခွန်ထူပြီး ဝဲကြောကြော တံခြိုနေက၊ သုတက ဒါတွေသိသိကြီးနဲ့၊ ကြားထဲက ပိုင်သူငယ်ချင်းပါ အဆစ်ခံရသေးတယ်၊ ဟွန်း"

သူ မသိမသာ ပြုံးမိသွားသည်။

ထိုအပြုံးက မချိသောအပြုံး။

မာနကိုရှုပ်ထိသော အပြုံး။

"ဒီ တော်ပါကွာ၊ ကိုယ်တောင်းပန်တယ်"

အခန်း (၄)

"ဝိ"

လေယာဉ် ကောင်းကင်ပေါ်ထိုးတက်ကာ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ ရာစုသစ် ကြည့်နေသေးသည်။

အတန်ကြာမှ လေယာဉ်အဆောက်အအုံထဲမှထွက်ကာ သူ့ကားဆီ တန်းလာခဲ့သည်။

ကားပေါ်ရောက်နေသော်လည်း ကားကို သူ ချက်ချင်းမောင်း မထွက်ခဲ့ပေ။ ကားမောင်းသူနေရာမှာထိုင်ရင်း စီးကရက်ဖွာကာ ကောင်းကင်ပြာကို ငေးကြည့်နေလိုက်သည်။

ကောင်းကင်မှာကိုနာပြင်မှာ ပေါ်လာသည်က သူမလေးရုပ်သွင်

www.burmeseclassic.com

www.burmeseclassic.com

ခန့်ပိုင်က ဇနီးချောရင်ထဲမှ တိုအကြောင်းအရာကို ဖယ်ရှားပ
ဖို့ တောင်းပန်ခြင်းဖြင့် ချော့မော့လေသည်။

သီသီသာ စိတ်ထဲရှိသည့်အတိုင်း ဆိုချင်သေးပေမယ့် ခင်ပွန်
သည်ကို အားနာစိတ်နှင့် မလျှော့ချင်လျှော့ချင် လျှောလိုက်ဟန်တူသည်

သီသီ စိတ်လျှော့ပေမယ့် သူ့ရင်ထဲမှာ တင်းရှနေသေးသည်

ဆူးနှင်းဆီဟာ ဘယ်လိုမိန်းကလေးမျိုးလဲ။

အဲဒါကိုတော့ သူ စိတ်ဝင်စားလေသည်။

ချဉ်းကပ်သည့်လူရွယ်တိုင်းကို ထိုသို့ ဆက်ဆံနေတာ ဘ
ကြောင့်ပါလဲ။

မတူမတန်ဆိုတဲ့ စည်းမျဉ်းကြောင့်လား။

ဒါတော့ မဖြစ်နိုင်ပါ။

သီသီသာတို့ အဝန်းအဝိုင်းက ဝေါ့သေးသေးမဟုတ်ပါ။ ဝိ
ကလေးတွေအနေနဲ့ မက်လောက်သည့်အရှိန်အဝါမျိုး ရှိသည့် အသို
အဝိုင်းဖြစ်သည်။

သို့သော် မာနက ဆူးနှင်းဆီလိုမဟုတ်ပါ။

သာမန်ဝန်ထမ်းတ၏ သားဖြစ်သော ခန့်ပိုင်ကို မေတ္တာစစ်စ
ချစ်ပြီး ရွေးချယ်ခဲ့သည့် သီသီ့စိတ်သည် ခိုးကျူးမှုယ်ကောင်းလေသည်

အရှိန်အဝါချင်း သိပ်မကွာပါဘဲ ဆူးနှင်းဆီက ဘာကြော
ထိုသို့ ဆက်ဆံရတာလဲ။

အဲဒါသည်ပင်လျှင် သူ့စိတ်ကိုအဝင်စားဆုံး ဖြစ်စေသည်ဟု
ရာစုသစ် ယူဆသည်။

နောက်ဆုံးဆုံတွေ့ခဲ့သော အကြည့်ရှုးလေးကို ပြန်မြင်ယောင်
လျှင် -

"ဆူးနှင်းဆီ ကိုယ်တို့ပြန်ဆုံကြသေးတာပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"မောင်း"

"ဟာ"

ရာစုသစ် ဟာခန့်ဖြစ်ကာ မောင်းနေသောကားကို လမ်းဘေး ထိုးရပ်ရလေသည်။

မရပ်လို့ မရတော့ပါ။ ကားဘီးပေါက်သွားပြီကို။ ကားဘီးပေါက် တာထက် မိုးသည်းနေတာက ပိုဆိုးသည်။ ကားဘီးအပိုပါပေမယ့် မိုးရေထဲ ဘီးလဲဖို့ အခြေအနေမပေးပါ။

အကြောင်းမှာ သူ့ကိုယ်ကို မိုးရေအစိုခံ၍မဖြစ်ပါ။ မိုးရေထိတာ နှင့် နာစေးပြီး အအေးမိကာ သူ ဖျားတတ်သည်။

သူဖျားလျှင် မေမေ စိုးရိမ်တကြီးဖြစ်လေ့ရှိသလို အစောလည်း တော်ပြီ သူ ဆက်မတွေးတော့ပါ။

အရေးကြီးဆုံးက သူ မိုးစိုမခံရရေး။

သို့သော် ကားပေါ် ဒီအတိုင်းထိုင်မနေချင်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ စာစဖက်လမ်းဘေးတွင် You & Me ဆိုသော ဆိုင်းဘုတ်တပ်ထားသည့် ကော်ဖီဆိုင်ကို မိုးရေပါက်မှုန်းကြားမှ မြင်လေသည်။

မိုးစဲသည်အထိ ကော်ဖီဆိုင်မှာထိုင်နေရင်ကောင်းမည်။ ကော်ဖီ ဆိုင်မှာထိုင်ရင်း တစ်ယောက်ယောက်ကို ဖုန်းဆက်ခေါ်ပြီး ကားဘီးလဲခိုင်း ရမည်ဟု စိတ်ကူးရသည်။

ထိုစိတ်ကူးအတိုင်း CNC JACKET ကို ခေါင်းပေါ်ပြန်ခြုံပြီး ကားပေါ်က ဆင်းတော့သည်။

ခပ်သုတ်သုတ်လေးပြေးရင် ထိုကော်ဖီဆိုင်ထဲ တန်းဝင်သည်။ ကော်ဖီဆိုင်တွင်းမှာ လူ သိပ်မများလှ။ မိသားစုတစ်စုနှင့် လူကြီးနှစ်ဦး စားပွဲဝိုင်းတစ်ဝိုင်းစီမှာ ရှိနေကြသည်။

သူက လူငယ်သုံးယောက်ထိုင်နေသော စားပွဲဘေးမှ လွတ်နေ သော ထောင့်ကျကျစားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

ကော်ဖီတစ်ခွက်မှာပြီး အဲ့မင်းကို ဖုန်းဆက်တော့သည်။ သူ့ကားဘီး ပါက်သည့်အကြောင်းနှင့် သူ့ဆီလိုက်လာရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အို့မင်းနှင့်ဖုန်းပြောပြီးလျှင် မှာထားသောအကာဖီ ရောက်ရှိလာသည်။ အင်္ဂေလိပ်လိုင်းထကာ ရန်ကွေးသောကော်ဖီခွက်ကို ရာစုသစ်ဆွဲယူစဉ် –

"မင်းအပေါ် ဆူးနှင်းဆီ ဘာကောလာခြယ်နေတာလဲ"

မော်ဒယ်သဘွင်းအလား ပြင်ဆင်ထားသော လူငယ်လေး မေးသည်။ အမေးခံရသော မေးဖျားသွယ်သွယ်နှင့်လူရွယ်လေး မျက်နှာပေါ် မျှော်လင့်ချက်မှိုင်းသွားသယောင်နှင့် –

"ငါလည်းမသိဘူးကွာ"

ဖြေသံက အားဖျော့လျက်။

"ကျုတ်၊ မင်းကို ကြိုးနဲ့လှန်ထားသလိုကြိုးကွ၊ ကိုယ်တော့ မင်းကို နောက်ဆုတ်စေချင်တယ် သဝဏ်၊ ပြီးတော့ ဆူးနှင်းဆီရာဇဝင်လည်း မင်းသိသားနဲ့"

ဆူးနှင်းဆီနာမည်ပါနေတာကြောင့် ရာစု ပို၍ စိတ်ဝင်စား၏။ ထို့ကြောင့် မသိမသာ အကဲခတ်နားဆင်နေသည်က သူတို့ပြောနေသော ဆူးနှင်းဆီဆိုတာ သီသီသာမောင်နှစ်ဝမ်းကွဲ သုတကြယ်လိုက်နေသော ထိုမိန်းကလေးပဲလား။

သူ တိတိကျကျ သိချင်လာသည်ဖို့ ကော်ဖီတစ်ကျိုက်သောက်ရင်း နားစွင့်၏။

"ဟုတ်သားပဲကွ၊ ဆူးနှင်းဆီက မာန်ဘဝင်ခိုက်နေတာလေ

ပိုတယ်၊ ဟိုတစ်ရက်ကလည်း သုတကြယ်ဆိုတဲ့ တစ်ဖွေကို ခြွေလိုက်သတဲ့၊ သုတကြယ်ပေးတဲ့ပန်းဆည်းကို ဆူးနှင်းဆီက ခြေထောက်နဲ့ ခတ်မစ်လိုက်တယ်တဲ့ကွ၊ ဒီသတင်း မင်းလည်းကြားပြီးသားပဲ သဝဏ်"

သဝဏ်ဆိုသည့်လူရွယ်ကို သူငယ်ချင်းနှစ်ယောက် ဝိုင်းပြောကြသည်က ဆူးနှင်းဆီကို လက်လွှတ်ဖို့။ ဆူးနှင်းဆီဆိုတာ သုတကြယ်လိုက်နေတဲ့ ထိုမိန်းကလေးမှန်း ပိုသေချာသွားသည်။

"ကြားတော့ကြားတာပေါ့ကွာ၊ ဒါပေမဲ့ ကိုယ် ဖွဲ့ခဲ့လိုက်ကြည့်ရင် သေးတယ်"

"တားမရလည်း လိုက်ပေါ့ကွာ"

"အေး လိုက်မယ်ဆို မင်းဒီဝိုင်းပြောင်ဦး။ ဆူးနှင်းဆီက ဒီဝိုင်းလန်းမှကြိုက်တာ၊ မင်း ဝတ်ဆင်ပုံနဲ့ ဟိုက ကန်ထုတ်မှာ သေချာတယ်"

ရာစု မသိမသာကြည့်လိုက်သည်။ သဝဏ်က နားကွင်းတပ်ထားပေမယ့် တီရှပ်နှင့်သရီးကွာတာဘောင်းဘီ တွဲဝတ်ထားသော သာမန်လူငယ်လို။

ထွန်းတောက်နဲ့ဒီပက သဝဏ်ဒီဝိုင်းကို သိပ်အားမရပါ။

"ဧင်းဧင်းပြောပုံအရ ဆူးနှင်းဆီက ဒီဝိုင်းလန်းမှ မျက်စိကျတတ်သတဲ့၊ ရွှဲရွှင်ကြည့်ရင်တောင် အရပ်မြင့်တဲ့မင်းသားမှ ရွေးကြည့်သလို ဒီဝိုင်းလန်းပြီး ဆွဲအားကောင်းမင်းသားကိုမှတဲ့၊ ကိုရီးယားမင်းသားရိန်းကို သိပ်မကြိုက်ဘူး၊ အရပ်နိမ့်လို့တဲ့ကွ"

www.burmeseclassic.com

www.burmeseclassic.com

ဆူးနှင်းဆီ၏သူငယ်ချင်းသုံးယောက်ပြောစကားကို ထွန်းတောက် ကြားသည့်အတိုင်း ပြန်ပြောသည်။

ထိုအပြောအတိုင်းဆို သဝဏ် အခြွေခံရမှာ သေချာသည်။ သဝဏ်က အသားဖြူဖြူ၊ အရပ်နိမ့်နိမ့်။ မျက်နှာပေါ်ရှိ အစိတ်အပိုင်း အသီးသီးမှာ ပုံစံတကျဖြစ်ပေမယ့် ခွဲမက်ဖွယ်ဖြစ်မနေ။

"အချစ်က အရပ်နိမ့်တာနဲ့ မဆိုင်ဘူးကွ"

သဝဏ်က အချစ်ကိုဆုပ်ကိုင်ပြီး မျှော်လင့်တကြီးပြောသည်ကို ရာစုသစ် ကော်ဖီတစ်ငုံ ငုံသောက်ရင်း ပြုံးမိတ်။

အချစ်တဲ့။ ဟုတ်တာပေါ့။ မိန်းကလေးတစ်ယောက်ကိုလိုက်တာ ချစ်လို့ ကြိုက်လို့။ ဒါပဲလေ။ သဝဏ်ပြောသည့်စကားနောက် သူ အတန်ကြာသည်အထိ ပြုံးနေခဲ့ဖြစ်သည်။

"ဒါပေမဲ့ ဆူးနှင်းဆီက အချစ်ဆိုတာကို သူ့မျက်စိတော်ကျရာနဲ့ တိုင်းတယ်ဆိုရင်"

ဒီပ တွေးတွေးဆဆပြောတ်။ သို့သော် စကားမဆုံးပါ။ ထွန်းတောက်က လက်ကာဟန့်၍ –

"ဘာပဲဖြစ်ဖြစ် အချစ်က အစ, ဒီဘိုင်းက အလယ်, လန်းတဲ့မူဟန် အဆုံးထိ အဖက်ဖက်က အားဖြည့်ပြီးလိုက်ကွာ၊ ရတော့ မင်းကံပေါ့ကွ"

သဝဏ်ဆိုတဲ့လူရွယ်က အားတက်ဟန်နှင့် မျက်လုံးလေး

တောက်ပသွားသည်။

"ဟုတ်တယ် ထွန်းတောက်။ မင်းပြောတဲ့ Idea အတိုင်း လိုက်ရမယ်၊ ဒါမှ"

သဝဏ်စကားလုံးလေး ခေတ္တပြတ်တောက်ပြီးမှ ရင်ထဲ ကျိတ်ပြောတ်။

"ဆူးဆူးအချစ်ကိုရမှာ"

ကဗျာဆန်စွာ သဝဏ်ဆက်ပြောသည့်နောက်မှာ ရာစုသစ် နှုတ်ခမ်းပါးလေး တင်းတင်းစေ့တ်။

အချစ်

ဒါမှမဟုတ် ဆူးနှင်းဆီ၏လက်ခံမှု။

ဘယ်သူရရှိမလဲ။

ရာစုသစ် တစ်ကိုယ်တည်း စိန်ခေါ်လျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ထိုနေ့က ကားဘီးပေါက်သည်က အကြောင်းကောင်းရယ်။ မိုးသည်းနေသည်က ပို၍ အကြောင်းကောင်းစွာ။

ကော်ဖီဆိုင်ထဲ ဝင်ထိုင်ဖြစ်သည်က ဆူးနှင်းဆီ ယောကျ်ားချောချောကို မျက်စိကျတတ်မှန်း သိခွင့်ရလေသည်။

သိပ်မကြာခင် အုံမင်းရောက်လာတော့ ကားဘီးကညာလဲပြီ၏။ ထိုနောက် အုံမင်းကို ပြန်လွှတ်ပြီး သူ စိတ်စေရာအတိုင်း ဒီဇိုင်နာ ကိုကောက်ကောက်ဆီ တန်းဝင်သည်။

"ကိုကောက်၊ ကိုယ့်ကို ဒီဇိုင်းပြောင်းပေးစမ်းပါကွာ"

သူပြောလျှင် ကိုကောက်ကောက် တအံ့တသြဖြစ်၏။

ဘယ်တုန်းကမှ အလှအပပြင်ဆင်ဖို့ စိတ်မဝင်စားလှသော သူငယ်ချင်း။ ပြုန်းဆို ရောက်လာပြီး ဒီဇိုင်းပြောင်းပေးဖို့ ပြောလာတော့ မအံ့သြဘဲ မနေနိုင်။

"မင်းက ဒီဇိုင်းပြောင်းမလို့"

"ဟုတ်တယ်လေကွာ"

"ရာသီဥတုတွေ ဖောက်ပြန်နေတာ မင်းကြောင့်ထင်တယ်ကွ"

"ဟာ ဘာဆိုင်လို့လဲ"

"တစ်ခုခုတော့ ဆိုင်မယ်ထင်တယ်၊ ဒီဇိုင်းပြောင်းချင်တယ်ဆိုတော့ မရိုးတော့ဘူး။ ကဲ ဘာကွေ့စ်ရှိလို့လဲ"

"ကိုကောက်ရဲ့ဇက်ရှင်ဒီဇိုင်းပညာကို အကဲခတ်ချင်လို့"

"ပညာစမ်းတာလား ရာစု"

သူ ရယ်နေလိုက်သည်။ ကိုကောက်ကောက်က သူ့ပညာကို ထိပါးပြောလာလျှင် မကြိုက်တတ်ပေ။ ဒါကြောင့် ကိုကောက်ကောက် ဘဝင်ကျစေမယ့်စကားလုံး ရွေးပြောရသည်။

"အားပေးချင်တာကွ"

"အိုကေ"

ကိုကောက်ကောက် သဘောတွေ့ဖြစ်၏။ ထို့နောက် သူ့ပုံစံကို သေချာကြည့်သည်။ အရပ်မြင့်သောသူက ကိုယ်နေဟန်စမတ်ကျ၏။ ခန္ဓာကိုယ်အချိုးအဆစ် ပုံစံကျ၏။

www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်၍ ခါးမတ်ကာ ပေါင်တံတဖြောင့်တည်းထားပြီး လင်းလျှောက်သော သူ့ဟန်က နဂိုကတည်းက ဆွဲအားပါပြီသား။

ခန္ဓာကိုယ်အချိုးအစားအလှတွေ ပေါ်လွင်စေဖို့ ကိုကောက်ကောက် ဖက်ရှင်ဒီဖိုင်းထွင်ပေးတယ်။

ကိုယ်နှင့် အတိအကပ် အင်္ကျီလေးများက ခပ်ရိုးရိုးပုံစံမဟုတ်ပါ။ လည်ပင်းကအစ သူနဲ့လိုက်ဖက်သော ဒီဇိုက်ပုံ။ ဖျော့တော့၍ လွင်မြူနေသော ဖက်ရှင်ကာလာရောင်က သူ့အသားအရေကိုပါ ထင်ပေါ်စေသည်။

ပန်းနုဖျော့ရောင်ပြေးသော သူ့အသားအရေက သာမန်အသားလှသူများထက် နှာတစ်ဖျားသာသည်။

ဖက်ရှင်နှင့်လိုက်ဖက်အောင် ဖန်စီပစ္စည်းကလေးများပါ ရွေးချယ်ဆင်ပေးသော ကိုကောက်ကောက်က ဆံပင်ပုံစံပါ တစ်ပါတည်း ပြောင်းလဲပေးပြန်ပြီး –

မျက်နှာကိုလည်း ချေးချွတ်ပေါင်းတင်ရံမက ပါးခြိုင်းမွေးနှုတ်ခမ်းမွေး ရိတ်သင်တာကအစ ပုံစံကျ သပေးတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။

ရေမွေး၊ ချိုင်းလိမ်းဆီနှင့် လိုရှိုး ဘာညာအစအဆုံး ရွေးချယ်ပေးခဲ့သည်။

ကျားကျားလျားလျားနေလာသော သူ့ခမျာ ကိုကောက်ကောက်

ခံယူညာစွမ်းကြောင့် အလှအပတွေပြုထွက်ကာ အနုံအသက်ကအစ ရှုချင်ခိုက်ချင်ဖွယ် ပြောင်းလဲသွားတယ်။

အထူးသဖြင့် သူ့ဆံပင်ဒီဇိုင်း။

ဘေးဘက်နားတွေ ပွပွကာ ခပ်ကားကား ဆန့်ထွက်နေပြီး အလယ်မှာ ထောင်ကြွနေပုံက ဆန်းလွန်းနေသည်။

ပြောင်းလဲနေတဲ့ သူ့ပုံကိုကြည့်ပြီး သူရွှက်နေသေး။ တစ်ယောက်ယောက်မြင်သွားရင် ဆိုသည့်အသိနှင့် မလုံမလဲဖြစ်ရသည်။

ဆူနှင်းဆီကြောင့် သူ့ကိုယ်သူ ထိမှ်ထိ ပြောင်းလဲလိုက်ကြောင်း သိလျှင် ဘာပြောကြမည်နည်း။

သူ့ကိုယ်သူ မလုံသည့်စိတ်နှင့် ငြိမ်ကုပ်နေမိသည်။

"ရာစု"

တံခါးခေါက်သံနှင့်အတူ ခေါ်ဆိုသည့် အံ့မင်းအသံ။ ရာစုသစ်သူ့ကိုယ်သူ မာန်လေးတင်၍ –

"ဝင်ခဲ့လေကွာ"

ဟု ပုံမှန်အတိုင်း ဆိုလိုက်သည်။

အံ့မင်း အနီရောင်ဖိုင်တွဲတစ်ခု ကိုင်ပြီး ဝင်လာသည်။ ဖိုင်တွဲကို သူ့လက်ထဲ ထိုးပေးရင်း –

"ခြောက်လပတ် ငွေစာရင်းရှင်းတမ်း။ မင်း ပြန်စစ်ကြည့်ဦး"

"စစ်ရမှာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ မင်း ဘာစိတ်ကူးနဲ့ ဒီဖိုင်းသစ်ထားတာလဲ"

အံ့မင်း အားမနာတမ်းမေးလျှင် သူ့မျက်နှာ ရဲခနဲ့ အရောင်ပြောင်းပြီး –

"ကျွတ် ဘာဖြစ်လဲကွာ"

သူ့စိတ်သူ မလုံခြုံစွာ ပြော၏။ အံ့မင်းက ပခုံးလေးပင့်ကာ သူ့မူပိုင်ဟန်အတိုင်း အသံထွက်ရယ်မောသည်။

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ မင်း တအားလန်းလာတယ်ပြီးတော့ တအားပွေးလာတယ်၊ အကြောင်းရှိမယ်မဟုတ်လား။ ကဲ ပြော ဘာအကြောင်းလဲ"

အံ့မင်း အတင်းအကျပ်မေးရင်း သူ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်လေသည်။ သူ မဖြေချင်။ မျက်နှာကိုလွှဲ၍ ဖိုင်တွဲကို လှန်လျောနေလိုက်သည်။

"ခန့်ပိုင်ဖုန်းဆက်လာလို့ မင်း ဒီဖိုင်းပြောင်းထားတဲ့အကြောင်း ငါပြောလိုက်တယ်ကွ"

"ဟာ မဆိုင်တာတွေကွာ"

"ဆိုင်တာပေါ့ကွ၊ သူငယ်ချင်းအရင်းကြီး ဒီလောက်ပြောင်းလဲနေတာ၊ ခန့်ပိုင်မြင်ရင် လူမှားနိုင်တယ်ကွ၊ ဒါကြောင့် ကြိုပြောတာ၊ ခန့်ပိုင်တို့ အခု ဖူးခက်ကနေ ဘန်ကောက်ရောက်နေတယ်၊ ဘန်ကောက်မှာ သီသီသာသာနှင်းယိုရှိနေတော့ တစ်ပတ်လောက် နေဦးမယ်တဲ့၊ အဲ

ဒီးကိုပြောထားတာ၊ တော်ကြာ ခွင့်ရက်လွန်နေပြီလို့ မင်းပြောနေမှာစိုးလို့တဲ့"

"ပြောစရာလားကွာ"

"သူငယ်ချင်းအနေနဲ့မပြောရင်လည်း အလုပ်ရှင်အနေနဲ့ ပြောရင်"

"ကျွတ်၊ ဘာပြောစရာရှိလဲ၊ တစ်ပတ်မကဘူး တစ်လနေနေကွာ"

"ဟုတ်ပါတယ်၊ ငါလည်း ခန့်ပိုင်ကိုပြောလိုက်ပါတယ်၊ ပျော်သလောက်နေပါလို့၊ ဟန်းနီးမွန်းမဟုတ်လား။ အေး ပြန်လာရင်သာရာစုကို လူမှားနေမှာစိုးလို့၊ အဲဒါ ကြိုပြောဖြစ်တာ၊ ဒါနဲ့ မင်းစိတ်ထဲဘာတွေဖြစ်နေတာလဲ၊ မင်းမေမေ မင်းအပြောင်းအလဲကို ဘာမှမပြောဘူးလား"

"မေမေက သဘောတောင်ကျသေး"

"အိုကေ၊ ငါလည်း သဘောကျတယ်"

"ဘာကွ"

အံ့မင်း စပ်ဖြဲဖြဲမျက်နှာကြီးနှင့် ရိသလိုပြောတာမို့ ရာစုသစ်စားသွားသည်။ အံ့မင်း ရယ်မောရင်း –

"ဟုတ်တယ်လေ၊ ငါက မင်းသူငယ်ချင်း။ မင်း ချောလေ မင်း လန်းလေ သဘောကျလေပဲ၊ အေး မင်းချည်းလန်းနေလို့ မရဘူး

www.burmeseclassic.com

www.burmeseclassic.com

အစောကိုလည်း ပြင်ပေးဦး။ ဒါမှ လိုက်ဖက်ညီမယ်ကွ၊ မင်းက လန်းနေ
အစောက ပုံတုံးကြီးဖြစ်နေရင် ကြည့်မကောင်းဘူး''

အုံမင်းစကားမဆုံးခင် သူ ခေါင်းယမ်းလိုက်သည်။

''ကဲ မင်းသွားတော့၊ ကိုယ် စာရင်းစစ်ဦးမယ်''

''အိုကေ''

အုံမင်း ရှိုးခနဲ လေပါချွန်ပြီး ထထွက်သွားမှ ရာစု အသက်
အောင် ရှူဖြစ်သည်။

သူနှင့် အစော

အားလုံးထင်ကြသလို မဟုတ်ဘူးဆိုတာ သူသာ သိသည်
သို့သော်။

✿ ✿ ✿

အခန်း (၇)

''မေမေရေ''

ပေါ်တီကိုအောက်မှာ ကားလေးထိုးရပ်ပြီးသည်နှင့် ဦးစွာ မေမေ့
ကို ခေါ်လိုက်တ။ ဤသည်မှာ သူ့ထုံးစံရယ်။

ဂျာနယ်တိုက်မှ သူ ပြန်ချိန်တိုင်း မေမေ စောင့်ကြိုနေက။
''မေမေရှိပါတယ် သားကြီးရဲ့'' ဟု လိုက်လိုက်လဲလဲ မေမေဆိုကာ သူ့
ကို အားကိုးတကြီးဖက်ထားတတ်တ။ သူကလည်း နွေးထွေးစွာ မေမေ့ကို
ပြန်ဖက်၍ ဒီနေ့တစ်နေ့လုံး မေမေ ဘယ်လိုနေသည်ကိုမေးသည်။ မေမေ
လည်း ဖြေသည်။ ဒီနေ့တော့ မေမေ တုံ့ပြန်ထူးသံမကြားရပေ။

''မေမေ''

www.burmeseclassic.com

www.burmeseclassic.com

သူ ကားပေါ်က ကမန်းကတန်းဆင်းရင်း ခေါ်ပြန်သည်။

"သားကြီး မေမေ အခန်းထဲမှာ"

မေမေ့အသံလေး မသိမသာ လုံးထွေးကာ ထွက်ပေါ်လာ
သူ စိတ်အေးသွားသည်။

ပခုံးသိုင်းလွယ်ထားသော ကြိုးရှည်တပ် သားရေအိတ်အနက်
ရောင်ကို ချွတ်ပြီး ဘုရားခန်းနှင့်ကပ်လျက်ရှိသော မေမေ့အခန်း
တန်းဝင်သည်။

မေမေ့ကို မွေ့ရာပေါ်လှဲလျောင်းလျက်သားမြင်လျှင် သူ စိုးရိ
သွားပြီး သားရေအိတ်ကို နီးရာစားပွဲပေါ်တင်၍ -

"မေမေ ဘာဖြစ်လို့လဲ"

ဟုမေးရင်း မေမေ့အနီး သုတ်ခနဲသွားကာ နဖူးပြင်ကို
လက်တင်စမ်းတော်။ မေမေ့နဖူးက နွေးနေဆဲ။ သို့သော် မေမေ ခပ်နွေး
နွေးလေး ပြုံးပြီး -

"မေမေ့ဘယ်လက်က နည်းနည်းကျဉ်လို့ သားကြီးရယ်"

"ဟင် လက်ကျဉ်တယ်၊ ဟုတ်လား မေမေ၊ ဘာလို့ သား
ဖုန်းမဆက်တာလဲ၊ ဆေးခန်းလည်း သွားဖို့လိုတယ်လေ၊ ဒေါက်တ
ခင်ဇော် ပြောထားတယ်မဟုတ်လား မေမေ၊ တစ်ခုခုဖြစ်တာနဲ့ ဆေးခ
လာဖို့"

သူ စိုးရိမ်တကြီးပြောရင်း မေမေ့မွေ့ရာမှာ တင်ပါးလွဲထိုင်သည်

မေမေ့ဘယ်လက်ကို ယူကြည့်လျှင် မေမေ ပြုံးတယ်။ သူ့မျက်နှာလေးကို
သည်း ကြည်နူးစွာကြည့်ပြီး -

"မေမေ သိပါတယ် သားကြီးရယ်"

"ဒါဆို ဆေးခန်းသွားမယ် မေမေ၊ ကြာနေရင် မကောင်းဘူး
မေမေ နောက်တစ်ကြိမ် လေဖိမှာစိုးရတယ်၊ ဒါကြောင့် ဘာမဆို ဖြစ်ရင်
သားကိုဖုန်းဆက်ဖို့ ပြောထားတာ၊ မေမေ့လောက် သားအတွက် ဘာမှ
ရေးမကြီးဘူး"

သူ့ရင်ထဲကဆန္ဒအတိုင်းပြောလျှင် မေမေ့မျက်ဝန်းမှာ မျက်ရည်
ဝဲဖြာသွားသည်။

ဒေါ်မိမိမင်း ဝမ်းနည်းလို့ မျက်ရည်ဝဲခြင်းမဟုတ်ပါ။ သူမအပေါ်
ရှိုက်လွန်းတဲ့ သားကြီး၏ပူပန်စိတ်ကို မြင်ရသောကြောင့် ကြည်နူး
ကျနပ်စွာ မျက်ရည်တို့ဝဲလာခြင်း ဖြစ်သည်။

မေမေ မသိမသာ သက်မချ -

"မေမေလည်း ဂရုစိုက်ပါတယ် သားကြီးရယ်"

"အဲဒါဆို ဘာဖြစ်လို့ သားကို ဖုန်းမဆက်ဘဲနေတာလဲ"

"အစောရှိတယ်လေ သားကြီးရဲ့"

မေမေ့စကားအဆုံးမှာ သူ့ရင်ထဲက စိုးရိမ်မှုတွေ ဒီရေလို ဝေါ
ကျသွားလေသည်။

"အစောက မေမေ့ကို ပစ်မထားပါဘူး။ ဒေါက်တာကို ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်၊ ကိုခင်ဇော်က ဆေးခန်းနားချိန်ပို့ မေမေ့ဆီ ချက်ချင်းလာတယ်၊ သေချာစစ်ဆေးပေးတယ်၊ အားလုံး ပုံမှန်ပဲ၊ လက်ကျဉ်တာ ရောဂါကြောင့် မဟုတ်ဘူး။ ဖိစိတာမျိုးလို့လည်း ဖြစ်နိုင်တယ်တဲ့၊ ပြီးတော့ အသက်အရွယ်အရ ကြွက်သားအားနည်းတာလည်း ဖြစ်နိုင်တယ်တဲ့၊ အဲဒါနဲ့ သောက်ဆေးပေးသွားတယ်၊ မေမေ ဆေးသောက်ပြီးနားနေတာ သားရဲ့ အစောက ပရုပ်ဆီလိမ်းပေးသေးတယ်''

ဆုပ်ကိုင်ထားမိသည့် မေမေ့ဘယ်လက်အကြိုစကို မတင်ပြီး သူ့နှာခေါင်းနား ကပ်လိုက်သည်။ ပရုပ်ဆီနဲ့လေး သင်းလျက်။

''အခု အစောကော မေမေ''

''ကြာဆံချက် ချက်ဖို့ ဟိုဘက်ခြံကူးသွားတယ်၊ မေမေက ဒီမှာပဲ ချက်ပါဆို မရဘူး''

''မေမေ့အတွက်လား''

''ဟုတ်တယ်၊ ထမင်းစားချင်စိတ် မရှိသလိုဘဲ သားကြီးရယ်၊ အဲဒါနဲ့''

သူ ခေါင်းလေးညိတ်ကာ အစောတို့ခြံဘက်ဆီ ပွင့်နေသော မေမေ့အခန်းပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။

အစောရှိသောခြံနဲ့တိုက်က သူတို့ခြံဝင်းနဲ့တိုက်ကြီးလို ခမ်းနားလှသည်။ ဒါပေမဲ့ ထိုတိုက်ထဲမှာ အစောဟာလည်း အထီးကျန်စွာ ရှင်သန်ရသူလေး။

သို့သော် မေမေ့အတွက် အစောက သူညီမနှင့်ညီထက် အားကိုးရသူဖြစ်သည်။

''သား နားလိုက်ဦး''

''ရတယ် မေမေ၊ သား မပင်ပန်းပါဘူး။ မေမေ မေးနေလေ၊ သား စောင့်ပေးမယ်''

မေမေက ပြုံးရှဲ့ ခေါင်းလေးဆတ်ပြ။ မျက်လွှာလေးပါစင်းပြီး မေးနေလျှင် သူ မသိမသာ သက်မချသည်။

ထို့နောက် သူ့သားရေအိတ်ထဲမှ လက်ကိုင်ဖုန်းထုတ်ယူပြီး သူ့ ညီမ မေတာရာကို ချက်ချင်းဖုန်းခေါ်လိုက်သည်။

''ဟဲလို ကိုကိုပြော''

''ပြော လုပ်မနေနဲ့၊ နေ့ခင်းဘက်လေး ဘာလေး မေမေ့နား လာနေလို့ မရဘူးလား''

''ဘာဖြစ်လို့လဲ ကိုကို''

''မေမေ့တယ်လက် ကျဉ်သတဲ့၊ အဲဒါ ကိုကိုလည်း အိမ်ရောက်မှ သိတာ''

''အစော မရှိဘူးလား''

''ဘာကွ''

သူ့ရင်မှာ ချက်ချင်းတင်းမာသွားသည်။

''ကိုကိုကလည်း အစောကိုထိရင် နာနေရောပဲ၊ ဘာလဲ ကိုကို

www.burmeseclassic.com

www.burmeseclassic.com

အစော ပင်ပန်းမှာစိုးလို့ မဟုတ်လား''

''တောက် မိတာရာ၊ နင် ဘာစကားပြောတာလဲ၊ အစောက ဘာလဲ၊ နင်က ဘာလဲ''

''သားကြီး''

မမေ မျက်လွှာဖွင့်ရင်း ဟန့်တားသလိုပြောသည်။ သူ လက်ကာ ဟန့်တားလိုက်ပြီး ညီမ,ဖြစ်သူကို မကျေမနပ်ပြောချ၏။

''ပြောလေ မိတာရာ၊ နင်တို့ လင်ယူ ပိန်းမယူပြီးကတည်းက မမေ့ကို ပစ်ထားသလိုနေကြတာ ကောင်းရဲလား၊ ဟိုကောင် အလင်းသစ် ပိုတောင်ဆိုးတယ်၊ မမေ့ဆီ ဖုန်းဆက်ဖော်တောင် မရဘူး၊ နင်တို့ သားသမီးအရင်းတွေက မမေ့ကို မျက်နှာလွှဲခဲပစ်သလိုနေပြီးတော့''

''ကိုကိုရယ် တာရာတို့ကို အဲလိုမပြောပါနဲ့၊ တာရာတို့က အလုပ်တစ်ဖက်နဲ့ အိမ်ထောင်တစ်ဖက်နဲ့၊ ပြီးတော့ သမီးလေးဝတီကလည်း နေမကောင်းဖြစ်နေတယ်လေ၊ အဲဒါကြောင့်''

''တော်ပြီ၊ နင်တို့ဆင်ခြေတွေက ဘယ်တော့မှ ဝိုးတယ်မရှိဘူး။ သားသမီးဖြစ်တဲ့ နင်တို့တောင် နေနိုင်ရင် အစောက ဝိုနေနိုင်တယ်၊ သူက သူစိမ်း''

''ကိုကိုရယ် အစောက အားနေတာပဲ၊ ပြီးတော့ မမေနဲ့လည်း အဖွဲ့ကျတယ်''

''ဟေး တော် တော်တော့၊ နင်တို့စကားတွေ ကြာလေ မေတ္တာ

ခေါင်းပါးလေပဲ၊ မအေသေမှ တာဝန်အရ ငိုကြမယ့်သားသမီးတွေလိုပဲ၊ ဟိုကောင့်လည်း နင်ပြောလိုက်၊ မမေ အသက်ရှိနေသေးတယ်ဆိုတာ သတိရသေးရဲ့လားလို့ တောက်''

ရာစုသစ် သည်းမခံနိုင်တော့ပါ။ တောက်ခတ်ရင်း ဖုန်းချပစ်လိုက်သည်။

''သားကြီး''

မမေ့နား ပြန်ထိုင်ကာ မမေ့လက်ဖဝါးကို ကြင်နာစွာဆုပ်ထွေးထားမိသည်။

''မမေ ဘာမှမပြောပါနဲ့၊ သူတို့ကို ဒီလောက်ပြောရုံမကဘူး။ အနားမှာရှိရင် ရိုက်လိုက်ချင်တယ် မမေ''

မမေ မသိမသာ သက်မချသလို မျက်ရည်လေးလည်းဝဲလာသည်။ ဒီတစ်ခါ ဝဲသောမျက်ရည်မှာ ဝမ်းနည်းလွန်းလို့ဖြစ်မှန်း ရာစုသစ် ခွဲခွဲခြားခြားသိ၏။

မမေ့လက်ဖဝါးကို စာနာလိုက်လဲစွာ သူ ထွေးဆုပ်လျှင် မမေ့မျက်ရည်တို့ တဝေါဝေါကျ၏။ မမေ့မျက်ရည်မြင်ရလျှင် သူ့ရင်မှာလည်း ထိထိရှရှ ခံစားရလေပြီ။

''မမေရယ်၊ သားက ညီမနဲ့ညီကို မုန်းလို့ပြောနေတာ မဟုတ်ဘူး။ သားသမီးအနေနဲ့ မမေ့အပေါ် စာနာတတ်အောင်ပြောနေတာပါ''

''မမေနားလည်ပါတယ် သားရယ်''

www.burmeseclassic.com

www.burmeseclassic.com

ရွှိက်သံနှင့် မေမေ လုံးထွေးစွာဆိုရင်း မျက်ရည်စီးကြောင်းတွေကို ပွတ်သုတ်လေသည်။

မေမေ့မျက်ရည်တွေကို သူ ကြင်နာစွာ ပွတ်သုတ်ပေးရင်း မေမေ့ရင်ထဲမှ ဝမ်းနည်းခြင်းတွေကို ဖြေလျှော့ပေးတတ်။

"မေမေ ဆာရောပေါ့။ အစောကြာဆံချက်ချက်နေတာ ပြီးပြီလား သွားကြည့်လိုက်မယ်၊ ကျက်ပြီဆို တစ်ခါတည်း ယူခဲ့မယ်"

မေမေ မျက်ရည်သုတ်ရင်း ခေါင်းညိတ်ရှာသည်။ ဥပေက္ခာပြုခံရသော သားငယ်နှင့်သမီးငယ်အတွက် ခံစားရသော ဝမ်းနည်းခြင်းအစား ကြင်နာလှိုက်လဲစွာ ပြုစုလုပ်ကိုင်ပေးသော အစောတ၏ နွေးထွေးသော မေတ္တာတရားကို တမ်းတလေသည်။

အစောဆီထွက်သွားသော သားကျော်ပြင်ကို အမြင်တစ်ဆုံးကြည့်ရင်း ဒေါ်မိမိမိုးရင်မှာ နက်နက်ရှိုင်းရှိုင်း တွေးမိလေသည်။သားကြီး အိမ်ထောင်ပြုရော။

✿ ✿ ✿

အခန်း (၈)

"အစော၊ ညည်းစိတ်က ဘာလဲ၊ ရာရာတို့မိသားစုနဲ့ ပတ်သက်လာရင် ဘာဖြစ်လို့ သွေးမအေးနိုင်ရတာလဲ"

အစောကို ဒေါ်ဥမ္မာမြင့် မကျေမချမ်းမေးတ။ ထိုမေးသံကြောင့် ရာစုသစ် ခြေလှမ်းတန့်သွားပါသည်။

အစောတို့တိုက်ဘက် သူ ကူးလာသည်က မေမေ့အတွက် ကြာဆံချက်လာယူခြင်း။

မီးဖိုဆောင်ဆီ ရာစု တန်းတန်းမတ်မတ်လာခဲ့ခါမှ မီးဖိုခန်းဆီမှ ဒေါ်ဥမ္မာမြင့်အသံ ပျံထွက်လာသည်။ ထိုအခါ သူ့ခြေလှမ်း တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အစောဖြေသံ ထွက်ပေါ်မလာ။ ဒေါ်ဥမ္မာမြင့် ဆက်ပြောသံ ဆက်ထွက်လာ၏။

"ပြောလေ၊ မေးနေရင်ပြော၊ အုံးတစ်လစ် လုပ်မနေနဲ့ ညည်း ဘဝအတွက် ငါတို့စီစဉ်ပေးသမျှ အရာရာ နောက်ကောက်ကျကျန်နေခဲ့တယ်၊ အဲဒါ ဘာကြောင့်လဲ အစော၊ ညည်းပြောစမ်းပါအေ၊ ညည်းဒယ်ဒီ ဘယ်လောက်စိတ်ညစ်နေတယ် ထင်လဲ ဟင်"

"အစောပြောပြီးပဲ ဒယ်ဒီ့ကို"

"အေး၊ ညည်း အဲလိုပြောလို့ ညည်းဒယ်ဒီ စိတ်ထိခိုက်နေတာ တကယ်ဆို ညည်းဒယ်ဒီစီစဉ်တဲ့သူကို ညည်း လေ့လာရမှာ၊ ဂရုစိုက်ရမှာ ခုတော့ ဒီလိုမဟုတ်ဘူး။ အန်တီစိုးမဲ့ အန်တီစို့။ ရာရာမှ ရာရာဆိုတာ ဖြစ်နေတာ ညည်း ဘာကိုမျှော်လင့်နေလို့လဲ"

ထိုမေးခွန်းက သူ့ရင်ကို တင်းကျပ်သွားစေသည်။ အစော ဘယ်လိုနေမည်မသိပါ။ သို့သော် ဘာသံမှ ထွက်မလာ။

ကြားနေသူ သူ့အဖို့ ဘေးဖယ်နေလို့လည်း မရ ရှေ့တိုးဖို့လည်း စိတ်က အလေးမသာ။

"ညည်း ဦးနှောက်သုံးပြီးစဉ်းစားစမ်းပါ အစောရယ်၊ ငါက ဒီလို မေးနေ၊ ပြောနေတာ တစ်ဖက်ကကြားသွားရင် မကောင်းဘူး။ မိတွေး ပိတိ ဖိဖိစီးစီးပြောတယ် ဘာညာဖြစ်လာဦးမယ်၊ မပြောဘဲနေတော့လည်း ညည်း နည်းနည်းမှ အလေးမထားဘူး၊ ကဲ ပြော၊ အဲဒီကိစ္စ ညည်း

ဒယ်ဒီကို အန်တီမြင့် ဘယ်လိုအကြောင်းပြန်ပေးရမလဲ"

"လောင်းရိပ်ကို အစော မချစ်ဘူး အန်တီမြင့်"

"ဘုရားရေ"

အန်တီမြင့် အသံကျယ်ကျယ်နှင့် ဘုရားတသလို သူ့ရင်အုံမှာ တစ်ခုခုလာမှန်သလို ဒုတ်ခနဲ မြည်ဟည်းသွား၏။

လောင်းရိပ်။

လောင်းရိပ်ဆိုတာ သူ့လိုပဲ ရွှမ်ဖြောင့်သလို အစောဒယ်ဒီ၏ ကျောက်မျက်ရတနာလုပ်ငန်းမှာ အားထားရသော လက်ရုံးတစ်ဆူ။

လောင်းရိပ်နဲ့စီစဉ်တဲ့ကိစ္စ သူ မသိရှိးအမှန်။

ဟိုတစ်နေ့က သူ့အခန်းထဲ အစောရောက်လာတာ ဒီကိစ္စ ပြောဆိုတိုင်ပင်ဖို့ ဖြစ်မည်။ သူ့ဘက်က တင်းမာသွားတဲ့အပေါ် အစော မြို့ထားလိုက်ခြင်းဖြစ်ဟန် တူသည်။

ခုမှ ဘွားခနဲသိရတော့ သူ့ရင်မှာ တစ်မျိုးကြီး။

"နေစမ်းပါဦး၊ လောင်းရိပ်ကို မချစ်ဘူးဆိုတော့ ညည်းမှာ ချစ်ရမယ့်သူများ ရှိနေသလား"

အစောဖြေသံ ထွက်မလာ။

သူ့ရင်အခုန် မြန်သွားသည်။ အစောက ကူးခြေမမျက်ဘဲ ဂက်စ်မီးဖိုပေါ်မှ ကြာဆံချက်အိုးကို ဂရုတစိုက်ချ၏။

ဒေါ်ဥမ္မာမြင့် စူးစူးစိုက်စိုက်ကြည့်ရင်း မရအရမေးခဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ၊ ညည်းမှာ ချစ်ရမယ့်သူရှိနေလို့လား"

ထိုမေးခွန်းနောက်မှာ အငွေ့တထောင်းထောင်းထနေသော ကြာဆံချက်အိုးကို စူးစူးကြည့်ရင်း အစောမျက်ဝန်းထဲမှာ ရီဝေစွတ်စိုလွှမ်းသည်။

အန်တီမြင့်မေးခွန်းကို အစော ဘယ်လိုပြန်ဖြေမလဲ။ သူ နားမလည်ရဲဖြစ်လေသည်။

ဒါကြောင့် အစောမဖြေသေးခင် သူ နောက်ကြောင်းပြန်လှည့်တိုး

✿ ✿ ✿

အခန်း (၉)

"အစောကော"

သူတစ်ယောက်တည်း အခန်းထဲပြန်ဝင်ဝင်ချင်း မေမေမေး၏။ နာစုသစ် အတည်ငြိမ်ဆုံးထိန်းချုပ် ဆိုသည်။

"ကြာဆံချက် ယူလာနေတယ် မေမေ"

ထိုအခါ မေမေမျက်နှာလေး လန်းဆန်းကြည်နူးသွား၏။ သိပ်မကြာပါဘူး –

"အန်တီစိုးရေ ဆာနေပြီလား"

လှိုက်လှဲသောမေးသံနှင့်အတူ အငွေ့တထောင်းထောင်းထနေသော ကြာဆံချက်ပန်းကန်ကိုင်ပြီး မေမေ့အိပ်ခန်းဆီ အစော တန်းတင်လာ

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သူနှင့် အကြည့်ချင်းဆုံသွားလျှင် အစောခြေလှမ်းလေး
သွားပါသည်။

"ဆာနေပြီ အစောလေးရယ်"

မေမေပြောရင်း လဲလျောင်းနေရာမှ ထသည်။ အစောက သူ့
မှ အကြည့်ရပ်သိမ်းပြီး မေမေ့ရှေ့တိုးလျှင် သူ အလိုက်သိစွာ ဖယ်
လိုက်သည်။

မီးဖိုခန်းထဲတွင် အန်တီမြင့်နှင့်အစော ပြောနေတဲ့အကြေ
အရောက ပူပူနွေးနွေး သူသိထားဆဲမို့ သူတို့နှစ်ယောက် စိတ်တွင်း
မလုံမလဲ ဖြစ်နေရပါသည်။ မလုံမလဲစိတ်နှင့် နှုတ်ဆိတ်ဆိတ်ဖြစ်လျ
သို့သော် အခြေအနေအရ သူ့ဘက်က နှုတ်ဆိတ်နေ၍ မဖြစ်
မေမေ ကြာဆံချက်စားဖို့ စားပွဲပေါ်ပြင်ဆင်နေသည့်အစောကို
မမှိတ်မသုန်ကြည့်ရင်း -

"အစော၊ နင် ငါ့ဆီ ဖုန်းဆက်လိုက်တာမဟုတ်ဘူး"

"အခု နင်ရောက်နေပြီပဲ"

ဟု မပွင့်တပွင့်ပြောသည်။ ဒီလို မပွင့်တပွင့်ပြောတော့
စိတ်မှာ အားမလိုအားမရ ဖြစ်လာသည်။

အစောသည် စကားပြောလျှင် အင်ပြည့်အားပြည့်နှင့် လို
လိုက်လဲလဲ ရှိတတ်သည်။ ခုတော့ အရင်လို ပြောဆိုပုံမျိုးမဟုတ်
သူ့စိတ်တွင် ဘဝင်မကျဖြစ်ပါ၏။

"ဟုတ်သားပဲ သားကြီးရယ်၊ မေမေလည်း ဆိုးဆိုးဝါးဝါးဖြစ်တာ
ဟုတ်ဘဲ"

သူနဲ့အစောဆိုရင် ဒီလို တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေတာမျိုး
ယ်တုန်းကမှ မရှိခဲ့ပါ။

အစောက ပေါက်ပေါက်ဖောက်သလို စကားပြောဝံတ်၏။ သူက
စောပြောသမျှ နားထောင်ပြီး ပြန်ပြောခြင်းဖြင့် ဆူဆူညံညံဖြစ်နေသည်
။ ခုလို မလုံမလဲနှင့် တိတ်ဆိတ်နေကြတော့ မေမေက ဝင်ပြောခြင်း။

"အန်တီမိုး စားလေ ပူနေတုန်း"

"အေးပါသမီးရယ်၊ သားကြီးလည်း မေမေနဲ့ ဝိုင်းစားပါလား

မေမေက အိပ်ရာပေါ်မှ စားပွဲခုံပြောင်းထိုင်ရင်း ပြောသည်။
ဘာမှပြန်မပြောရသေးခင် အစော ဖျတ်ခနဲ ဝင်ပြော၏။

"ဒါ အန်တီမိုးတစ်ယောက်စာပဲ၊ နင်စားချင်ရင် ဒေါ်ခူးကို
ိုင်းလိုက်"

ထိုစကားက သူ့ရင်ကို ဖိစီးသွားစေသည်။ ဒေါ်ခူးဆိုတာ သူတို့
က် မီးဖိုဆောင်တာဝန်ယူတဲ့ အဒေါ်ကြီးပါ။

ဘယ်တုန်းကမှ အစောဟာ သူ့ကို ကွက်ချန်လေ့မရှိပါ။

မေမေ လေထိပ်ကြီးကတည်းက အပြင်စာ ခံတွင်းမတည့်တော့ပါ
ချင်သမျှကို အစောကိုယ်တိုင် မေမေခံတွင်းတည့်အောင် လုပ်ပေး
နေ

www.burmeseclassic.com

www.burmeseclassic.com

ကျ။ မေမေ့အတွက် လုပ်ပေးတိုင်း သူ့အတွက်လည်းပါပါသည်။

ဒီတစ်ခါ သူ့ကိုချန်ထားသော အစောစီတ်ကို သူ တအံ့
ဖြစ်ရလေသည်။ ဒါ ဘာကြောင့်လဲ။

သူရဲ့ပြောင်းလဲမှုကို အစော တန်ပြန် တုံ့ပြန်ခြင်းလား

"ဟုတ်သားပဲ သားရယ်၊ ခေါ်ခွေးကို ပြုတ်ခိုင်းလိုက်လေ၊ အ
က ကမန်းကတန်းဗို့ မေမေ့အတွက်ပဲ ပြုတ်မိသွားတာ"

"ရပါတယ် မေမေ၊ မေမေပဲစားပါ၊ အစော ပြန်ချင်ပြီ
ငါ မေမေ့နားမှာ ရှိနေမယ်"

"ရတယ် အန်တီစိုးစားပြီးမှ"

အစောက တုံးတိတိပြောရင်း မျက်နှာလွှဲသည်။

"သားကြီး အပေါ်တက်ပြီး ခဏနားပါဦးလား။ အစောပြီ
သားကြီးကို မေမေခေါ်မယ်လေ၊ ဟုတ်ပြီလား"

မေမေက နှစ်ယောက်သားကြားရှိ ပြောင်းလဲမှုတွေ ပြေ
လာစေဖို့ ပြောဆိုရင်း ကြာဆံချက် စတင်စားလေသည်။

သူ ခေါင်းညိတ်၍ မေမေ့အခန်းထဲမှ ထွက်ခွာခဲ့သည်။

သို့ပေမယ့် အစောကို လည်ပြန်မကြည့်ဘဲ မနေနိုင်။

သူ ကြည့်မှန်းသိလျှင် အစောက မျက်နှာလေး ပိုပိုသ
လွှဲချေသည်။ ဒါ ဘာကြောင့်လဲ။

✿ ✿ ✿

အခန်း (၁၀)

"ဟင်"

သူ့မျက်ဝန်းထောင့်မှ ဆူးနှင့်းဆီကို ရိပ်ခနဲ မြင်လိုက်ဓါ။

ခရမ်းရောင်ရင့်ရင့်နှင့် ရွှေဂါရောင် ကာလာနှစ်ရောင် ရောစပ်
သော ဖက်ရှင်သစ်နှင့်။

Apple ဗျူတီပါလာထဲ သူငယ်ချင်းသုံးယောက် ခြံရံပြီးဝင်သွား
သာ သူမလေး။

ထိုအခါ ရာစုသစ် မောင်းနှင်သောကားလေးကို ချက်ချင်း
ရိုတ်ဆွဲရပ်ပြီးသား ဖြစ်လေသည်။ သူ ကားရပ်လိုက်သောနေရာမှာ
pple နှင့် မျက်စောင်းထိုး မော်ဒန်ပန်အရောင်းစင်တာနှင့် ကပ်လျက်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းအရောင်းစင်တာဆိုင်းဘုတ်မြင်ရတော့ သူ့ခေါင်း
အတွေးတစ်ခု ဝင်လာပါသည်။ အတွေးအတိုင်း ကားပေါ်မှဆင်း
ပန်းဆိုင်ထဲ တန်းဝင်၏။

ထို့နောက် ရောင်စုံဖဲကြိုးမျှင်လေးများ စည်းနှောင်ထားသော
နှင်းဆီပန်းစည်းကို ရွေးချယ်ပယ်ပြီး ကားမောင်းသူနေရာမှာ ပြန်ထိုင်ကာ

ဒီပန်းစည်း သူမဆီရောက်အောင် ဘယ်လမ်းကြောင်းနဲ့ ပို့
ပါ့မလဲ။ သူ စဉ်းစားနေစဉ် လက်ကိုင်ဖုန်း မြည်လာသည်။

ပန်းစည်းကို လက်တစ်ဖက်ဖြင့် မွေ့ပိုက်၍ ကျန်လက်တစ်ဖ
နှင့် ဖုန်းဖွင့်ကာ –

"ဟဲလို"

"ရာရာ ငါပါကွ"

"သိတယ်၊ ပြော အံ့မင်း"

"အစောကွ"

"အစော အစော ဘာဖြစ်လဲ"

အစောနာမည် ရုတ်တရက်ကြားလျှင် ရာစုသစ်စိတ်မှာ လေ
ခံရသော သစ်ရွက်လေးလို လှုပ်သရမ်းသွား၏။

ထို့ကြောင့် ကမန်းကတန်း မေးမိ၏။ အံ့မင်းက –

"မင်းကလည်း ပြောမှာပေါ့ကွ၊ အစောနာမည်ကြားလိုက်ရ
မင်းအသံက အူယားဖားယား။

"ကဲ ပြောမှာသာ ပြောစမ်းပါကွာ"

"ပြောမယ် နားထောင်၊ ဒီမှာ ရာရာ၊ တော်ဝင်စင်တာမှာ
အစောကို အတွဲနဲ့တွဲခဲ့တယ်ကွ"

အံ့မင်းစကားများအဆုံးမှာ ရာစုသစ် တွေခနဲငြိမ်သွား၏။ ပြီးမှ

"ဘယ်သူနဲ့လဲ"

"လောင်းရိပ်"

မြူးပြူးကြွကြွပုံစံနှင့် နှုတ်ခမ်းပါးပေါ် အစဉ်အမြဲ ပြုံးရိပ်ထင်
နေတတ်သော လောင်းရိပ်မျက်နှာ မြင်ယောင်လာသည်။

ထိုအခါ သူ့မျက်ဝန်းမှာ အမှိုက်တစ်စဝင်သလို ခိုးလှုခုလု
ဖြစ်၏။

"ရာရာ"

"အေး ပြော"

"တိတ်လှုခုည်လား ရာရာ"

"အံ့သြလို့ပါကွာ"

"အံ့သြမနေနဲ့၊ မင်းလည်း လောင်းရိပ်မှာ ဘာရှိလဲဆိုတာ
သိတယ်မဟုတ်လား"

ရာစုသစ် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ ထိုလေပူထဲမှ
လောင်းရိပ် ဇကို သိပါသည်ဆိုသည့် ဝန်ခံချက်တွေ ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"လောင်းရိပ်က လူပျိုဖြစ်ပေမယ့် လူပျိုလို နေနိုင်တဲ့ကောင် မဟုတ်ဘူး ရာရာ အလုပ်ကိစ္စနဲ့ ခရီးထွက်တိုင်း အပျော်မယ်လေးတွေနဲ့ ကဲနေကြကွ၊ နောက်ပြီး အစောနဲ့ ချက်ချင်းတွဲတာ ဘာသဘောလဲ၊ အစောကရော ဘာလို့တွဲနေတာလဲ၊ မင်းကရော ဘာလို့ တွဲခွင့်ပေးရတာလဲ"

အံ့မင်းမေးခွန်းများသည် သူ့ရင်ဘတ်ဆီ သံဆူးချွန်တစ်ချပ်ပြီး တစ်ခု စိုက်ဝင်သလို နာကျင်စူးစူးဖြစ်စေသည်။

"ဒါ ဒါပဲ မဟုတ်လား အံ့မင်း"

"ဟ မင်းပြန်ပြောလေကွာ"

"ငါ ဘာပြန်ပြောရမလဲ"

"ရာရာ မင်း ဘယ်လိုဖြစ်နေတာလဲ၊ အစောက မင်းရဲ့"

"ဒါပဲမဟုတ်လား"

အံ့မင်းစကားအဆုံးထိ သူ နားမဆောင်ချင်တော့ပါ။ အံ့မင်းစကား တိခနဲပြတ်သွားအောင် သူဖြတ်ပြောရင်း ဖုန်းပိတ်ပစ်လိုက်သည်။

အစော။

သူ့ရင်ထဲမှာ အစောနာမည်ကို တိုးဖွဖွ ရွတ်ဆိုမိ၏။

ဒါ ဘာကြောင့်လဲ။ သူ့ကိုယ်သူ ပြန်မေးရင်း။

✿ ✿ ✿

အခန်း (၁၁)

"မမဆူး"

"ဘာလဲ မိသွယ်"

"မမနာမည်နဲ့ ပါဆယ်ထုပ်ရောက်နေလို့၊ မမဆူးဆီ ယူခဲ့ရ လားလို့"

ဆူးနှင်းဆီ ကိုယ်လုံးလေးလိမ်တွန့်ကာ သံစဉ်နှင့်အပြိုင် က နေရာမှ ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း"

"အဲဒါဆို ဘာလုပ်ရမလဲ မမဆူး"

မိသွယ် ပြန်မေးလျှင် ဆူးနှင်းဆီ အကာရပ်ပြီး မိသွယ်ကို

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြည့်ပါ။

မိသွယ်က အခန်းဝမှာ ယိုယိုလေးရပ်ကာ ဆူးနှင်းဆီ အပိန်ပေး စေခိုင်းသမျှ လုပ်ဆောင်ရန်အသင့် ဖြစ်နေသည်။

"ထုံးစံအတိုင်း အမိုက်တောင်းထဲထည့်လိုက်ရမလား မမဆူး"

ဝိုးကြေးပန်းကြေးရောက်လာသမျှ ပါဆယ်ထုပ်များကို ဆူးနှင်းဆီ စိတ်ဝင်တစားမရှိပါ။ ထို့ကြောင့် အမိုက်တောင်းထဲ ထည့်ခိုင်းနေကျ။

ဒါကိုသိနှင့်နေသော မိသွယ်က ဖြစ်နိုင်ခြေကို တွက်ဆမေးခြင်း ဖြစ်သည်။ ဆူးနှင်းဆီ တွေခနဲစဉ်းစားပြီးမှ –

"အေး ထည့်လိုက်"

ဒါပဲဖြေကာ ပြူးကြောသံစဉ်နှင့်အတူ ဆက်ကနေလိုက်သည်။ ဆူးနှင်းဆီက သူမ၏ခန္ဓာကိုယ်အလှကို ဂရုစိုက်သူဖြစ်သည်။ တင်နေရာ တင်၊ ခါးနေရာ ခါး၊ ရင်နေရာ ရင်။

ခန္ဓာကိုယ် အမို့အမောက်၊ အကွေ့အကိုက် ဆွဲဆောင်မှုရှိရေးသာ သူမ ဂရုစိုက်တတ်၏။

အိုးခံရတာ ရှိနေပါပြီ။ ဆူးအတွက် စိတ်ဝင်စားစရာမကောင်း လှတော့ပါ။ ဒါကြောင့် သူမရှေ့ရောက်လာသော ဘယ်သကောင့်သားကိုမှ နှစ်လိုခြင်းမရှိသလို ဒုန်းတက်ဂိုက်ဆက်တာမျိုးလည်း နားမဆင်။

ပါဆယ် ဘာညာပေးတာကိုလည်း ရင်မခုန်။

ဂီတသံပြူးပြူးလေးနှင့် ခန္ဓာကိုယ်လေ့ကျင့်ခန်းယူသော ကကွက်ကလေးများ ကပြီးသွားလျှင် ချွေးသီးကလေးများ ပြူးပြူးစိုလာသည်။

ထိုအခါ ဆူး အနားယူဖို့ စိတ်ကူးရ၏။

ဆူး အနားယူသည့်နေရာက တိုက်ကြီး၏ဘေးရှိ ရေတံခွန်တု အနားမှာ ဖြစ်သည်။

ထို ရေတံခွန်နားမှာ ပန်းဥယျာဉ်လည်း ရှိသည်လေ။

ဆူး အနားယူဖို့ ကျောဂို့မှာ သမင်ဖျံလေးပုံ ထုဖော်ထားသော ကျောက်ဆစ်ထိုင်ခုံနှင့်စားပွဲ။

ထိုစားပွဲပေါ် အနားယူရင်း စားသောက်ဖို့သစ်သီးနှင့် ဖျော်ရည်က အဆင်သင့်။ အနားယူဖို့ အားကစားလေ့ကျင့်ခန်းထဲမှ ထွက်ပြီး ဥယျာဉ်လေးဆီ ဆင်းလာခဲ့သည်။

တိုက်ဘေးပေါက်မှ ဥယျာဉ်ဆီထွက်စဉ် –

"ပြန်ပြန်ဖွင့်ကြည့်စမ်းပါ မိသွယ်ရယ်"

"ဖွင့်နေတာပဲ"

"အဟီး အရင်လို ရေမွှေးအကောင်းစားဆို ငါတို့ပြုပြီ မိသွယ်ရဲ့၊ ဆိုင်ပြန်သွင်းရင် သိန်းဂဏန်းတော့ အသာလေး"

"ဟုတ်ပါ့"

မိသွယ်နှင့်မှု အပြန်အလှန်ပြောသံကြောင့် ဆူးနှင်းဆီ ခြေလှမ်း တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သေချာတာက ပါကင်ကိစ္စ။

အမှိုက်တောင်းထဲ စွန့်ပစ်ခိုင်းသမျှ ဒင်းတို့နှစ်ယောက် စိတ်တူသဘောတူ ဖွင့်ဖောက်ပြီး ဝေစုခွဲနေကျ။

ခုမှပဲ ဆူးနှင်းဆီ ရိပ်မိတော့။

ထို့ကြောင့် တိုးတိုးသာသာပြောဆိုသံတွေ ထွက်နေသော စတိုခန်းဘက် သုတ်ခနဲ ပြန်လှည့်သည်သည်။

ဆူးနှင်းဆီ လက်တစ်ဖက်ခါးထောက်ပြီး စတိုခန်းဝမှာ ရပ်လိုက်လျှင် -

"ဟင်"

"ဟယ်"

မှုန်နှင့် မိသွယ်တို့ အာမေဋိတ်သံ။

သူတို့သခင်မလေးကို ဘွားခနဲ မြင်ရလို့မဟုတ်ပါ။ ပါကင်တွင်းမှ ထွက်ပေါ်လာသော နှင်းဆီပန်းစည်းကြောင့် ဖြစ်သည်။

နှင်းဆီပန်းစည်းဆိုသော်လည်း ပန်းတစ်ပွင့်မှ မပါပါ။ နှင်းဆီပန်းပွင့်တွေကို ညှာတံရိုးအရင်းမှ တမင်တကာ ညှပ်ပစ်ထားတာမျိုး။

ဆူးလက်ရိုးတံတွေသာ ဖဲကြိုးမျှင်ရောင်စုံဖြင့် စည်းနှောင်ထားသည့် ဆူးရိုးချည်း။

မိသွယ်နှင့်မှုသာမက မထင်မှတ်တဲ့ မြင်ရသော ဆူးနှင်းဆီတို့ နှုတ်ခမ်းလေး ပိုင်းစက်သွားတော့။

"ဘယ်လိုကြီးလဲဟ"

မိသွယ်တို့အသံ။ မှုမှုကလည်း ဆူးစည်းကို ယူကြည့်ရင်း -

"ဟုတ်ပါ့ဟယ်၊ ပန်းစည်းကလည်း ပန်းတစ်ပွင့်မှမပါဘူး။ ဒါသက်သက်မဲ့ မမဆူးကို စော်ကားလိုက်တာပဲ"

"ဟုတ်တယ်၊ ဟဲ့ နေဦး။ ဖဲကြိုးနားမှာ ကတ်တစ်ကတ်ပါတယ်"

မှုမှုလက်ထဲမှ နှင်းဆီဆူးရိုးတံစည်းကို ဆွဲယူကြည့်ရင်း မိသွယ်ပြောတော့။

ထိုအခါ ဆူးနှင်းဆီ တွေမနေတော့ပါ။

မိသွယ်နှင့်မှုမှု ခေါင်းချင်းဝှေ့ပြီး ကတ်ကိုဆွဲယူဖတ်ကြည့်လျှင် ဆူးနှင်းဆီ ရှေ့တိုးသွားတော့။ ထို့နောက် ဆတ်ခနဲ ဆွဲယူလျှင် -

"အို"

အိမ်ဖော်မလေးနှစ်ယောက် လန့်ဖျပ်သွားတော့။ မယုံနိုင်အောင်ဖြစ်ကာ သူတို့လုပ်ရပ်အတွက် မလုံခြုံသောစိတ်ဖြင့် မျက်နှာတို့ မှောင်ကျသွားလေသည်။

ထိုနှစ်ယောက်ကို ဆူးနှင်းဆီအပြစ်ပြောဖို့ထက် ဒီပန်းစည်းပိုင်ရှင် ဘယ်သူဆိုတာ အငမ်းမရသိချင်လာသည်။

သို့ဖို့ကြောင့် ဆူးစည်းမှ ကတ်လေးကို ဆွဲဖြုတ်ကြည့်တော့။

အဖြူခံမှာ ငွေရောင်ဖြင့် ရေးထားသော ဖောင်ကြွစာလုံးလုံးနှင့် ဖုန်းနံပါတ်တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ဆူးနှင်းဆီမျက်ဝန်းမှာ ဆူးခက်တွေလိုပင် စူးစူးရှရှ ထိုးထိုးထောင်ထောင်ဖြစ်သော မာနတို့ ထကြွလာ၏။

တွေ့ကြသေးတာပဲ။

✿ ✿ ✿

အခန်း (၁၂)

"တီ"

မြည်နေသောလက်ကိုင်ဖုန်းကို ရာစုသစ် ကောက်ကြည့်လိုက်သည်။ ပေကျာပေါ်မှာ ပေါ်နေသောနံပါတ်က သူ မရင်းနှီးသောနံပါတ်။

ဘယ်သူခေါ်ဆိုတာပါလိမ့်။ ထိုအမေးနောက်မှာ အဖြေက သူ့အလိုလို ပေါ်လာသည်။

ဆူးနှင်းဆီ။

ကိုယ်စထားတဲ့ဇာတ်လမ်း ဘယ်အထိလိုက်လာမလဲ ဆိုတာ ရာစုသစ် ခန့်မှန်းပြီးသားဖြစ်၏ မဟုတ်လား။

ထို့ကြောင့် တမင်တကာဖင် ဖုန်းပြန်မထူးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်အားရပြီးကာ သူ့လက်ကိုင်ဖုန်းကို စက်ပိတ်လိုက်သည်
ထိုအခါ တစ်ဖက်မှ ဖုန်းခေါ်သူ ဆတ်ဆတ်ထိမခံ တင်းသွားမှာ သေ
သည်။

တင်းပလေ့စေ့။

တစ်ဖက်က တင်းလေ ရာစုသစ် ကျိတ်မြုံးလေ။ စက်ပိတ်
ဘောင်းဘီအိတ်ထဲ လက်ကိုင်ဖုန်းထိုးထည့်ကာ တစ်ဖက်ခြံ ကူးသည်

တိုက်ကြီးဘေးဘက် မှင့်နေသော ဘာဂျာတံခါးပေါက်မှ တိုး
ကြီးထဲ တန်းဝင်ခဲ့သည်။

ဧည့်ခန်းဆောင်အနောက်ဘက် ထောင့်ချိုးတွင် အခန်းကျဉ်း
နှစ်ခန်းရှိသည်။ တစ်ခန်းက စတိုခန်း၊ ကျန်တစ်ခန်းက အစောအခ
အရင်ဆုံး မီးဖိုဆောင်ဘက် ငဲ့ကြည့်လိုက်သည်။

မီးဖိုဆောင်မှာ အစောအရိပ်လေး မမြင်ရ။ မီးဖိုဆောင်
မရှိဘူးဆိုရင် အခန်းထဲ ရှိတန်ကောင်းရဲ့။

ဒါကြောင့် အစောအခန်းရှေ့ ခြေလှမ်းရွေ့တိုး၏။ ခပ်ဟ
ဖြစ်နေသော ကျွန်းတံခါးမှ ခေါင်းလေးထိုးကာ အခန်းထဲ ချောင်းကြည့်
သည်။

"ဟင်"

မြင်ကွင်းက ရာစုသစ်မျက်လုံးကို အံ့သြသွားစေသည်။ အစော
က မှန်တင်ခုံရှေ့မှာ ထိုင်နေသည်။ အစောမိထွေးတော် ဒေါ်ဥမ္မာမြင့်ထ

အစောကို အလှမြင်ပေးနေသည်။

ဘဲဥပုံသွယ်သော အစောမျက်နှာပါးလေးက မိတ်ကပ်တင်ရံ
လေး လိမ်းထားပေမယ့် ဖူးမှုန်ကြွေ။ ပန်းနုရောင်ပြေးလွှမ်းကာလာကြောင့်
ဒါးဝိုလေး ပို့ကြွပြီး နှုတ်ခမ်းသားတို့ အိအိထွေးကာ ဆံပင်ပိတုန်းရောင်
လေးဟာ အလျားလိုက်ချထားတဲ့အတိုင်း ကျောပြင်ပြန့်ပြန့်ပေါ် ဖိတ်ဖိတ်
ထဲ့လွှက်။

ဝတ်ဆင်နေသော ဂါဝန်ပြာပြာဝတ်ဆင်ကာ ခပ်ရိုးရိုးမဟုတ်။
ဒီသောပြောင်ပေါ် ထပ်တင်ကာ ဒီဇိုင်းထွင်ထားသော ခေတ်မီပုံစံမျိုး။
လည်ပင်းအထောင်ပုံစံအပေါ်မှာ ပုလဲရတနာဆင်လျှင် ပုလဲနှင့်
ဂါဝန်ပြာရောင် ကူးကူးလူးလူး ရောင်ပြန်ဟပ်နေသည်မှာ အစောမျက်နှာ
လေးကို ပို၍ တောက်ပြောင်ဝင့်ရွှန်းသွားပေပြီး။

"ကဲ အစောလေး။ မှန်မှာသေချာကြည့်ဦး။ အန်တီမြင့်ပြင်ပေး
တာ ဟုတ်ပြီလား"

အန်တီမြင့် ကျေနပ်အားရမေးသံကြားမှ ရာစုသစ် ဆတ်ခနဲ
ငြိမ်ကာ အသိဝင်လာသည်။

အစောက ကိုယ်လုံးပေါ်မှန်ရှေ့မှာ သူမမျက်နှာနှင့် တစ်ကိုယ်လုံး
ကို ခြုံကြည့်၏။ ရာစုသစ် မျက်မှောင်ကုတ်ကုတ်ဖြစ်ရလေသည်။

အစောကို ဘာကြောင့်အလှပြင်ပေးနေရတာလဲ။

ရာစုသစ် သိချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရပါပြီ အန်တီမြင့်ရယ်"

"အေး ဟိုရောက်ရင် မျက်နှာပြူးပြဲးလေးထား။ ဟုတ်ပြီလား"

အစောနွတ်ခမ်းလေးဟာ ဟန်ဆောင်ပြုံးမထားချင်သလို တွေ့ တ်။ ဒေါ်ဥမ္မာမြင့်က အဲဒါကို သိပ်အားမရပါ။

"အစောလေး အန်တီမြင့်က အစောလေးကို သမီးရင်း သဘောထားတယ်၊ အစောလေးဘဝကို ချမ်းချမ်းသာသာ, ပြည့်ပြည့် ဖြစ်စေချင်တယ်၊ အဲဒါကြောင့် အစောလေးကို ဖိအားပေးနေရတာ အစောလေးဘဝ ပြည့်စုံနေရင် အစောဒယ်ဒီ စိတ်ချမ်းသာမယ် မဟုတ် လား"

အစောက မသိမသာ သက်မလေးချသည်။ သူမမျက်နှာပေါ် မလုပ်ချင်သောအလုပ်တစ်ခုကို ဖိအားပေးခံရလို့ လုပ်ဆောင်ရသူတစ် နယ် မကြည်လင်။ မှုန်တိမှုန်ဝါးနှင့် ရွှဲရွှဲထွေးထွေး ဖြစ်နေပါသည်

အန်တီမြင့်က ဘာတွေဖိအားပေးပြီး ဘာတွေလုပ်ဆောင်နိုင် နေတာလဲ။

"ရော့ အစော၊ ဒီလက်ဆွဲအိတ် ကိုင်ဦး"

ဖန်စီလုံးကလေးများကို လက်ဖြင့်ထိုးထားသော လက်ကို အိတ်လှလှလေးကို အစောလက်ထဲ အန်တီမြင့် ထည့်ပေးပြန်သည်။

ပြီးတော့ ဟီးလ်မြင့်မြင့်ဖိနပ်တစ်ရန် အစောခြေထောက်ရှေ့ ချပေးသည်။

အစောမှာ ငြင်းလို့မရသလို စောဒကတက်လို့လည်း မဖြစ်။ အန်တီမြင့်ပြင်ဆင်ပေးသမျှ လက်ခံရလေသည်။

ဒါတွေကိုမြင်နေရလျှင် ရာစုသစ်ရင်မှာ သည်းမခံချင်သလို ဖြစ်သွားသည်။ အစောဆန္ဒမပါဘဲ ဖိအားပေးနေသော အန်တီမြင့်ကို လည်း မကြည်လင်ချင်။

သို့ပို့ကြောင့် အစောအခန်းရှေ့မှ ချက်ချင်းခွာကာ တိုက်အပြင် ဘက် ပြန်ထွက်ခဲ့သည်။

ရာစု တိုက်အပြင်ရောက်လျှင် ခြံဝင်းထဲ ကားတစ်စီးဝင်လာ တာမြင်ရသည်။

ငွေမင်ရောင် ပရာဒိုကားသစ်ကြီး။

ဒီကား ဘယ်သူ့ကားလဲဆိုတာ မြေးကြည့်စရာမလိုတော့ပါ။

လောင်းရိပ်။

သိပ်မကြာပါဘူး

အန်တီမြင့်ဦးဆောင်ခေါ်ထုတ်လာသော အစောက လောင်းရိပ် ကားပေါ် ငြိမ့်ခနဲပါလေပြီ။

လောင်းရိပ်နှင့်အစော တူယှဉ်တွဲပြီး ဘယ်ဆီသွားကြမှာလဲ။

ထိုမေးခွန်းက သူ့ရင်ဘတ်ပေါ် မီးပုံဖိထားသလို ခြစ်ခြစ်မြွေမြွေ ဖြစ်ကြွပ်လို့ နေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

"အား"

သူ့ရင်ခွင်တည့်တည့် လွှားခနဲပြေးဝင်လာသော တစ်စုံတစ်ရာ
ရာစုသစ် ဆုပ်ဖမ်းလိုက်လျှင် ရှရှရှူးရူး နာကျင်သွားပါသည်။

နာကျင်ရွံရှာနှင့် ရင်ခွင်ပိုက်မိထားသော တစ်စုံတစ်ရာကို ပို့ကြည့်
လိုက်သည်။ ပန်းတစ်ပွင့်မှမပါသော ဆူးလက်စည်း။

ရာစုသစ် မျက်ခုံးနှစ်တန်း ပင့်မြှောက်တက်သွား၏။ ရွံ
နာကျင်တာထက် အံ့သြခြင်းနှင့်လွှမ်းမိုးခြင်းကို တစ်ပြိုင်နက် ခံစား
သည်။

သူစထားသောအတ်လမ်း သူ့ဆီပြန်လည်လာသည်က တဲ့

ဆည့်မတ်မတ်။ ပိုပြီးလည်လာသည်က တစ်ဖက်မှ ခံပြင်းမှထုထည်ကြီးမား
နေသည်။

သူ့ရင်ခွင်အရောက် ပစ်ပေါက်လိုက်တော့ သူမမျက်နှာလှလှ
လေးသည် မာနဆူးချွန်တို့နှင့် ရှပြီးနေ၏။ ရာစုသစ် နှုတ်ခမ်းလေးတွန့်ပြီး
ပြုံးကြည့်လိုက်သည်။ သူမက ဖူးကြွေသောနှုတ်ခမ်းလွှာလှလှကို ထောင်လန်
အောင်ပြုပြီး သူ့ရှေ့ခြေလှမ်းတိုးလာသည်။

"ရှင် ဘာသဘောလဲ"

ရာစု မျက်ခုံးပင့်သလို နှုတ်ခမ်းကိုလည်း ပြုံးထားသည်။ မာန
ဖြင့် စူးရှနေသောသူမကို ရာစုလည်း မာနရည်ဖိတ်ဖိတ်လက်သော
မျက်ဝန်းဖြင့် ကြည့်ပြီး –

"ဆူးနှင်းဆီက ဘာသဘောထင်လို့လဲ"

"အို ဒါ ဆူးမာနကို စော်ကားတာ"

"ဟင့် ဟင့် ဟင့်"

ရာစုသစ် မခို့တရို့ရယ်ရင်း ဖွဖွကိုင်ထားသော ဆူးစည်းကို
တစ်ချက်ဝေ့ကြည့်၏။

"ရှင် ဘာရယ်တာလဲ"

သူမ ဆတ်ခနဲ ရှေ့တစ်လှမ်းတိုးလာပြီး မေးသည်။

"ဆူးနှင်းဆီရဲ့မာနကို စော်ကားတာ၊ ဆူးက အဲလိုမြင်တယ်
တား"

www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ မြင်တာမဟုတ်ဘူး၊ ရှင့်အပြုအမူက သက်သေ
တယ်၊ ရှင့်ဖုန်းကို ချက်ချင်းခေါ်တယ်၊ ဖုန်းပိတ်လိုက်တာ ဘာသေး
လဲ"

"အဟို့၊ ပြင်းထန်လှချည်လား ဆူးနှင်းဆီရယ်၊ ဒီမှာ ကိုယ့်
အပြုအမူက ဆူးနှင်းဆီမာနကို စော်ကားတာ မဟုတ်ဘူး။ ဆူးနှင်းဆီ
ဆိုတဲ့နာမည်နဲ့ လိုက်ဖက်တဲ့လက်ဆောင် ပို့ပေးလိုက်တာ"

"ဘာရယ်"

ဖက်ရှင်နှင့်လိုက်ဖက်စွာ စိမ်းပြာပြာရဲရဲဖြင့်ထားသော မျက်
ကို အုံ့သြဟန် ပင့်ပြီး ဆူးနှင်းဆီမေးသည်။

"ဆူးနှင်းဆီ စဉ်းစားကြည့်လေ၊ ဆူးနှင်းဆီနာမည်က ပန်း
ပန်းပွင့်ဆိုတဲ့ အဓိပ္ပာယ်ဆောင်လို့လား"

"ဟင်"

ဆူးနှင်းဆီ မျက်တောင်ပုတ်ခတ်လုပ်ကာ သူမနာမည်ကို သူ
ပြန်ပြီး ဆန်းစစ်ဝ။

ဆူးနှင်းဆီ။

ဆူးဆိုတာ ပန်းပွင့်ပေါ်မှာ ရှိတာမဟုတ်ဘူး။ ရိုးတံပေါ်မှာရှိ
သော နှင်းဆီပန်း၏ ကိုယ်ထည်ရင်းမြစ် သံကေ်တ။

"ဟုတ်တယ်မဟုတ်လား ဆူးနှင်းဆီ"

"ကျွတ်"

ဆူးနှင်းဆီရင်မှာ စနိုးစနောင့်ဖြစ်သွားသည်။ သူပြောခါမှ ဆူး
ဆီ၏ နာမည်သကေ်တ ဘွားခနဲပေါ်လာသည်။

သူက မြူးပြူးပြိမ်ပြိမ်နဲ့လေး ပြီး၏။ ထိုအပြုးက အထက်စီးဆန်
လိုလို ဘာလိုလိုနှင့်။

"ရော့"

သူမဆီ ဆူးစည်းပြန်ထိုးပေးသည်။

ဆူးနှင်းဆီ တင်းခနဲဖြစ်သွားကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းပြီး
ခနဲလှည့်ထွက်ခဲ့သည်။

ဒါ ဘာကြောင့်လဲ။

ဆူးနှင်းဆီ အဖြေထုတ်ဖို့ နောင့်နောင့်နေးနေးပြစ်လျက်။

"ဆူး"

အဖျားဆွတ်ခေါ်သော သူ့အသံ။ ဟန့်တားလိုစိတ်တွေပါစေမယ့်
ဆူးနှင်းဆီ၏မာနက အပျော့စားမဟုတ်ကြောင်း သူသိသွားဖို့ လိုသည်။

သို့မို့ကြောင့် သူ့ဂျာနယ်တိုက်ရှေ့တည့်တည့်မှာ ရပ်ထားသော
ကားလေးကို တစ်ရှိန်ထိုးမောင်းထွက်ခဲ့သည်။

ရာစုက သဘောတကျပြုံးရယ်ရင်း ဆူးလက်တွေ ထိုးထိုးထောင်
ထောင် ထနေသော ဆူးဖိုးစည်းကြိုးကိုတစ်လှည့် ထွက်ခွာသွားသောသူမ
ကို တစ်လှည့် အပြန်ပြန်အလှန်လှန် ကြည့်ရင်း ခပ်ဝဲဝဲကလေး
ပြုံးတွန့်၏။

www.burmeseclassic.com

www.burmeseclassic.com

ဆူးနှင်းဆီး

နှင်းဆီပန်းကို ဆူးလက်ရွန်တွေ ဘယ်လောက်ပဲ ငြိစုပ်လေစေ

ရာစုသစ်ကို ခေါက်လို့ ချိုးလို့မရဘူးဆိုတာ လက်တွေ့ကျကျ

သိသွားစေရမယ်။

✿ ✿ ✿

အခန်း (၁၄)

"ဟား ဟား ဟား"

ဇင်းဇင်းဦးဆောင်ပြီး လက်ခုပ်လက်ဝါးတီးရင်း ရယ်သည်။ ထိုအခါ ဝိုင်းနှင့်အိန္ဒိယလည်း ထိန်းချုပ်မနေသာ။ ဝါးခနဲ ရယ်ပြန်သည်။

ဆူးနှင်းဆီ မျက်မှောင်ကြုတ်ကြည့်သည်က သူငယ်ချင်းတွေကို ကြည့်လင်စွာ။

"ဟာ ဒါ ရယ်စရာလား"

"ရယ်စရာပေါ့ဟ၊ တကတဲ့"

ဇင်းဇင်းပြောရင်း ရယ်ပြန်သည်။ ဆူးနှင်းဆီ ပြင်းရှရှ ခံစားရ၏။ ထို့ကြောင့် မျက်စောင်းထိုးကာ ထိုင်နေရာမှ ဝုန်းခနဲထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ဆောင့်ပြီး သူငယ်ချင်းတွေရှေ့မှ လျှောက်ထွက်လာ
ခဲ့လျှင် –

"ဟဲ့ ဆူးဆူး၊ ရှင် ဘယ်လဲ"

"ခြေဦးတည့်ရာ"

"ဟာ ဆူး"

ပြောပြောဆိုဆို ဆူးနှင်းဆီ တကယ်ထွက်သွားခါမှ သူငယ်
ချင်းသုံးယောက် ရယ်ရိုန်သတ်ကာ သူမတို့၏ရွေးမင်းသမီးကို ထခွဲတော့
သည်။

"ဆူးဆူးကလည်း ဇင်းဇင်းတို့က သဘောကျလို့ပါဟာ"

"ဟွန်း ဘာသဘောကျစရာပါလို့လဲ၊ ရှင်တို့ ပိုင်းရယ်နေကြတာ
ဆူးရင်ကို ထိတယ်၊ သိလား"

ပြောရင်း ဆူးနှင်းဆီ နှုတ်ခမ်းစူတော်မူသည်။ လာဆွဲသော
ဇင်းဇင်းလက်ကို ပုတ်ချသလို ခြေလှမ်းကိုလည်း ရွေ့ပို့သည်။

ဇင်းဇင်းက မျက်နှာပိုးသတ်သလို ပိုးပိုးနှင့်အိန့်ခခလည်း ကပျာ
ကယာ ဆွဲထားလေသည်။

"အိန့်တို့က ဆူးဆူးကို ပိုင်းရယ်တာမဟုတ်ပါဘူးဟယ်"

"ရာစုသစ်အပြုံးအမှုက သဘောကျစရာ ဖြစ်နေလို့"

"အောင်မာ၊ ဟိုကအပြုံးအမှုက သဘောကျစရာဖြစ်နေ ဆို
တော့ ဆူးဆူးတို့ပြုံးတာက ရယ်စရာပေါ့၊ ဟုတ်တယ်မဟုတ်လား အစုတ်

ဆုတ်မတွေ"

"မဟုတ်ရပါဘူး သူငယ်ချင်းရယ်"

"ဘာမဟုတ်ရမှာလဲ၊ ရှင်တို့မျက်နှာနဲ့ ရှင်တို့မျက်လုံးက အဲ
သလိုတွေ၊ တော်ပြီ၊ ရှင်တို့နဲ့ အပေါင်းအသင်းမလုပ်တော့ဘူး"

"ရာစုသစ်နဲ့ အပေါင်းအသင်းလုပ်မယ်ပေါ့"

ဇင်းဇင်း ရယ်မြူးဟန်လေးနှင့်မေးလျှင် ဆူးနှင်းဆီမျက်နှာ
ညှိုးလေးဟာ ဆေးနီညှပ်ဖျန်းလိုက်သလို ခဲတိ။

"ဟာ ဇင်းဇင်း၊ ရှင်နော်"

"သိဘူးလေ၊ ဆူးဆူးက ဇင်းတို့နဲ့ မပေါင်းတော့ဘူးဆိုတော့
ရာစုသစ်နဲ့ ပေါင်းချင်နေလားလို့"

"ကျွတ်၊ ရှင်တို့ဟာလေး တော်ပြီ၊ မပြောတော့တူး၊ သွားမယ်"

ဆူးနှင်းဆီ ရွက်သလိုလို မလုံမလဲဖြစ်သလိုနှင့် အမူအရာတွေ
ပြောင်းသွားသည်။ ထိုကြောင့် သူငယ်ချင်းသုံးယောက်ကြားမှ လှစ်ခနဲ ရှောင်
ထွက်ကာ –

"ဟဲ့ ဆူးဆူး"

"နေဦးလေ"

သူငယ်ချင်းတွေ ဟန့်တားသော်လည်း မမှု။ ကော်ဖီဆိုင်ရှေ့မှ
ခရီးပြိုင်ကားလေးကို ဝူးခနဲ မောင်းထွက်ခဲ့။

ဇင်းဇင်းတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကာ ခေါင်းလေးတွေ့ ဆတ်ကြသည်။ သဘောကတော့ သူတို့
လုဘုရားမလေးနောက် လိုက်သွားကြဖို့။

မှာထားသောကော်ဖီနဲ့ မုန့်တွေကို နေမြောမနေတော့ပါ။ ကျွန်
ငွေ ကမန်းကတန်းရှင်းကာ ဦးဦး၏ မာစီဒီးကားဖြူလေးနှင့် သုံးယောက်
သား ထက်ကြပ်မကွာ လိုက်ခဲ့ရလေသည်။

ဆူးဆူးနောက် မလိုက်လို့မဖြစ်ပေဘူး။

ဆူးနှင်းဆီက သူမတို့သူငယ်ချင်းသုံးယောက်၏ မာနမင်းသ
လေး မဟုတ်လား။

✿ ✿ ✿

အခန်း (၁၅)

ညနေတစ်ခင်း။

ညနေတစ်ခင်းဟာ ယခင်ညနေခင်းများလို ရိုးရိုးစင်းစင်း
ဟုတ်ပါ။ အနောက်မိုးကုပ်စက်ဝိုင်းတစ်ခွင်မှာ ပုစွန်ဆီရောင် ဝင်းဝင်း
ပြနေသည်။

ထိုအလင်းသည် စိတ်နလုံးကို ညှတ်နူးစေသော စာတ်တစ်မျိုး
နေသလိုရှိ၏။ ထိုအလင်းသည် အစောင်၏ ညှိစင်သောအသားအရေကို
ပြည့်လဲ့လဲ့အလင်းရောင်ပြန်ဟပ်ပြီး ဖိတ်ဖိတ်ဝင်းနေသည်။

သက်ရှင်သရက်ပင်ကြီးထက်မှ ဆက်ရက်ငှက်များ ကျီကျီးကျာ
များ အသံပေးရင်း အဖော်အပေါင်းကို ခေါ်ငင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှက်စိမ်းများလည်း အချင်းချင်း ပွတ်သပ်ကိုစယ်ကာ တယော
ထိုးလေပြီ။

ထိုအခါ ညွှာရွှက်ကျင်တချို့က ပန်းလွှာနှယ် ကြွေခြင်းငှ
ကဗျာဆန်ပြန်၏။

တစ်ရုတ်ကို ဆောင်သွေးနေသော အဆိုပါညနေခင်းမှာ ရာစုသ
စိတ်ကို ရာစုသစ် အစိုးမရသလိုဖြစ်သည်။

ထို့ကြောင့် ရာစုသစ်ကားလေးကို ပေါ်တီကိုအောက်မှာရပ်
အချိန်မပေးနိုင်။ ခြံထဲကွေ့ဝင်ရုံလေးတင် ရှိသေးသည်။ ထိုနေရာမှာတ
ထိုးရပ်ကာ ကားမောင်းသူနေရာမှ သုတ်ခနဲဆင်း၏။

တစ်ဆက်တည်းလည်း တစ်ဖက်ခြံကူးသွားတော့မည့် အ
ခြေလှမ်းတွေကိုမိုအောင် အပြေးတစ်ပိုင်းလှမ်း၏။

"အစော"

သူ့ခေါ်သံအဆုံးသတ်နားမှာ အစော ခြေလှမ်းတန့်ကာ။

"အစော နေဦး"

ရာစု ထပ်ဆင့်ဟန့်တားသလို သူမနား ရောက်လာသည်
ဒီတော့မှ သူ့ကို အစော ငေးတေးတေးကြည့်ပြီး –

"ဘာလဲ"

ဟု ပြတ်တောင်းတောင်းမေးသည်။ ထိုမေးသံသည် အရင်
ရင်းနှီးလှိုက်လှဲခြင်းတို့ မပါဝင်။

စိတ်ရွှင်ရွှင်ဟန်ဖြင့် မမေးချင်မေးချင် မေးဟန်မျိုးဖြင့် သရက်
ရွှက်ရင့်တွေလို အစိမ်းရောင်မှိုင်းနေသည်။

"စိမ်းလှချည်လား အစောရယ်"

"စိမ်းတယ်ဆိုတာ ဘာလဲ"

အစော စိတ်ဝင်တစားပြန်မေးသည့်အတွက် သူ့ရင်ထဲမှာ
အတိုင်းမသိ ကျေးဇူးတင်မိသည်။ သူ ပြုံး၍ အစောမျက်နှာသွယ်လေးကို
ချက်တောင်မခတ်စတမ်း နစ်မျောစွာကြည့်၏။

ပုစွန်ဆီသွေးရောင်ဆမ်းထားသော အစောမျက်နှာလေးဟာ
သူပြင်ဖူးသမျှထဲမှာ အလှဆုံးပါပဲ။

"အစော"

သူ လွှတ်ခနဲ ခေါ်ဆိုမိသလို အစောပခုံးနှစ်ဖက်ကိုလည်း
ဆွဲလှဲယူပြီး သူနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် ပြုမိသည်။

"အိုး ဟဲ့၊ နင် ဘယ် ဘယ်လိုဖြစ်နေတာလဲ ရာရာရယ်၊
ဆိ"

အစောက ယောင်ယောင်နနဖြင့် သူ့လက်တွေကို ပခုံးထက်မှ
ဖယ်ရှား၏။ သို့ပေမယ့် သူ့နှာမည်ကို အရင်လို ရာရာဟု ခေါ်ဆိုတာလေး
ကြောင့် ရင်မှာ ကျေနပ်ရ၏။

"ပြော ပြောလေ ရာရာ၊ နင့်စကားက ဘာလဲ၊ စိမ်းတယ်ဆိုတာ
ဘာကိုပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

အစောမေးခါမှ သူ့စကားအစကို သူ ပြန်ကောက်မိဖို့ သတိရသည်။

"နင် တကယ်မသိဘူးလား"

"မသိဘူး"

အစော ဆတ်ခနဲ ငြင်းသည်က ပျစ်ပျစ်ခဲခဲနှစ်နှစ်။

"နင် မသိရင်ဟန်ဆောင်နေတာမဟုတ်လား အစောရဲ့"

"အံမာ"

အစော လက်တစ်ဖက် ခါးထောက်မတတ်ပြုရင်း မျက်စောင်စိုက်စိုက်ထိုးတယ်။

ဒီမျက်စောင်းထိုးပုံလေးက အစော၏ မူပိုင်သင်္ကေတ ဟုတ်သလို အစော၏ အလှတစ်ပါးဆိုရင်လည်း မမှား။

"ဟုတ်တယ်လေ၊ နင်ကိုက ရှောင်နေတယ်၊ ရှောင်နေတာ ဝိုးဝိုးစင်စင်မဟုတ်ဘူး"

"လဲသေလိုက်"

"ဘာရယ်"

"ဟုတ်တယ်လေး ငါ နင့်ကိုရှောင်စရာ ဘာအကြောင်းမှမရှိဘူး။ နင်သာ အဦးဆုံးရှောင်နေတာ၊ ဟုတ်တယ်၊ နင် ရှောင်တာ။ ရှောင်နေတာသိလို့ ငါ အလိုက်သင့်ရှောင်ပေးရတာ ရာရာရယ်၊ ဒီအတွက် နင် ငါ့ကိုတောင် ကျေးဇူးတင်ရမှာ"

"ဘာဆိုင်လဲဟာ"

ရာစုသစ် ယောင်ချာချာနှင့် ဆဲပင်သပ်ရင်း မလုံမလဲပြောသည်။ အစောက သူ့နှင့်ခြေလှမ်းဝေးသွားအောင် လျှောက်ထွက်သွားရင်း လေးလေးနက်နက်ပြော၏။

"သိပ်ဆိုင်တာပေါ့ ရာရာရယ်၊ ငါက နင့်အတွက် စိတ်ဝင်စားရော ဘာတစ်ခုမှမရှိတဲ့ ဝိန်းကလေးလေ"

"ဘယ် ဘယ်လို"

ရာစုသစ်မျက်ဝန်း ဝိုင်းခနဲဖြစ်ကာ အစောရှေ့ ဒရောသောပါး သွားရင်းမေးသည်။

အစောက ထုသားပေသားကျတဲ့ သံတုံးတစ်တုံးနှယ် မျက်နှာကို လေးလေးခဲခဲတင်းပြီး မော့ထားလျက်။ သူ့ကိုစိုက်ကြည့်၍ တစ်လုံးချင်း ဆိုသည်။

"ဟုတ်တယ်လေ၊ ငါက နင်နဲ့ အရင်လို ရင်းရင်းနှီးနှီး ပြောဆို စရာမှ မလိုအပ်တော့တာ"

"မဟုတ်သေးဘူး အစောရယ်၊ ငါ ငါ နင့်ကို ရှောင်နေတာ မဟုတ်ဘူး၊ ငါ့စိတ်က ဘာဖြစ်လို့ဖြစ်နေမှန်း မသိဘူး"

"ဟွန်း၊ ဘာဖြစ်မှန်းမသိဘူး၊ ဟုတ်လား"

"ဟုတ်တယ်"

"အဟင့်၊ အဲဒါဆိုလည်း ငါ ပြောရတာပေါ့၊ နင် ဘယ်မိန်းက

www.burmeseclassic.com

www.burmeseclassic.com

လေးပဲ စိတ်ဝင်စားစားလေ ငါက ကန့်ကွက်မယ်ထင်နေလား။ ဆောရီး ရာရာ"

မာန ရိပ်ခနဲ လက်ဖြာသွားသောအစော။ ရာရာသစ် လက်တက် ကာနှင့် ဖြေရှင်းချက်ပေးတယ်။

"အစော မဟုတ်ဘူးဟာ"

"ဘာလို့ညာချင်ရတာလဲ ရာရာရယ်၊ အေးလေ၊ နင် ညာပြီး ဖုံးဖိနိုင်မှ ငါက နင့်မေမေကို အရင်လိုပဲ ဂရုစိုက်ပေးနေမှာပဲလို့ တွေး တယ် မဟုတ်လား"

"မဟုတ်ဘူး အစောရာ"

"ကျွတ်၊ နင်မညာနဲ့ရောရာ၊ နင်သိထားဖို့က နင့်မေမေကို ပြုစုနေတာ ဘာမျှော်ကိုးချက်နဲ့မှ မဟုတ်ဘူး။ အန်တီစိုး ဝေဒနာသည် ဖြစ်နေလို့ အဖော်မဲ့နေလို့ ငါ့ဘက်က စာစာနာနာနဲ့ ဂရုစိုက်တာမျိုးပေါ့"

"အစောရယ်"

"နင် ငါ့ကို ဘာမှ ဟန်ဆောင်နေစရာမလိုဘူး။ ရှင်းပြနေစရာ လည်း မလိုဘူး။ အစောက နင်တို့မျက်နှာပေါ်က ခံစားချက်တွေကို က,ကြီးကနေ အ,အထိ ဖတ်ပါတယ်ဟာ၊ နင်ရှောင်နေလို့ ငါ့ဘက်က အလိုက်သိသိ ရှောင်ပေးတာကလွဲရင် အန်တီစိုးအပေါ်မှာ ငါ လျစ်လျူ မရှုပါဘူး။ စိတ်ချ၊ ငါ ဘယ်တော့မှ အန်တီစိုးအပေါ် ဥပေက္ခာမပြုပါဘူး ဒီလောက်ဆို နင် ကျေနပ်ရောပေါ့"

"ဟာ"

ရာစုသစ်မျက်နှာမှာ ဆည်းဆာညနေတစ်စင်း၏ ပုစွန်ဆီသွေး နေရောင်စဉ်ထက် အဆပေါင်းများစွာ ရဲရဲမှည့်သွား၏။

"ဒါပဲ ရာရာ၊ နင်တို့ခြံဘက် ကူးချည်သန်းချည်လုပ်နေတာ ငါကို အန်တီမြင့် ကြည်တာမဟုတ်ဘူး။ ငါသွားဦးမယ်၊ ဒယ်ဒီလာခါနီးပြီ"

ပြောလိုရာပြောပြီး လှစ်ခနဲ တစ်ဖက်ခြံကူးသွားသော အစော။

"အစော"

သူ အက်ရှရှခေါ်မိကာ အစောလက်ကို လှမ်းဆွဲလိုက်သေး သည်။ အစောက လက်ကို အဆွဲမခံ။ ရှောင်လွှဲထွက်သွားသည်မှာ သည်ပြန်လေးပင် ငဲ့မကြည့်ရှာ။

ဒီညနေတစ်ခင်းက ထူးခြားသောရောင်စဉ်လှလှတို့ မြူးမြူးလွင့် ဝှေ့နေပေမယ့် သူ့မျက်ဝန်းနှင့်ရင်ထဲမှာတော့ လားလားကြီး ဆန့်ကျင် ဘက်။

အစောရယ် –

နင်ထင်သလို မဟုတ်ပါဘူး။

နင်မြင်သလို မဟုတ်ပါဘူး။

အဲဒါတွေ ငါ ရှင်းပြခွင့်ရချင်တယ် ဟာ။ တကယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

"မမဆူး ဒီမှာ"

မူမူက ပြောရင်းဆိုရင်း ပါကင်ဖွင့်ပြလေသည်။ ဘာလဲလို့ ဝူးစစ်မျက်ဝန်းနှင့် ဆူးနှင်းဆီကြည့်၏။

ဆူးလက်ပါသော နှင်းဆီရိုးတံစည်း။

ဆူးလက်စိမ်းများက ချွန်ရှလျက်။

နှင်းဆီရွက်လေးများမှာ ကျောက်စိမ်းသွေးရောင် စိမ်းဝင်းကာ ဖဲကြိုးမျှင်ရောင်စုံနှင့် စည်းနှောင်ထား၏။

ပန်းပွင့်တွေမပါသော ဆူးလက်စည်းက တစ်မျိုးလှသလို ထူးခြားလျက် ဆွဲဆောင်မှုတစ်မျိုး ရှိလေသည်။

ပါကင်တွင်းမှ ဆူးရိုးစည်းကို ဆူးနှင်းဆီထုတ်ယူလျှင် မူမူ သုတ်ခနဲ ရှောင်ထွက်လေသည်။

အရင်တစ်ခါတုန်းက ပါကင်ဖွင့်နေတာ လက်မူးလက်ကြွပ်မိတာကို တွေးရင်း ကျောချမ်းနေသည် မဟုတ်လား။

တော်သေးတယ်၊ မမဆူး မဆူလို့။

အဲဒီကတည်းက မိသွယ်တို့နှစ်ယောက်သား ကျိတ်ပြီး သက်မ ချနေသည့်အဖြစ်။

ဒီနေ့လည်း ပါကင်ရောက်လာသည်နှင့် မမဆူးရေ့ ယူထွားပြီး ခွင့်ပြလိုက်သည်။

မမဆူး စိတ်ဝင်တစားရှိနေတာမို့ သူမတို့ အပြစ်လွတ်ကင်းသလို ခံစားရ၏။ နောက်ဆို မလွယ်။

မမဆူးက ဘာအဓိပ္ပာယ်ရမှန်း မသိ။

ဆူးရိုးစည်းကို စိုက်ကြည့်နေသော မျက်ဝန်းမှ အရည်တဖိတ် ဖိတ်လဲ့လျက်။

နှုတ်ခမ်းက ပြုံးပြသလို ကိုယ်နေဟန်လေးကအစ လှုပ်ပြူးသွား သည်။ လက်တစ်ဖက်ဖြင့် နှင်းဆီဆူးစည်းကို သူမ ပွေ့ထားရင်း အလွတ် နေသော သူ့ဖုန်းနံပါတ်ကို တစ်လုံးချင်းနှိပ်ပြီး ခေါ်ဆိုသည်။

ဖုန်းက တန်းဝင်သွားပေမယ့် မကိုင်သေး။

မကိုင်မချင်း ဆူးနှင်းဆီ အဆက်မပြတ် ဖိခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာမှ –

"ဟဲလို"

ဟု ဖုန်းထူး၏ ထူးသံသည် သူ့အသံမဟုတ်မှန်း ဆူးနှင်းဆီ ကျက်မိ၏။ သူ့အသံသည် ကြည်လင်ဩဇာရှိသောအသံမျိုးဖြစ်ပြီး မာနနှင့် ဟန်အပြည့်ပါသည်။ ထို့ပြင် သူ့အသံသည် သူ့ရုပ်ရည်လိုပင် ငြိတွယ်စရာ ကောင်း၏။

သူ့အသံမဟုတ်မှန်း ဆူးနှင်းဆီ ဒက်ထိသိတာမို့ –

"ရာစုသစ်ခဲ့ ပြောမလို့ပါရှင်"

"ရာရာလား။ မရှိဘူးခင်ဗျ"

ပြန်ပြောသံက ရိုရိုကျိုးကျိုးနှင့် ဓကန္တ သူ့ဝန်ထမ်းဖြစ်ရမယ်။

"ဘယ်သွားလဲ"

"အဲ အဲဒါတော့ ကျွန်တော်လည်းမသိဘူး"

"နေဝင်းပါဦး။ အဲဒီဖုန်းက ရာစုသစ်ဖုန်း မဟုတ်လား"

"ဟုတ်ပါတယ်"

"ဟုတ်တယ်ဆို၊ ရာစုသစ် ဘာလို့ဖုန်းထားခဲ့တာလဲ"

"ရာရာက အဲလိုပဲခင်ဗျ။ အပြင်သွားရင် လာက်ကိုင်ဖုန်း ထား သွားလေ့ရှိတယ်"

"နေဦး၊ ရာစုသစ်အကြောင်းသိနေရအောင် ရှင်က ဘယ်သူလဲ"

"ကျွန်တော်က ရာရာ့သူငယ်ချင်း။ ဒါပေမဲ့ ရာရာ့ဝန်ထမ်း

ထည်း မမှားဘူး၊ ဒါကြောင့်ပါ"

ဆူးနှင်းဆီမျက်နှာလေး တင်းမာသွားသည်။

"တောက်"

ဖုန်းချရင်း ရင်မှာ မငြိမ်မသက်ဖြစ်လို့နေသည်။

အပြင်သွားရင် လာက်ကိုင်ဖုန်း ထားသွားသတဲ့။ မဖြစ်နိုင်တာ ကြီး။ ဟုတ်တယ်လေ။ အပြင်သွားမှတော့ လာက်ကိုင်ဖုန်းယူသွားမှာပေါ့။

ခုတော့ –

ကောက်ဖိုးပုံ တုတ်နှင့်ဆွသလို ဆူးနှင်းဆီစိတ်ကို ဆွထားတဲ့ သဘော ဖြစ်နေသည်။ အဲဒီအတွက် ဆူးနှင်းဆီ သည်းမခံချင်။

ဆူးနှင်းဆီစိတ်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ ခုလို ဝိုးဆွလို့ မရခဲ့ဖူးဘူး။

ရှင် ထိုးဆွနေတာဆိုတော့ တွေ့ကြသေးတာပေါ့ ရာစုသစ်ရယ်။

ဆူးနှင်းဆီကလည်း မာနဆူးကလေးများနှင့် ရှင်စိတ်ကို မဟုတ် ဘူး

ရှင့်အသည်းနှလုံးကိုပါ ဆွပေးမယ်ရှင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

"ဘယ်သူလဲ"

အံ့မင်း မျက်ခုံးပင့်ပြီး အသံထွက်မေးတယ်။ ရာစုသစ် ရယ်လိုက်သည်။

"ပြောလေကွာ"

အံ့မင်း သိချင်စိတ်လောကာ ထပ်ဆင့်မေးသည်။

ရာစုသစ် ဆက်ရယ်နေရင်း အံ့မင်းလက်ထဲရှိ သူ့လက်ကိုင်ဖုန်းကို ဆွဲယူပြီး –

"ဘယ်လိုနေလဲကွ"

"ဘာလဲ"

"တစ်ဖက်က တင်းသွားတယ်မဟုတ်လား"

"မင်းက ကြိုသိနေတယ်၊ ဟုတ်လား ရာရာ"

ရာစုသစ် ပြန်ပြီးမြန်လေး ခေါင်းညိတ်ကာ။ လက်ကိုင်ဖုန်းမှ ပေါ်ဆိုထားသော ဆူးနှင်းဆီဓာတ်ပုန်းနံပါတ်ကို ပြန်ကြည့်နေလိုက်သည်။

အံ့မင်းက အံ့သြတာတွေထက် ရာရာကို ငေးစိုက်စိုက်ကြည့်နေလိုက်သည်။

"နေပါဦးကွ၊ ဘယ်သူလဲ ဘယ်ကလဲ၊ မင်းနဲ့ဘယ်တုန်းက ပြဿနာတာလဲ"

"မင်းကလည်း မစစ်ရ ကျနေတာပဲ"

"ဟ သိချင်တာကွ၊ ဟိုက ဖုန်းနံပါတ်မှန်းသိသိကြီးနဲ့ မင်းကိုင်ဘူး၊ ငါ့ကို အဆင်ပြေအောင်ပြော ဘာညာနဲ့ လက်ရှောင်ပြီးတော့၊ ဘေးတော့လည်း မပြောဘူး၊ မင်း မပြောတော့ ဂေတ်လမ်းက ဘာမှန်းမသိဘူး၊ ဒါကြောင့် သိချင်တာ"

"ငါကလည်း ပြောမှာပါကွာ၊ အချိန်မကျသေးလို့"

"ဘာလဲ၊ နှစ်ပါးသွားကပြီးမှလား"

"ဟာ မင်း"

ရာစုသစ် ရွက်ရေးရေးနှင့် အံ့မင်းမျက်နှာကို လက်သီးဖွဖွနှင့် သွင်းထိုးလိုက်၏။

အံ့မင်း မသိမသာရှောင်၍ ရာရာလက်သီးကို တွန်းလိုက်ကာ–

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေကွာ၊ မင်းက မလျှိုရမယ့်နေရာကျတော့ လှို
ချင်နေတယ်"

"မဟုတ်ပါဘူးကွာ၊ ခန့်ပိုင်ကို စောင့်နေတာ"

"ခန့်ပိုင်နဲ့ ဘာဆိုင်လဲ"

"ခန့်ပိုင် ဒီမနက် အလုပ်ဆင်းမယ်လို့ ညကတည်းက ဖုန်
ဆက်ထားတယ်၊ ခုထိ မရောက်သေးဘူး"

"ရာရာ"

အံ့မင်း ပို့ပြီးတင်းလာသည်။ သူမေးနေတာက ဖုန်းဆက်လာ
သည့် မိန်းကလေးအကြောင်း။ ရာရာ ရှောင်လွှဲပြီးပြောနေတာက
ခန့်ပိုင်အကြောင်း။

ဘာဖြစ်လို့ ရှောင်လွှဲနေရတာလဲ။

အံ့မင်း တင်းချင်တာ ဒါပဲ ဖြစ်၏။

သူငယ်ချင်းချင်းကြားမှာ ဘယ်တုန်းကမှ လျှို့ခြင်း ရှောင်ခြင်း
မရှိခဲ့ဘူး မဟုတ်လား။

"မင်း ခဏလေး သည်းခံစမ်းပါ အံ့မင်းရာ၊ ခန့်ပိုင်လာရင်
ပြောပြမယ်၊ မင်းက အသံပဲကြားသေးတယ် ခန့်ပိုင်က မြင်ဖူးပြီးသား
ဒါကြောင့် တစ်ပါတည်းပြောဖို့ပါကွာ"

ရာစုသစ် ရှင်းပြသလို သွက်သွက်ကလေးဆိုခါမှ တင်းမာ
သော အံ့မင်းမျက်နှာကြော တစ်ရစ်လျော့ကျသည်။

"ကျွတ် မင်း အချိန်ဆွဲလွန်းတယ်"

ဒါတောင် အံ့မင်း ပွက်နေသေး။ အံ့မင်းပွက်သံ အဆုံးမသတ်
ခင် ရုံးခန်းတံခါး ကျိုခနဲပွင့်လာသည်။

ဝင်လာသူမှာ ဟန်းနီးမွန်းပြန် ခန့်ပိုင်ဖြစ်၏။ ဟန်းနီးမွန်းပြန်
ခန့်ပိုင်၏မျက်နှာပေါ်မှာ သက်ကြားပွင့်ထပြီး ရွှင်ချိနေသည်။

"လာ ဟန်းနီးမွန်းပြန်ကြီး"

ရာရာ ဦးစွာခေါ်လိုက်၏။ ခန့်ပိုင်မျက်နှာ ပြုံးပြဲသွားသည်။

"ဘာလဲကွ၊ အလုပ်တွေဖိနှိပ်ဖို့လား"

"ခိုင်းစရာရှိတာကတော့ ခိုင်းရမှာပဲ မောင်ရင်၊ လောလော
ဆယ် ပြောစရာရှိတယ်၊ ထိုင်ဦး"

ရာရာ့စကားမဆုံးခင် အံ့မင်းဘေးမှဆိုဖာခုံလွတ်မှာ ဝင်ထိုင်
သည်။

"ဘာပြောဖို့လဲ"

"မေးနေတာက ငါ၊ မင်းလာမှ ပြောမယ်တဲ့ကွ"

အံ့မင်း မကျေမချမ်း ဝင်ပြောသည်။ ခန့်ပိုင်က မျက်ခုံးပင့်
ပြောက်ရင်း အံ့မင်းပခုံးကို ဖက်၏။

"အဲဒါကြောင့် မင်းက တင်းနေတယ်မဟုတ်လား"

"တင်းတယ်ကွာ"

အံ့မင်း တုံးတိတိဖြေလျှင် ခန့်ပိုင်ရယ်မောလိုက်သည်။ အံ့မင်း

www.burmeseclassic.com

www.burmeseclassic.com

ကာ အိမ်မှာ အငယ်ဆုံးသားမို့ အလိုလိုက်ခံရသူ။

သူငယ်ချင်းသုံးယောက်ကြား တစ်ခါတစ်ရံ အိမ်မှာကျွင်းသ
သော အငယ်ဆုံးစိတ်အတိုင်း ဆက်ဆံတတ်တာ ငယ်သူငယ်ချင်း
သိနေသည်။

ဒါကြောင့် အံ့မင်းကို ခန့်ပိုင်နှင့်ရာရာ ဖွေမယူပါ။ ရွယ်တူချ
ဖြစ်ပေမယ့် ရာရာက မိသားစုတစ်သားကြီး။ ခန့်ပိုင်က မိသားစုမှာ အလတ်
အကြီးနဲ့အလတ်ဆိုတော့ မောင်အငယ်ဆုံးလိုပြုတတ်သည်
အံ့မင်းစရိုက်မှာ သူတို့အဖို့ စိတ်အနှောင့်အယှက် မဖြစ်စေပါ။

သို့ပေမဲ့ကြောင့် အထက်တန်းကတည်းက ပေါင်းလာသည့် သူငယ်
ချင်း။ တက္ကသိုလ်တက်တော့လည်း အတူတူ။

ဘွဲ့ရပြီး အလုပ်လုပ်ကြတော့လည်း မခွဲစတမ်း။ သူ့ဂျာနယ်
တိုက်တွင် ဝင်လုပ်ခြင်းဖြစ်သည်။

"ကဲပြော ရာရာ၊ မင်းပြောမယ်ဆိုတာ ဘာလဲ"

ခန့်ပိုင် စကားလမ်းကြောင်းဖော်ပေးသည်။ ရာရာကလည်း
စိတ်အားထက်သန်စွာ။

"ဒီလိုကွာ"

ရာစုသစ် စကားစရဲ့ ရှိသေးသည်။ ခပ်ဟဟဖွင့်နေသော သူ့
ခန်းတံခါးကို ခပ်ကြမ်းကြမ်း တွန်းဖွင့်ဝင်လာသူ။

"ဟင်"

သူငယ်ချင်းသုံးယောက် ပြိုင်တူလိုလို ငဲ့စောင်းကြည့်လျှင်
တစ်ခမ်းလွှာတို့ ပွင့်ချေသည်။

အံ့မင်းက ပိန်ပြွန်အံ့သြကာ ကျောက်မိမ်းရောင်မိတ်မိတ်တောက်
သော မလုံမလဲ ဖက်ရှင်ပုံဆန်းနှင့် ပုဇိသများတမ်းမျက်ဝန်းကို ညှို့ငင်နိုင်စွမ်း
သော ထိုမိန်းကလေးကိုယ်နေဟန်။

ပြီးတော့ သွက်လက်သော ဟန်မူရာ၊ ပက်ခနဲ ပြောတတ်သော
စကားတို့ဖြင့် -

"ရာစုသစ်"

ဟု ရာရာ့ကို ဦးစွာခေါ်ပြီး ရှေ့တိုးလာသည်။ ရာစုသစ် အသိဝင်
သောကာ -

"ဘာလဲ"

"ရှင့်ကို ပြောစရာရှိတယ်"

ရာစုသစ် ပခုံးလေးပင့်ကာ -

"ပြောလေ၊ ရတယ် ပြော"

"နှစ်ယောက်တည်း ပြောချင်တယ်၊ ရှင် ခုချက်ချင်းလိုက်ခဲ့"

ဒါပဲပြောပြီး ဆူးနှင်းဆီ ချာခနဲလှည့်ထွက်သွားသည်။ ရာစုသစ်
ကိုယ်ရှင်လေးပြီးကာ မလွယ်ပါလားဆိုသောအတွေးဖြင့် ခေါင်းလေးယမ်းရင်း
ခန့်ပိုင် အံ့သြနေရာမှ မျက်မှောင်ကုတ်ကျသွားသည်။

"ဒါ ဒါ ဆူးနှင်းဆီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ရာစုသစ် ခေါင်းညိတ်လျှင် –

"ဟာ မင်း"

ခန့်ပိုင် အသံဆက်ထွက်မလာတော့ပါ။ သူ ဟန်းနီးမွန်းထွေ
သွားသော တစ်လခွဲတာအတောအတွင်းမှာ ဘာတွေဖြစ်ကုန်တာလဲ

မေးခွန်းပါသောအကြည့်ဖြင့် ခန့်ပိုင် လှမ်းကြည့်သလို အုံမ
ကလည်း –

"ငါ့လည်း ရှင်းပြဦးလေကွာ"

"ခန့်ပိုင် မင်း ရှင်းပြလို့ကိုး၊ ကိုယ် အပြင်သွားဦးမယ်ကွ"

ရာစုသစ် ဒါပဲပြောကာ သူငယ်ချင်းနှစ်ယောက်ရဲ့မှ ကြေ
ကြော့လေး ထွက်သွား၏။

"ဘယ်လိုလဲကွ"

အုံမင်း အလောတကြီးမေးလျှင် –

"ဒီလိုကွာ"

ခန့်ပိုင် နွှတ်ဆိတ်မနေသာ။ အုံမင်းကို ရှင်းပြသလိုပြောသည်
မှာ။

✿ ✿ ✿

အခန်း (၁၈)

"ဆူး"

ရေတမာပင်နားတွင် ဆူးနှင်းဆီကားလေး ဦးတိုက်ရပ်၏။ သို့
သော် ဆူးနှင်းဆီ ကားပေါ်မှ မဆင်းသေးပါ။

သူမပြုံးကား အနီရဲရဲလေးနောက်မှ ထက်ကြပ်မကွာပါလာ
သော ရာစုသစ်ကားကို နောက်ကြည့်မှန်ကတစ်ဆင့် မြင်နေရသော်လည်း
ခွေမစိုက်ပါ။

သူမ ကားနောက်မှာ သူ့ကားရပ်ပြီး ကားပေါ်မှဆင်းရင်း
ဆိုသည်။ ဆူးနှင်းဆီ ငဲ့မကြည့်ပါ။ မျက်နှာကို မာနဖြင့် မော့ထားသော်။

"ဆူး ဆူး ကိုယ့်ကို ပြောစရာရှိတယ်ဆိုလို့ ကိုယ်လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဆူးဘက်က ကန့်လန့်ကာခြားသလို ခြားထားရင် ကိုယ့်ဘက်က
စိတ်ရှည်လက်ရှည် စောင့်စားနေဖို့ အချိန်ပေးနိုင်မှာ မဟုတ်ဘူး"

"ဘာရယ်"

ဆူးနှင်းဆီ ချာခနဲ လှည့်ကြည့်သည်။

ရာစုသစ် ပြုံးလျက် စိုက်ကြည့်၏။ ထိုအကြည့်ထဲမှာ သုတ
ကြယ်၊ သဝဏ်နှင့် သူမကို ကြွေနေကြသော ယောကျ်ားလေးများ
ညှတ်ယိုင်မှုတွေမပါ။

ဒါ ဘာကြောင့်လဲ။

အဲ ဘာကြောင့်ဆိုတာထက် သူမမာနကို ရှုံ့ချထိတာ အမှန်ရယ်

"ဟုတ်တယ် ဆူး၊ ကိုယ့်အချိန်တွေ အလဟသ အဖြစ်မခံ
ဘူး၊ ဆူးက ပြောစရာရှိတယ်ဆိုလို့ ကိုယ့်အလုပ်တွေပစ်ပြီး လာခဲ့တာ
ဆူးက မာနဆူးပြီး အချိန်ဖြုန်းနေတာမျိုးဆိုရင် ကိုယ့်ဘက်က စိတ်
ရှည်ရှည်နဲ့ စောင့်နေ,မျှော်နေတာမျိုးနဲ့ အချိန်ဖြုန်းပစ်မှာမဟုတ်ဘူး
အဲဒါကို ကြိုပြောတာ"

"တောက်"

ဆူးနှင်းဆီ တကယ်ခံပြင်းသွားသည်။ ကားတံခါးဖွင့်ဆင်း
သူနဲ့ မျက်နှာချင်းဆိုင်လိုက်သည်။

သူက သူ့မျက်နှာနှင့်လိုက်ဖက်အောင် တပ်ဆင်ထားသော
ရွှေရောင် အလှကိုင်းတပ်မျက်မှန်ကို ဟန်ပါပါချွတ်ပြီး –

"တောက်ခတ်တာက ဆူးမျက်နှာကို အလှလေ့ကျစေပါတယ်"

"ရှင်နော်"

ဆူးနှင်းဆီ လက်တစ်ဖက်ရွယ်၏။ သူ ရယ်မောရင်း လိုင်းသော့
သော့ လှုပ်ခတ်နေသော ရေကန်၏အနား လျှောက်သွားရင်းဆိုသည်။

"ဟုတ်တယ်လေ၊ မိန်းကလေးတွေ ဘယ်လောက်လှလှ ရူပုတ်
ခြွေနေရင် အဲဒီအလှက ရွတ်တွတ်နဲ့ မြင်သာအောင်ပြောရရင် ခရမ်းသီး
ညှစ်ခြောက်လိုပဲ ကြည့်မကောင်းဘူး"

"ကွတ်"

ဆူးနှင်းဆီ အံခရက်သလို ငြူစူပုတ်ဖောင်းဖို့လည်း ခက်ချေ၏။
ဆူးသဖြင့် မာနနှင့် ဆတ်ဆတ်ထိမခံ တို့ပြန်ဖို့ အရှိန်လျော့ကျသလို
ခြင်းကာ –

"ပြောလေ ဆူး၊ ပြောစရာရှိတယ်ဆို"

"ရှင် ဘယ်လိုလူလဲ ရာစုသစ်"

ဆူးနှင်းဆီ မာနရှိန်ကိုဘေးဖယ်ရင်း မေးချသည်။ ရာစုသစ်က
ကန်စပ်နားရှိ တောမရန်းပင်ကြီး၏ပင်စည်မှာ လက်တစ်ဖက်ထောက်ရပ်
ရင်း –

"ကိုယ် ဘယ်လိုလူဆိုတာ ဆူးဘာသာဆူး မှတ်ချက်ပေးလို့
ရတယ်ဗျ"

"အိုး ဆူး ကြိုးဖူးသမျှထဲမှာ ရှင်ဟာ နားလည်ရအခက်ဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခုလို မှတ်ချက်ပေးတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ရမလို ဖြစ်လာပြီ"

"ဘာလဲ၊ ရှင် ခနဲ့နေတာလား"

"ဆောရီး၊ ခနဲ့တယ်လို့မထင်ပါနဲ့၊ ကိုယ် ဘဝင်မြင့်ချင်စိတ် ပေါက်လာလို့ပါ"

ဆူးနှင်းဆီ နှုတ်ခမ်းကိုက်ရင်း မျက်စောင်းရင့်ရင့်ထိုးပစ်တယ်။ ရာစုသစ်က အရေးမစိုက်။ ကန့်ရေပြင်ပေါ်မှ လှေပ်တိုက်ပြေးလာသော လေပြည်ညင်းကို တစ်ဖျိုက်ရှူပြီး –

"ကဲ ပြောလေ၊ ပြောမယ်ဆိုတာ"

သူမကိုကြွေနေသော တခြားယောကျ်ားလေးများလို ဆူးနှင်းဆီမာနဖြင့် တဝဲလည်လည်ပြုထားနိုင်စွမ်း မရှိသလိုဖြစ်မှန်း ဆူးနှင်းဆီ ရိပ်စားမိသည်။

ရိပ်စားမိတာတွေ့ရဲ့နောက်မှာ ဆူးနှင်းဆီ၏ ပင်ကိုမာနဆူးကို ရှင်ထဲမှာ ခေတ္တမြုပ်နှံလိုက်ဇာ။ ပြီးနောက် နှုတ်ခမ်းလေးပွင့်ဟမတတ် ပြုံးရင်း –

"အင်း ပြောမယ်"

သူမ ခေါင်းဆတ်ခ့ဲ ပြောမယ်ဟုဆိုလျှင် ရာစုသစ် စိတ်ဝင်တစား လှမ်းကြည့်ဇာ။ တံခါးဖွင့်ထားလျက်ဖြစ်သော သူမပြူတင်းကားလေးပေါ် သူမ တက်ထိုင်သည်။

"ရာစုသစ်၊ ကျေးဇူးပြုပြီး ရှင် ဆူးကားနား ခဏလောခဲ့ပါလား"

"ရတယ်လေ"

ရာစု ပြောရင်း လှမ်းလာလျှင် သူမကားစက်ကို အဆင်သင့်ထားဇာ။ ကားစက်သံက ငြိမ့်ငြိမ့်လေးရယ်။ ရာစုသစ် ကားနားရောက်သည်။

သူမ ကားတံခါးဘောင်ကို ဆုပ်ကိုင်ရှဲ ခေါင်းလေးငုံ့ကာ ရာစုသည်။

"ကဲ ဆူး ပြော"

"ရှင့်ကို ချဉ်ပတ်အိုးထဲ ထိုးထည့်ချင်တယ်"

"ဟာ"

ပြောလို့မဆုံးခင် ကားလေးကို ဝူးခနဲမောင်းထွက်သွားသော အပြုအမူ။ ရာစုသစ် ကိုယ်ဟန်အမူအရာ ပျက်သွားကာ ယိုင်ထိုးဇာတ် ဖြစ်သွားဇာ။

သတိကြီးစွာ ကမန်းကတန်း ထိန်းနိုင်လိုသား။ နောက်ဆိုးရွယ်။

"ဟေး ဆူးနှင်းဆီ"

ရာစုသစ် ဖရိုဖရဲ အော်ဟစ်လိုက်သည်။ ထိုအခါ သူမကားရှိန်ဖြင့် ဘက်ဆုတ်လာသည်။

သူ့နားရောက်လုရောက်ခင်မှ ပြန်ပြီး ရှေ့သို့မောင်းသွားကာ

www.burmeseclassic.com

www.burmeseclassic.com

လက်တစ်ဖက်မြောက်ပြပြီး –

"ရှင့်ကို ဆူးနှင်းဆီကလည်း ဆူးတွေ ပြန်ပေးတယ်လို့ မှတ်
လိုက်"

"တောက်"

ရာစုသစ် ပြင်းရှရှတောက်ခတ်ရင်း လက်နှစ်ဖက် ခါးထောက်
ရပ်ဒန်း။ ခဲ့ခဲ့တောက် သူမပြိုင်ကားလေးက မိနစ်ပိုင်းအတွင်း သူမြင်ကွင်
ထဲမှ ပျောက်ကွယ်သွားလျှင် သူကလည်း ဆူးရှိသော နှင်းဆီပန်းလို
ခေါင်းမော့ထားတယ်။

ထို့နောက် ရင်ထဲမှာ တီးတိုးစိန်ခေါ်သည်မှာ –

"မင်းပေးတဲ့ဆူးက မင်းရင်ထဲပြန်ရောက်စေရမယ်၊ အဲဒါ ရာ
သစ်ရဲ့ ပစ်မှတ်ကွ"

✿ ✿ ✿

အခန်း (၁၉)

"နေဦးကွ၊ ဆူးနှင်းဆီကို မင်း ဘယ်လိုထင်နေလို့လဲ ရာရာ"

အကြောင်းစုံကို အချိတ်အဆက်မိမိ သိသွားသော အံ့မင်း။
ရာစုသစ်ကို နားမလည်နိုင်စွာ ကြည့်ရင်း မေးရသည်။

ရာစုသစ် မှန်တိမှန်ဝါးနှင့် ဆိုဖာဆုံလည်ထိုင်ခုံမှာ ထိုင်ချရင်း
အံ့မင်းကိုကြည့်သည်။ အံ့မင်းက အင်တာဗျူးသတင်းရေးထားသောဖိုင်တွဲ
ကို စားပွဲတင်ပေးရင်း မေးပြန်သည်။

"ပြောလေ ရာရာ"

"ဟွန်း"

ရာစုသစ် နှာခေါင်းရှုံ့တွတ်ပြုလျက် –

www.burmeseclassic.com

www.burmeseclassic.com

"စောင့်ကြည့်ရင် အခြေပေါ်မယ်"

"ကျွတ် မဟုတ်တာတွေ"

အံ့မင်း မနှစ်ပြို့ချင်ချင်ဖြစ်လေသည်။ ရာစုသစ် ရယ်မော

"ဘာလို့မဟုတ်ရမှာလဲ အံ့မင်းရာ၊ ဆူးနှင်းဆီက ဘ သာမန်ထက် ကဲနေတဲ့ဖြစ်စဉ်က ငို့မျက်လုံးထဲ ဆူးတစ်ချောင်းရှူးဝင် သလိုပဲ၊ ဒါကြောင့် ဇာတ်လမ်းစတာ"

"ဇာတ်လမ်းစတာ"

"ဟုတ်တယ်"

"မင်း ဘာမျှော်ကိုးပြီး စတာလဲ"

"ဟင်"

ရာစုသစ် မျက်မှောင်ကုတ်ကျသွားသည်။ အံ့မင်းမေးခွန် လည်း အသံတိတ်ပြန်ရွတ်မိ၏။

ဘာကိုမျှော်ကိုးပြီး စတာလဲတဲ့။ အံ့မင်းမေးခွန်းကြောင့် ရာစု နားလည်ခက်ခက်ဖြစ်ရသည်။ အံ့မင်းက အင်တာဗျူးထားသော အ တော် လကမ္ဘာ၏စီဒီကို စက်ထဲထည့်ရင်း –

"ပြောလေ ရာရာ၊ မင်း ဘာကိုမျှော်ကိုးတာလဲ၊ ငါ နားမလ တော့ဘူး။ ခန့်ပိုင် ပိုပြီး နားမလည်ဖြစ်နေတယ်၊ ဆူးနှင်းဆီ ဘာရှိ မင်း သိသိကြီးနဲ့ ခုလက်ရှိအနေအထားအရ ဘာတွေဖြစ်နေတယ် လဲ"

"ဘာ ဘာကိုလဲ"

"ခန့်ပိုင်ယောက်ဖ သိသိသာသာမောင် သုတကြယ်လေ"

"သုတကြယ်"

"ဟုတ်တယ်"

ရာစုမျက်ဝန်းမှာ ထိုနေ့ကအဖြစ်အပျက်ကို ပြန်မြင်လာသည်။ အောက်ကျနောက်ကျ အမူအရာနှင့် ဆူးနှင်းဆီ အသိအမှတ်ပြုဖို့ ပန်း စည်းဆက်သသော သုတကြယ်။ သူမ တို့ပြန်သောအပြုံးအမူက ရှုပ်ပျက် ဆင်းပျက်။

သိသိသာ သည်းမခံနိုင်အောင်ဖြစ်ရလေသည်။ ထိုအခြေအနေ နောက်ဆက်တွဲ ဘာတွေဖြစ်သည်ဆိုတာ ရာစုသစ် မသိတော့ပါ။ အံ့မင်း အစဖော်ပြောလာမှ စိတ်ဝင်တစား ဖြစ်လာသည်။

"သုတကြယ် ဘာဖြစ်လို့လဲ"

"ဆေးရုံတင်ထားရတယ်"

"ဘာ ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ ဆူးနှင်းဆီ ဘာအကြိုးနဲ့ တွန်းလိုက်လဲမသိ ဘူး။ သုတကြယ် နောက်လန်ကျသွားတယ်၊ အဲဒီမှာ အရှိန်မထိန်းနိုင်ဘဲ သုတကြယ် လိမ့်ကျသွားတယ်၊ ကျတဲ့အရှိန် ဘယ်လောက်ပြင်းလဲမသိဘူး ခေါင်းနဲ့ဝလက်ဖောင်း ဆောင့်မိပြီး သတိလစ်သတဲ့၊ အဲဒါတောင် ဆူး နှင်းဆီက လှည့်မကြည့်ဘူး။ သုတကြယ်သူငယ်ချင်းတွေ ဆေးရုံတင်ကြ

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဆရာဝန်စစ်ဆေးတော့ အာရုံကြောထိတယ်ဆိုလား ဘာလား၊ အခု မူမမှန်သလို ဖြစ်နေတယ်၊ ခန့်ပိုင်တောင် ဒီနေ့ ရုံးမတက်ဘူး ဆေးရုံမှာ သီသီသာကတော့ ဆူးနှင်းဆီကို ဆွဲမယ် ဖြဲမယ်နဲ့ ပေါက်ကွဲနေတယ်"

ကြားရသည်သတင်းက ရာစုရင်အုံကို ကျောက်စိုင်တစ်ချပ်လို တင်းမာစေသည်။ ဆူးနှင်းဆီဟာ သူထင်တာထက် ဆူးများနေတာပဲလား။

"ပြောလေ ရာရာ၊ မင်း ဘာဖြစ်လို့ ဆူးနှင်းဆီကို ဇာတ်လမ်း ရတာလဲ"

"စိတ်ဝင်စားလို့ ဆိုပါတော့"

"ဟာ"

အံ့မင်း လန့်ဖျပ်မတတ် မှင်တက်အံ့သြသွားသည်။ ရာစုသစ် ပြောပြီးသည်နှင့် ပြုံးကြည့်သော အံ့မင်းမျက်လုံးကို ရှောင်လွှဲ၏။

အင်တာဗျူးဖိုင်တွဲကို ဟိုဒီလှန်လှောရင်း အခြေအနေကို ရာစုသစ် စောင့်ကြည့်လျက် –

"မင်း မင်း ခံရမှာကွ"

အံ့မင်း မလုံမခြွေးပြာသလို –

"မဖြစ်နိုင်တာကွာ၊ မယုံဘူးကွာ"

ဟု ကယောင်ကတမ်းပုံစံဖြင့် ရေရွတ်သည်။

"နေစမ်းပါဦး။ ဆူးနှင်းဆီမှာ မင်းအတွက် ဘာစိတ်ဝင်စားစရာ ရှိလဲ"

"အဲဒါတော့ ငါမသိဘူး။ ငါသိတာ စိတ်ဝင်စားစရာကောင်းတဲ့ အပြုအမူတွေရှိတယ်၊ အဲဒါကြောင့် ဇာတ်လမ်းစလိုက်တာ၊ ဘာပဲဖြစ်ဖြစ် ဒီစတဲ့ဇာတ်လမ်းထဲ ဆူးနှင်းဆီ လိုက်လာပြီ၊ မင်းလည်းမြင်သားပဲ"

"ဟ အဲဒါ မင်းစတဲ့ဇာတ်လမ်းထဲ ဝင်လာတာမဟုတ်ဘူး။ ဆူးနှင်းဆီ ယေားကွက်ထဲ မင်းခြေကွဲနေတာကွ"

ရာစုသစ် ခေါင်းယမ်းလိုက်၏။ လှန်လှောနေသော ဖိုင်တွဲကို ပိတ်သည်။ ထိုင်နေရာမှ ဆတ်ခနဲထကာ –

"ကျွတ်၊ အံ့မင်း မင်း ဘာမှမသိဘူး။ ဒီမှာ ဆူးနှင်းဆီကို ငါ စိတ်ဝင်စားတာ ပန်းတစ်ပွင့်လို သဘောထားပြီး ပိုက်ပိုက်ထွေးထွေး စားချင်တဲ့ ဖီလင်နဲ့ မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"ဆူးနှင်းဆီကို ဆူးတစ်ချောင်းလိုပဲ မြင်တယ်၊ ဆူးတစ်ချောင်းပဲ ခံစားလို့ရတယ်၊ အဲဒီဆူးက ဘယ်အထိ ချွန်မြစူးရှနေမလဲဆိုတဲ့ အပြုမူကို ခံစားချင်တာ"

"စူးမြမှု"

"ဟုတ်တယ် စူးမြမှု၊ ဆူးနှင်းဆီ ဘယ်လောက်စူးမြသလဲ စားသိနဲ့သိဖို့"

www.burmeseclassic.com

www.burmeseclassic.com

"သိဖို့၊ သိပြီး မင်းဘာလုပ်မှာလဲ"

"အဲဒါက နောက်ပိုင်းကိစ္စ"

"ကျွတ် ရာရာ၊ မင်းစိတ်ဝင်စားမှုက မဟုတ်သေးဘူး ဆူးနှင်းဆီ ဘာဆိုတာ မင်းမြင်နေရပြီပဲ၊ မြင်ရလုံနဲ့ အားမရဘူး၊ ခံစားနဲ့သိအောင် မင်း လိုက်ဝင်မယ်ဆိုတာက မင်းကံကြမ္မာဆိုးပါးအော မင်းပြုနေတာပဲ၊ မင်း အဲလိုပြုနေတာ မင်းမာမီသိရင် ပိုပြီး စိတ်ထိ မယ်၊ ပြီးတော့ အစော"

အုံမင်းစကားမဆုံးခင် သူ လက်ကာဟန့်သည်။

"အစောနဲ့ ဘာမှမဆိုင်ဘူး၊ မာမီက ကိုယ်ရဲ့လွတ်လပ်စွာ ခွင့်ကို ပိတ်ပင်လေ့ရှိတဲ့ အမေမျိုးမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် မင်းခံရမှာ သေချာတယ်"

"စိန်လိုက်လေ"

ရာစု လက်မ,ထောင်ပြီး စိန်ခေါ်လျှင် အုံမင်း ခေါင်းတွင် ယမ်းသည်။ ထို့ပြင် လက်တကာကာနှင့်ပြောသေး။

"မင်းဘာသာမင်း စိန်လိုက်၊ မင်းသိလိုတဲ့ခံစားမှု ဆူးကန့်လန့်သေးတင်မက, မင်းဘဝကိုပါ ထုတ်ချင်းပေါက်ဖြစ်စေမယ်ဆို ငါတို့ကြိုသိတယ်၊ ဒါကြောင့် ခန့်ပိုင် ဘာမှမပြောတော့တာ၊ မင်းရဲ့ အတိုင်း လွတ်ထားလိုက်တဲ့၊ ငါက အဆိုးတရားတွေကို မြင်နေ မပြောဘဲမနေနိုင်ဘူး၊ ဒါကြောင့်ပြောရတာ၊ မင်းစိတ်နဲ့မင်း ရှေ့ဆက်

ဆိုလည်း ဆက်ပေါ့ကွာ၊ ငါတို့ မတားဘူး၊ ဒါပဲ၊ ငါ ဆေးရုံလိုက်သွားဦးမယ်၊ သုတကြယ်အခြေအနေကို တိတိကျကျ သိချင်လို့"

အုံမင်း ပြောဆိုထွက်သွားလျှင် ရာစုသစ် ပခုံးလေးပင့်ကာ မသိမသာ မဲ့လိုက်သည်။

သုတကြယ် –

မင်းခံရသလို မင်းရဲ့အလှမဖုံးလေးလည်း ခံစားရလိမ့်မယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

"အစော"

လွတ်ခနဲ ခုန်ထွက်သွားသော သူ့ခေါ်သံတို့ရွဲ့ရွဲ့ကလေး။ ထိုသံထဲတွင် လိုက်ဖို့ခြင်းတွေ ပါသွားမှန်း ရာစုသိလို မျက်တောင်မခတ်မိ တမ်း ငေးကြည့်မိသွားသည်။

အစောကတော့ သူ့ခေါ်သံ တိုးရွဲလွန်းတာမို့ မကြားချေ။

သူမ လုပ်စရာရှိတာကို ဆက်လုပ်နေသည်။ အပြုံးပွင့်အဆင်ပါသော သူ့အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်တွေရွှတ်ကာ ပန်းနုရောင်ရေစင်ပေါ် အနီပွင့်ရိုးလေးများပါသော ချည်သားအိပ်ရာခင်းနှင့် ခေါင်းအုံးအစုံတွေ လဲလှယ်နေသည်။

သူ့အခန်း သူ့အိပ်ရာသည် အစောလက် အစောခြေချည်းသာ။ အရင်က ကျေနပ်ရုံသာဖြစ်ပေမယ့် ခုတော့ တစ်ခုခုကို ခံစားမိသလို ဖြိုက်လိုက်ကလေးဖို့ရသည်။

ဒါ ဘာကြောင့်ပါလိမ့်။

ရယ်ဒီမိတ်အကို့ပွဲလေးနှင့် အစော တည်ငြိမ်ကာ ကူးခြေရနေသည်မှာ သူ့စိတ်ကို လိုင်းသော့သော့ပုတ်သလို ပြေးပြေးလွှဲစိတ်။

အစောက အိပ်ရာခင်းအစွပ်လဲပြီးမို့ လိုက်ကာပါဖြုတ်လဲစိတ်။

ထို့နောက် ညစ်နေတာတွေအားလုံးကို ပလတ်စတစ်တောင်းထဲ ပြုထည့်စိတ်။ ပြီးမှ အညစ်တောင်းပင့်မကာ အခန်းတံခါးဆီ ခြေဦးလှည့်သွင် –

"ဟင် ရာရာ"

အခန်းဝမှာရပ်လျက် သူမကို စူးစူးစိုက်ကြည့်နေသော ရာရာ့ကို တန်းခနဲဆုံသည်။ အကြည့်ချင်းဆုံအတွေ့မှာ ရွှန်မြသောသင်းလိုင်းတို့ ယှက်ထွေးသွားစိတ်။

"အစော"

ရာရာ ခြေလှမ်းရွေ့တိုးနှင့်ခေါ်ဆိုကာ သူမဆီ တည့်တည့်လျှောက်လာသည်။ ထိုအခါမှ အစော ဖျတ်ခနဲ အကြည့်ရုပ်ပြီး –

"နင် စိတ်အနှောင့်အယှက် ဖြစ်သွားလား ရာရာ"

ထိုမေးခွန်းက စည်းနှောက်ကြီးတစ်ခုခြားသလို ရာစုသစ် ခံစားရ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ထို့ကြောင့် ရင်ထဲမှာ နိမ့်နိမ့်မိုဟာ၏။ ရာရာ တစ်ရုခုပြန်မပြော ရသေး။ အစောကပဲ ဆက်ပြောပါသည်။

"ဆောရီး ရာရာ၊ အနိတီစိုး အိပ်ရာဝင်းအသစ်လဲပေးရင်း နဲ့အိပ်ရာခင်းတွေပါ ချွတ်လဲလိုက်တာ၊ နဲ့အတွက် စိတ်အနောင့်အယှက် ဖြစ်ရတယ်ဆိုရင် နောက်တစ်ခါ ဒေါ်ခူးကိုပဲ လဲခိုင်းမယ်၊ ငါ့ကြောင့် နဲ့ စိတ်အနောင့်အယှက် မဖြစ်စေရပါဘူး၊ ဟုတ်ပြီလား"

"အစောရယ်"

ထိထိရှရှ ခံစားရသလို ရေရွတ်မိသည့်နောက်မှာ သူမျက်ဝန်းမှာ စွတ်စိုလာသည်။ ထိုအခါ သူ့စိတ်အာရုံ လွတ်ထွက်သွား၏။ ,

သူ့ရှေ့ရောက်နေသော အစောပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် သား ဖြစ်ချေပြီ။

"အို ရာရာ"

အညစ်တောင်းကို လွှတ်ချရင်း သူမပခုံးထက် ရောက်နေသော ရာရာ့လက်ကို ဖယ်ရှား၏။

"အစော"

"ဆောရီး ရာရာ၊ ငါ့ကို တွယ်မိတွယ်ရာ တွယ်တက်တဲ့ မိန်း ကလေးဆိုပြီး အထင်အမြင် မသေးပါနဲ့ဟာ၊ နောက်တစ်ခါ နဲ့အခန်းထဲ ငါ မဝင်ပါဘူး၊ ငါ ကတိပေးပါတယ်"

"အစောရယ်၊ နင် ငါ့အပေါ် နာကြည်းနေတာလား"

"မဟုတ်တာဘဲ ရာရာရယ်"

"အဲဒါဆိုလည်း နင် ဘာကတိမှ ပေးစရာမလိုဘူး၊ နဲ့ကို

"ငါ ငါသိပါတယ်ဟာ"

သူ့စကားမဆုံးသေးခင် မညီညာသောအသံဖြင့် အစော ရာစုသစ် မျော်လင့်တကြီးဖြစ်သော စိတ်ခံစားမှုဖြင့် –

"ဘာသိတာလဲ အစော"

"ငါ့ဘက်က ဆင်ဆင်ခြင်ခြင်နေရမယ်လေ"

"ဘာဖြစ်လို့"

"လောင်းရိပ်သိရင် သံသယဖြစ်မှာစိုးလို့"

"ဘာ"

"ဟုတ်တယ်၊ လောင်းရိပ်သိရင် သံသယမဖြစ်ရင်တောင် ငြူစူ စိမ့်မယ်၊ ဒါကြောင့်ပါ"

သူ့ရင်မှာ တကယ့်ကို နိမ့်နိမ့်ကွဲကွဲဖြစ်သွားလေသည်။ အစောက ဆင်ခြင်သတိလေးနဲ့ လှုပ်လှုပ်ရှားရှားဖြစ်တာတွေ ရင်း အညစ်တောင်းကို မကာ သူ့ကိုကျောခိုင်းသွားလေသည်။

"အစော"

ရာစုသစ်ရင်ထဲမှာ အားပြင်းသောလျှင်တစ်ခု လှုပ်ခါသွားလေ

www.burmeseclassic.com

www.burmeseclassic.com

သူဆွဲခေါ်တာကို အစော အရေးမစိုက်ပါ။ ကိုယ်လုံးလေးယိုင်ကာ ရှောင်ဖယ်ရင်း အောက်ထပ်ဆင်းသွားလေသည်။

ရာစု ကယောင်ကတမ်းဖြစ်သလို ဘာကိုမှလည်း နားမလည်နိုင်တော့ပါ။

အစောက ဒေါ်ရွှေးလက်ထဲ အညစ်တောင်းအပ်ပြီး ထို့နောက် တိုက်နောက်ပေါက်ကနေ တစ်ဖက်ခြံတက် ကူးသွားလေပြီ။

"အစော"

ရာစုသစ် မျက်လုံးကို စုံမှိတ်လိုက်ပြီး မမြင်ချင်ပါဘူး။ ကျွန်ုပ်ခိုင်းသွားသော အစောအရိပ်ကို သူမမြင်လိုပါ။

စုံမှိတ်ထားသော မျက်ဝန်းများ ပြာမှောင်သွားသည်အထိ ရာစုသစ် ငြိမ်နေလိုက်သည်မှာ ရင်ထဲမှ ထပ်မံပေါက်ဖွားလာသော ပြင်းထန်တစ်မျိုးကြောင့်ဖြစ်၏။

အစောရေ –

နင်နဲ့ငါက သုံးနှစ်လေးလား။

ဒါမှမဟုတ် ခြောက်ထပ်ခန်းနဲ့ ကိုးထပ်ခန်းလို ပုံသဏ္ဌာန်တူသော်လည်း ခြောင်းတိခြောင်းဆန် ဖြစ်နေတာမျိုးလား။

ပြောစမ်းကွာ။

✿ ✿ ✿

အခန်း (၂၈)

ည။

မဟူရာဇာပဝါပါးပါးလေး လွှမ်းထားသော ထိုည။

ရာစုသစ် အိပ်မရပါ။

အိပ်ပျော်အောင်ကြိုးစားလို့လည်း မရပါ။

ဘာကြောင့် အိပ်မရဖြစ်ရတာလဲ။ ဘာကြောင့် အိပ်မပျော်နိုင်ဖြစ်ရတာလဲ။

ထိုမေးခွန်းများနှင့်အတူ ရာစုသစ် မျက်ဝန်းသည် အစောတို့ အိုက်တက်ဆီ ငေးကြည့်ပြန်၏။

ဘာဆိုင်လို့ ကြည့်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

ထိုပေးခွန်းနောက်မှာ အကြည့်ကို သတိတရားရှိရှိ ပြန်လည်
ရုပ်သိမ်းမိသည်။

မကြည့်တော့ပါဘူး၊ မတွေးတော့ပါဘူးဟု စိတ်ကိုထိန်းရင်
အိပ်မျော်အောင်ကြိုးစားသော်လည်း မရချေ။

ခုတင်ပေါ် ငုတ်တုတ်ထိုင်ရင်း ငိုင်နေမိသည်မှာ အတန်ကြာ
စိတ်ညစ်ညူးစွာ ခေါင်းတွင်တွင်ယမ်းမိသလို သက်မအလိုလိုချဖြစ်သည်
က အကြိမ်ကြိမ်။

တစ်ခါမှ သူ့စိတ် သူ့ခံစားချက် ထိုသို့မဖြစ်ခဲ့ပါ။

ဘဝအခက်အခဲ၊ အကျပ်အတည်းများ ရင်ဆိုင်ရစဉ်ကတော်
ရာစုသစ်စိတ်သည် ဂျုတ်လတ်တက်ကြွနေခဲ့သည်။

ဖေဖေ ဆီးကျိုတ်ကင်ဆာဖြစ်ပြီး သိပ်မကြာ မေမေ့ဓမ္မာ ကိုယ်
တစ်ခြမ်း လေထီသလိုဖြစ်၏။

ထိုစဉ်က စီးပွားရေးကလည်း အနှတ်လက္ခဏာပြနေသည်
ဖေဖေရဲ့မဂ္ဂဇင်းတိုက်က အချုံးတွေ့ဆက်တိုက်။ ညီမနဲ့မောင်ငယ်က
အလိုက်မသိကြပါ။

မိဘနှစ်ပါးကိုပြုစုဖို့ ဒါမှမဟုတ် အလုပ်ပိုင်းလုပ်ဖို့ကို စိတ်
မဝင်စား။

ဖေဖေ ကျန်းမာရေးကောင်းပြီး စီးပွားရှာနိုင်တုန်းကလို သုံး
ဖြုန်း ပျော်ပါးနေကြသည်။

အခြေအနေကို ရှင်းပြပြီး လိမ္မာအောင် လမ်းခင်းပေးပေမယ့်
ရေးမရိုက်။ သူ့တစ်ယောက်တည်း အဖော်ဖက်ကို လိုက်ထိန်းနေရတာ
ခဲခြေလည်။

သူတင်မက အစောကရော ဘာထူးလဲ။

ဖေဖေနဲ့မေမေကို ဒိုင်ခံပြုစုတာလေ။ အစော အပြုအစုကောင်း
ဖို့ မေမ့ဓမ္မာ အိပ်ရာထဲ ပက်လက်ဖြစ်မသွားခြင်း။

ခုတောင် စကားပြောရင် ပါးစောင်တစ်ဖက် ခပ်ရွဲ့ရွဲ့လေးဖြစ်
သလို စကားသံလည်း မထိစလောက် လုံးနေသေးသည်။ ညာဘက်ဂိုယ်
သန်ခြမ်းက ဘယ်ဘက်လို ပုံမှန်မဖြစ်။ ခပ်လေးလေးနှင့်။

ဖေဖေက ကင်ဆာဆိုတော့ အစော အပြုအစုကောင်းသော်
လည်း မေမ့လို ကျန်းမာမလား။ ဆေးကောင်းဝါးကောင်းအစွမ်းနှင့်
ဆက်သောင့်သက်သာနေရပေမယ့် သက်ဆိုးမရှည်လှ။

ဖေဖေဆုံးပြီး သုံးလမကြာ ညီမမေတာရာက ယောကျ်ားနောက်
ကို ပြေးပါ၏။ ညီမယောကျ်ား လင်းတွင်းက ကျောက်မျက်ရတနာကုန်သည်
တစ်ဦးတည်းသောသားဖြစ်သော်လည်း မိဘပိုက်ဆံ ထိုင်ပြုန်းနေသူ။

ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်လို့ မိတာက စိတ်ဆိုး
ဖို့ အိမ်ပေါ်မှ နှင်ထုတ်သတဲ့။

ထိုအခါ ညီမ မျက်နှာငယ်မှာနိုလို့ သူသာ ငွေကုန်ကြေးကျခံပြီး
စီးလာဆောင် ဘာညာ ဦးဆောင်လုပ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်စားဖို့ပါ အရင်းအနှီးထုတ်ပေးရတယ်။ သူတို့နှစ်ယောက်
သိပြားနေချင်တယ်ဆိုလို့ ဖေဖေရှိစဉ်ကတည်းက သံရုံးမိသားစုကို ဂ
ထားသော ကွန်ဒိုတိုက်ခန်းကို လွှဲပြောင်းပေးခဲ့ပြီး ဒင်းတို့ကို နေစေသ

ညီမကိစ္စပြီးလို့ ဟင်းခနဲ သက်မ,ချရုံရှိသေး၊ ညီငယ်အထ
သစ် တစ်စခန်းထတ်။

"ကိုကို"

"ဘာလဲ ညီ"

"ညီမှာ ချစ်သူရှိတယ်"

"ဟေ"

ညီလေးကို သူ အံ့သြဘနန်း မော့ကြည့်တ်။ ညီငယ့်မျက်နှာ
လှုပ်လှုပ်ရှားရှား ဖြစ်မနေပါ။ သူသာ အံ့သြစိတ်နှင့် လှုပ်ရှားလှု
တွေခနဲဖြစ်တ်။

သူတောင် ရည်းစားထားဖို့ စိတ်ကူးမရှိခဲ့မရသေး။ သူ့အော
ခုနစ်နှစ်ငယ်သော ညီက ချစ်သူရှိသတဲ့။ ပြီးတော့ ညီက ခုမှ ဒုတိယ
ကျောင်းတက်နေဆဲ။ ပုံစံလေးဟာ ကလေးခနဲသလို မျက်နှာလေး
လည်း နုနယ်လှသည်။

အပူအပင်ကင်းသော ကလေးတစ်ယောက်၏ပုံစံသာသာ
ဖြစ်နေသော ညီက ချစ်သူရှိသတဲ့။ ရဲရဲဝံ့ဝံ့ကြီး ရင်ဖွင့်တာမို့ မအံ့သြ
မနေသာ။

ညီငယ်ကတော့ ပုံမှန်ရယ်။ ပြောစရာရှိတာ ပြောတာပဲဆိုသော
အမူအရာမျိုးဖြင့် သွက်လက်စွာပြောနေသည်။

"ဟုတ်တယ် ကိုကို"

"အဲ အဲဒီတော့"

"ရွေးနဲ့ညီ ခွဲမနေချင်ဘူး။ အဲဒါ ကိုကိုစီစဉ်ပေးပါလား။ မမလိုပဲ
ခန်းနားနား မင်္ဂလာဆောင်ပေးဖို့ ကိုကို့ကိုပြောတာ"

"ညီ"

သူ ခေါ်ရင်း အလုပ်စားပွဲမှ ဝုန်းခနဲထလေသည်။ အခန်းတံခါး
နားရှိ နံရံကပ်ဗီရိုနားမှာ ရပ်နေသော ညီရှိရာ သူ ဒရောသောပါးသွား
ကြီး မျက်နှာချင်းဆိုင်လျှင် –

"ဘာလဲ၊ ကိုကို့က ငြူစူချင်တာလား။ အဲလိုလုပ်လို့မရဘူးနော်
ကိုကို မမအလှည့်တုန်းက ကိုကို မျက်နှာတစ်ချက်မှမပျက်ခဲ့ဘူး။ အစော
ကိုကို ကြည့်ပြောဦး။ ကိုကိုက ညီပြောတာကို ရှောင်ဖယ်ချင်ချင်ဖြစ်နေ
တာဟ"

ညဘက် အလုပ်စားပွဲမှာ သူ အလုပ်လုပ်တိုင်း အစောက
ကော်ဖီဖျော်ပြီး ဓာတ်ဘူးငယ်လေးထဲ ထည့်ပြီး သူ့အလုပ်စားပွဲမှာ
ထားနေက။

ခုလည်း အလုပ်စားပွဲမှာထားဖို့ ကော်ဖီဓာတ်ဘူးလေး မလာပြီး
အခန်းထဲ ဝင်လာသည်နှင့် ညီက အစောဘတ်လှည့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

အစော မျက်နှာလေး ခပ်ရဲ့ရဲ့ဖြစ်ကာ -

"ဟုတ်တယ်ရာရာ၊ ညီက"

"တော်စမ်းပါ၊ နင် ဘာမှ ဝင်မပြောနဲ့ အစော"

အစော စကားဆုံးအောင် သူပြောခွင့်မပေး။ မာန်မဲသ
ဖြတ်ပြောလျှင် အစောမျက်နှာ မလုံမလဲဖြစ်သွား၏။ ခေါင်းလေးအသာ
၍ -

"မပြောလို့ရမလား ရာရာရယ်၊ ညီနဲ့ရွှေက လွန်လွန်ကျွေးကျ
ဖြစ်ထားပြီးပြီတဲ့"

"ဘုရားရေ"

"ဟုတ်တယ် ကိုကို"

ရာစုသစ် ဘုရားတလိုက်တဲ့နောက်မှာ ညီက ဝန်ခံလေသည်
ရွှေဆိုတဲ့ ကောင်မလေးနဲ့ ညီက ချစ်သူအဆင့်လွန်နေပြီတဲ့။

အစောက စာတ်ဘူးကို အလုပ်စားပွဲပေါ် အသာတင်၍ ဆ
ပြောသည်။

"စောလည်း ရွှေနဲ့တွေ့ပြီးပြီ ရာရာ၊ ရှေ့ဆက် ဒီအတိုင်းနေ
ရွှေ အရှက်တကွဲဖြစ်တော့မှာ၊ ရွှေဆီမှာ ညီနဲ့ရတဲ့ကိုယ်ဝန်က သုံး
ကျော်နေပြီ"

"ဟာ ညီ"

သူ လန့်ဖျပ်ကာ ညီ့ရင်ဘတ်ကို ဆွဲဆုပ်ကိုင်မိသလို ကျစ်

ဆုပ်ထားသည့် လက်တစ်ဖက်ကလည်း မြောက်တက်သွား၏။

စည်းကျော်ဘောင်ကျော်ဖြစ်အောင် ဘာကြောင့်နေထိုင်ခဲ့လဲ
ဆိုသော ဒေါသမေးခွန်းပါသည့် လက်ထိနဲ့ အားပါးတရ ထိုးချလိုက်မယ်
ညီ့ သူ့စိတ်က ဖြစ်၏။

သို့သော် သူ့စိတ်အတိုင်း သူလုပ်ခွင့်မသာ။

"ရာရာ"

အစောက သူ့လက်ကိုဆွဲတားကာ သူနဲ့ညီကြားရပ်၏။ ညီကို
လည်း သူနဲ့ လက်လှမ်းမမီအောင် တွန်းပစ်၏။

"ညီ နင်သွားတော့၊ အစောပဲ ပြောလိုက်မယ်"

ညီက အစောပြောတဲ့အတိုင်း သူ့ရှေ့ကနေ ရှောင်ထွက်သွား၏။

"တောက်"

သူ့ရင်ထဲမှာ ဘာကို မကျေနပ်လို့မှန်း မသိတော့ပါ။ ပြင်းပြင်း
ခန်ထန် တောက်ခတ်မိပြီး။

အစောက သူ့လက်မောင်းကိုဆွဲရင်း အလုပ်စားပွဲနောက်မှ
ကုလားထိုင်မှာ ပြန်ထိုင်စေသည်။

"တောက် တော်တော်မိုက်တဲ့ညီ၊ ငါ လုံးဝမကျေနပ်ဘူး
အစော ဒီကိစ္စအစကတည်းက ငါ့ကိုပြောရမယ်လေ၊ ခုမှ လာပြောတော့
ဘာဆက်လုပ်ရမလဲ၊ မေမေ ပိုပြီးစိတ်ထိခိုက်မယ်၊ မေတာရာ လူ
ကြားကတည်းက မေမေ စိတ်မချမ်းမသာဖြစ်နေတာ၊ ခုတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

"ဘာတတ်နိုင်မှာလဲ ရာရာရယ်၊ ရွေးမှာ ကိုယ်ဝန်ရှိနေမှာ သူတို့လည်း မသိကြဘူး။ ရွေးက စိတ်ထဲတစ်မျိုးဖြစ်နေလို့ ဆရာဝန် စစ်ဆေးကြည့်တော့မှ ကိုယ်ဝန်ရှိနေမှန်းသိသတဲ့၊ အဲဒါ သိသိချင်း သူတို့ လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး။ ထူပူနေကြတာ၊ အဲဒါနဲ့ ညီမ အစောကိုဖွင့်ပြောတယ်၊ အစောလည်း ရွေးဘက်က သေချာနေမှန်း တော့"

"နင်က ငါသိအောင်ပြောလိုက်လို့ အကြံကောင်းပေးလိုက်တာ အဲလိုလား"

"အေး အားလုံး ငါ့အပြစ်ကြီးပဲလို့ သတ်မှတ်လိုက် ရာရာရယ် ဖြစ်သွားပြီး နောက်ဆုတ်လို့မှ မရတော့တာ၊ နောက်ဆုတ်ဖို့မပြော အချိန်ဆွဲနေလို့လည်း မသင့်တော်ဘူး။ အဲဒါနဲ့ ညီကိုကို့ကို ညီ အရင်ဆုံး ပြောလိုက်ဆိုတာနဲ့ ညီ ဖွင့်ပြောတာလေ"

"ကောင်းကွာ၊ သိပ်ကောင်းတယ်၊ တောက်"

ဖအေဆုံးပါးလို့ ဝမ်းမနည်းကြတဲ့အပြင် တစ်ယောက်က လည် နောက်လိုက်၊ ဟော ခုတစ်ခါ ညီငယ်က တစ်မျိုး။

နောက်ဆုံးတော့ သူက အစ်ကိုကြီးအဖအရာဆိုတဲ့ စကား အဝိုင်း မင်္ဂလာဆောင်ပေးရပြန်ပြီ။

သီးခြားနေမယ်ဆိုလို့ နေရေးထိုင်ရေးကအစ စီစဉ်ပေးတာ တောင် ညီက မျက်နှာမသာ။

လုပ်ကိုင်စားဖို့ ငွေရင်းထုတ်ပေးဖို့ တောင်းဆိုလာသည်။ သူ့ဆက်ထဲမှာ ငွေကကျပ်နေလို့ ခဏဆိုင်းပါဦး သူဆိုမိတာကို –

"ကိုကို မတရားဘူး။ မမအလှည့်တုန်းက အစစအရာရာ ထုပ်ပေးပြီးတော့ ညီအလှည့်ကျတော့ ငွေရင်းထုတ်မပေးဘူး။ အဲဒီ အတွက် ညီ မကျေနပ်ဘူး ကိုကို၊ အစော ကိုကို့ကို ပြောဦး"

နောက်ဆုံး အစောကိုပဲ ပြောခိုင်းကာ ညီက လှည့်ထွက်သွား၏။ ညီထွက်သွားသည်နှင့် ဝင်ပြောဖို့ ပါးစပ်ဟရုံရှိသေးသည်။

"ကဲ မယ်မင်းကြီးမ၊ နင် ဘာမှဝင်မပြောနဲ့တော့ အစော၊ လောလောဆယ် ညီ ငွေဘယ်လောက်တောင်းလဲ"

"အဲ"

အစော ဖြေရခက်သွားသည်။

"မအဲနဲ့၊ လိုသလောက်ငွေတော့ ငါ့လက်ထဲ ခုမရှိသေးဘူး။ လောလောဆယ် ဒီတိုက်ဂရန်ကိုပေါင်ပြီး ညီလိုတဲ့ငွေကို ပေးလိုက်၊ ပေါင်ဖို့က နှင့်မိထွေးတော်ကိုပဲ နင်ပြော၊ တိုက်ဂရန်အပေါင်ခံဖို့ အလွန်ဆုံး သုံးလေလောက်ပဲကြာမယ်၊ ငါ တခြားက ငွေရစရာရှိတယ်၊ အဲဒီက ရတာနဲ့ ပြန်ရွေးမယ်၊ ညီက မစောင့်နိုင်ဘဲ၊ ဒါပဲ လုပ်စရာရှိတယ်"

ရာရာ ပြောရင်းဆိုရင်း မီးခဲသေတ္တာထဲ ထည့်သိမ်းထားသော တိုက်ဂရန်ကို ထုတ်ယူပြီး သူမလက်ထဲ ထည့်ပေးသည်။ ပြီးတော့ အသုံး ထဲ တန်းဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

အစောမှာသာ ရာရာတို့နေသော ဇမ္ဗူရွှေခြေခဲ့တိုက်၏ စာရွက်
စာတမ်းပါသော ဖိုင်တွဲကို ကိုင်ထားရင်း စိတ်မကောင်းဖြစ်နေမိသည်။

ဒီမိသားစုကြားမှာ သူမကြောင့် ရာရာ စိတ်အနောင့်အယှက်
တွေ ဖြစ်နေရတာမျိုးလား။

✿ ✿ ✿

အခန်း (၂၂)

"ရာရာ၊ မင်းကတော့ အိုကေနေတာပဲကွ"

"ဘာလဲ အုံမင်း။ အိုကေနေတယ်ဆိုတာ"

"အစောကြောင့်လေ"

"အစောကြောင့်"

"ဟုတ်တယ်လေကွာ၊ မင်းတိုက်ကြီးပေါင်ထားတဲ့ကိစ္စ"

အုံမင်းပြောခါမှ ရာစုသစ် ငေးငေးလေးတွေးမြစ်တာ။ အစော
ကြောင့်တဲ့၊ အုံမင်းပြောသလို ဟုတ်နေသလား။

သုံးလပြည့်ရင် ငြိန်ဇွေမယ်ဆိုတဲ့သူ့စကား။ တကယ်တမ်းတော့
အခက်ခဲရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အစော မျက်စောင်းချီချီလေးထိုးရင်း ပြောတဲ့။

"ဖားမနေနဲ့ ရာရာရယ်၊ အစော ထမင်းစားလာတယ်၊ နင်သာ အပူလုံးကြွပြီး နေ့လယ်စာ မစားရသေးဘူး မဟုတ်လား"

သူ ခေါင်းညိတ်မိတဲ့။ အစောပြောခါမှ ကြွေးကိစ္စလုံးနေလို့ သူ ထမင်းမစားရသေး။ ခုမှပဲ ဗိုက်ကဆာလာသည်။

"သိတယ်၊ သိလို့ နင့်အတွက် ထမင်းချိုင့်ပါ၊ တစ်ခါတည်း ဆည်လာတယ်၊ ကားထဲမှာ၊ အဲ့မင်းရေ ထမင်းချိုင့်သွားယူပေးပါဦး၊ ကားထဲမှာ နင့်အတွက်လည်းပါတယ်"

အစောပြောရင်း သူ့အလုပ်စားပွဲနဲ့ တစ်ဆက်တည်းဖြစ်သော စားပွဲရှည်ကြီးပေါ်မှ ဖိုင်တွဲတွေဖယ်ပြီး ထမင်းပွဲပြင်ဖို့ နေရာရှင်းတဲ့။

အဲ့မင်းက အစောခိုင်းတဲ့အတိုင်း ငါးဆင့်ချိုင့်ဆွဲယူလာသည်။ အစောပြင်ဆင်ပြီးကျွေးမွေးသော ထမင်းပွဲပေါင်း မရေမတွက်နိုင်အောင် သုစားဖြစ်ခဲ့သည်။

သို့သော် ဒီတစ်ခါ သူ့ရုံးခန်းတွင်း ပြင်ကျွေးသောထမင်းပွဲက သူ့အတွက် ခံတွင်းအလိုက်ဆုံးနှင့် အပြန်ဆုံးပင်ဖြစ်သည်။

✿

သူ ရစရာရှိတာတွေ မရဖြစ်ကာ ထိုနေ့က ဗျာများနေခဲ့သည်။ အဲဒါကို အစောမသိပါ။ အဲ့မင်းက အစောကို ဖုန်းဆက်ပြောတဲ့။

ထိုအခါ သူ့ဂျာနယ်တိုက်သို့ အစောရောက်လာကာ –

"နင်ကလည်း စိတ်ပူမနေပါနဲ့၊ အစကတည်းက အဲလိုကြိုတွက်မိလို့ အန်တီမြင့်ကို အစောပြောထားတယ်၊ အပြန်ဆုံး သုံးလ၊ သုံးလ မဟုတ်ရင် ခြောက်လလို့ အတိုးနှုန်းလည်း လျှော့ထားတယ်၊ နှစ်ကျပ်တိုပဲ၊ နင် စိတ်ပူမနေနဲ့ ရာရာရယ်၊ ဟုတ်ပြီလား"

အစော ထိုသို့ပြောလာမှ သူ့ရင်ထဲမှ အပူလုံးလေးကျသွားသည်။

"ကျေးဇူးပဲ အစောရယ်၊ ဦးသန်းဝင်းဆီက ငါရမယ့်ငွေက မရသေးဘူး၊ ဦးသန်းဝင်း နောက်လလောက်မှပေးနိုင်မယ်လို့ ချိန်းပြန်တော့ ငါ့ခေါင်း ပီးတောက်သွားတာပဲ၊ အဲဒီကိစ္စ ဘယ်လိုရှင်းရမလဲ ငါ တွေးနေတုန်းဟာ"

"အစောလည်း ဘာရယ်မဟုတ်ဘူး အန်တီမြင့်ကို အချိန်ကြာကြာလေး ပြောထားမိတယ်၊ နင် အဆင်မပြေဖြစ်မှာစိုးလို့"

"ကျေးဇူးအထူးတင်တယ်ဟာ"

"မလိုပါဘူး"

"လိုတာပေါ့၊ လာ၊ နင့်ကိုငါ နေ့လယ်စာလိုက်ကျွေးမယ်"

"အမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ငါ့အမြင်အရ ပြောရရင် အစောက မင်းရဲ့ ပါရမီဖြည့်ဘက်
ကွ"

အဲ့မင်းပြောလျှင် ရာစုသစ် ငြိမ်သက်နေမိသည်။ ပါရမီဖြည့်
ဘက်တဲ့။

"ဘာလဲ၊ မင်း လက်မခံချင်ဘူးလား"

"အဲလိုလည်း မဟုတ်ပါဘူးကွာ"

"မင်းမိသားစုနဲ့ မင်းရဲ့အဝတ်အခဲမှန်သမျှကို အစောက မင်
ကိုယ်စား ကြားခံရှင်းပေးနိုင်တာက နည်းနည်းနောနောစေတနာ မဟုတ်
ဘူး ရာရာ"

ရာစုသစ် သက်မရှည်ကြီးချလျက် ဖိုင်တွဲကို လှန်လှောနေလိုက်
သည်။

"ဒါနဲ့ရာရာ၊ ငါ တစ်ခုမေးမယ်၊ မင်း မညာနဲ့"

"ဘာလဲ"

"မင်း အစောကို နည်းနည်းလေးမှ ရင်မခုန်ဘူးလား"

ထိုမေးခွန်းနောက်မှာ ရာစုသစ်မျက်ဝန်း ငြိမ်သက်သွား၏
အဲ့မင်းကိုပဲ မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေလျှင် -

"ဘာလဲ၊ အစောမှာ မက်လောက်တဲ့ပိုင်ဆိုင်မှု မရှိလို့လား"

"ဟာ အဲ့မင်း"

သူ့ကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

အဲ့မင်း ပခုံးလေးပင့်ကာ ပေါ့ပေါ့လေးရယ်ပြီး -

"ငါမေးတာ ရိုးရိုးလေးပါ၊ သေချာပြန်စဉ်းစားကြည့်ရင် အစောမှာ
ပိုင်ဆိုင်မှု ဘာမှမရှိဘူး။ အမွေလည်း ရကိန်းမပြင်ဘူး။ အစောဘဝဖြစ်စဉ်
အဆက်ဆက်လည်း မင်းသိသားနဲ့"

ရာစုသစ်ရင်မှာ မွန်းကျပ်လို့သွားလေသည်။ အဲ့မင်းက သူ
ချစ်ခင်ပြီးဖြစ်သော အစောတို့ဘဝဖြစ်စဉ်ကို ဒလဟောပြောဖို့။

"အစောက အန်ကယ်ဦးမောင်နိုင်နဲ့ ဒေါ်စုစုတို့ရဲ့ မွေးစားသမီး
ဒေါ်စုစုဆုံးသွားတော့ ဦးမောင်နိုင်ရဲ့ပိုင်ဆိုင်မှုမှန်သမျှကို ဦးမောင်နိုင်က
သွေးသမီးရင်းငါးယောက်ကို အညီအမျှ ခွဲပေးလိုက်ရတယ်၊ အစော
တွက် ဘာမှ ပေးကမ်းတာမရှိဘူး။ ဒါတင်မက ဒေါ်စုစု ဆုံးသွားပြီး
ကြာဘူး၊ အစောရဲ့ မွေးစားဒယ်ဒီက မုဆိုးမဒေါ်ဥမ္မာမြင့်ကိုယူတယ်၊
ဒေါ်ဥမ္မာမြင့်ရဲ့သားသမီးတွေ မကျေနပ်လို့ ဒေါ်ဥမ္မာမြင့်က သူ့သားသမီး
အားယောက် ကျေနပ်အောင် ဒေါ်ဥမ္မာမြင့်ရဲ့ပိုင်ဆိုင်မှုအားလုံးကို သား
သမီးနာမည်တွေနဲ့ လွှဲပေးလိုက်တယ်၊ အစောတို့သားအဖ လက်ရှိနေနေ
တဲ့ ဒေါ်ဥမ္မာမြင့်တိုက်နဲ့ ငွေချေးလုပ်ငန်းမှန်သမျှက ဒေါ်ဥမ္မာမြင့်ရဲ့ သား
သမီးတွေ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ထားကြတယ်၊ အဲဒီတော့ အစော
တို့ဘယ်အနေအထားလဲ၊ အရှင်းဆုံးပြောရရင် မွေးစားအမေနဲ့ မွေးစား
ဖေယူထားတဲ့ မိတွေးအရိပ်အောက်မှာ ထမင်းတစ်ဝင်းစားပြီး ပိုရိုင်နေ
ရတဲ့ဘဝ"

www.burmeseclassic.com

www.burmeseclassic.com

"တော်တော့ကွာ၊ မင်း ဆက်မပြောနဲ့တော့ အံ့မင်း"

ရာစုသစ် တဆတ်ဆတ်ခါသွားသည်။ အံ့မင်း ပြောနေသည့် အကြောင်းအရာကို နားထောင်နိုင်စွမ်းမရှိတာ တကယ်ရယ်။

"ငါပြောတာက"

"မပြောနဲ့ကွာ"

သူ ဝိတ်မင်ပြောကာ အံ့မင်းရှေ့မှ ရှောင်ထွက်ခဲ့သည်။

ဘာကြောင့် ရှောင်ခဲ့မိတာလဲ။

သူ့ကိုယ်သူ မေးရင်း။

✿

"သားကြီးရယ် မေမေတော့ အစောလေးကို သနားတယ် သမီးရင်းလိုလည်း ချစ်တယ်၊ ဖြစ်နိုင်ရင် မေမေတို့တိုက်မှာ တစ်သက်လုံး ခေါ်ထားချင်တယ်"

ဖေဖေဆုံးပါးပြီးကတည်းက မေမေ့ခမျာ အစောကိုပဲ အာရုံနေရတာမို့ တွယ်တာစကားပြောလာသည်။

"မဖြစ်နိုင်တာဘဲ မေမေ"

သူက ထိုသို့ဖော့ပြောလျှင် မေမေ့မျက်နှာလေး ညှို့လျှော့

ဖြစ်လေသည်။ မေမေ့ရည်ရွယ်ချက်က ဘာလဲဆိုတာ သူသိသည်။

"ဘာဖြစ်လို့လဲ သားကြီးရယ်"

"အစောမှာ အုပ်ထိန်းသူရှိတယ်လေ မေမေ၊ အန်ကယ်မောင်က မွေးစားအဖေဆိုပေမယ့် အဖေရင်းလိုပဲ အစောကို စောင့်ရှောက်မှုပေးတာ မေမေလည်းမြင်သားနဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ သားကြီးရယ်၊ ဘဝအာမခံချက်မရှိတဲ့ အစောလေး၊ မတော်တရော်နဲ့တွေ့ပြီး ညားသွားမှာ မေမေ ရင်လေးတယ်တယ်"

"မေမေကလည်း အစောက မေမေ့သမီးလို မဟုတ်ပါဘူး၊ အစော လိမ္မာပါတယ်"

"လိမ္မာနေတာက သူတစ်ပါးကို ခြယ်လှယ်ခွင့်ပေးသလို ဖြစ်နေမလား သားကြီးရယ်၊ မိထွေးတော်က စိတ်သဘောထားကောင်းတယ်လို့ မြင်ရပေမယ့် အစောကို တာဝန်မယူချင်ဖြစ်လာတဲ့တစ်နေ့ ဝန်ထုပ်ဝန်ပိုးရှင်းသွားရင်ပြီးရောဆိုပြီး တွေ့ကရာနဲ့ စီစဉ်လိုက်ရင်"

"မေမေရယ် မဖြစ်နိုင်တာတွေ မတွေးစမ်းပါနဲ့"

အစောအတွက် ဖြစ်ပေါ်နေသော မေမေ့စိုးရိမ်စိတ်ကို သူ မခံစားလိုပါ။ မေမေ့စကားမဆုံးခင် သူပြောလိုက်သည်။

ထိုအခါ မေမေ့မျက်ဝန်းထဲမှာ ထိရှသောမျက်ရည်ကြည်တို့ ဝဲဝဲလည်ကာ။

www.burmeseclassic.com

www.burmeseclassic.com

သူ့အပါးမှခွာပြီး ဘုရားခန်းတွင်း တန်းဝင်သွားလေသည်။ သူ့စိတ်ထင် မေမေ့ ပုတီးစိပ်ဖို့ဟု ထင်သည်။

သို့သော် သူထင်သလိုမဟုတ်ပါ။

သူမမြင်အောင် တစ်ယောက်တည်း ကိုက်ဝိုနေခြင်း။ ညီနဲ့ညီ လျစ်လျူရှုတာကို မေမေ ခံနိုင်ရည်ရှိ၏။

အစောနဲ့ပတ်သက်လျှင် မေမေ့စကား ဟိုတွေးဒီတွေးနှင့် သောက များနေရှာသည်။

မေမေ့သောကကို သူမြင်နေလျက်နှင့် ငြိမ်သက်နေတာ ဘာ ကြောင့်လဲ။

အစောကို အန်တီမြင့်က ဘယ်သူ့နဲ့ စီစဉ်ပေးပါစေ၊ သူ လက်ပိုက်ကြည့်နိုင်တယ်ဆိုတဲ့ စိတ်မျိုးလား။

သူ့ကိုယ်သူ မေးခွန်းပေါင်းများစွာ ထုတ်နေမိသည်။

✿

မေမေ့ရဲ့သောက။

ဝေခွဲရခက်နေသော ရာစုသစ်၏ စိတ်ခံစားချက်။

အိပ်မပျော်နိုင်သော ထိုည။

ရာစုသစ်အတွေးက ခြေလှမ်းတွေကို သယ်ဆောင်ကာ ညအချိန် တော် ခြိုင်းထဲပတ်ရှည်လျောက်နေမိသည်။

မျက်ဝန်းက တိန်းထားလို့ မရပါ။ အစောတို့တိုက်ဘက် တစ် ဝေးတည်းငေးကြည့်လျက်။

ပြီးတော့ သူ့နားထဲမှာ အထပ်ထပ်ကြားယောင်နေသည်မှာ–

"လောင်းဖိုသိရင် သံသယမဖြစ်ရင်တောင် ငြူစူနေလိမ့်မယ်၊ ကြောင့်ပါ" တဲ့။

အစော၏ ဖွင့်ဟသံ ထပ်တလဲလဲကြားနေသလို ကောင်းကင် ထက်မှ ကြယ်စင်တွေ တစ်ပွင့်ပြီးတစ်ပွင့် ကြွေ၏။

ကြယ်ကြွေတွေကို ငေးမောကြည့်ရင်း –

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

"ကိုကို"

"ဟွန်း"

ခေါ်သံနှင့်အတူ ပခုံးကို ခပ်ကြမ်းကြမ်းလေး လှုပ်နှိုးခြင်း သည်။ ထိုအခါ ရာစုသစ် ကယောင်ကတမ်း ထူးလိုက်သည်။

"ကိုကို ထတော့"

စိတ်မရှည်သလို လှုပ်နှိုးနေသော ညီဖြစ်သူ။ ရာစုသစ် အိပ် မက်နေသလိုပင်။

ကမန်းကတန်း ကုန်းရုန်းထရင်း မျက်လုံးကို လက်နှစ်ဖက် ကြည့်သည်။

ညီမှ ညီအစစ်။

မနက်စောစောစီးစီး မလာစဖူး အလာထူးသောညီငယ်။

"ဘာလဲ ညီ၊ ဘာကိစ္စလဲ"

"ကျွတ် ကိုကိုကလည်း အိပ်ပုတ်ကြီးနေတယ်၊ ကိုးနာရီကျော် နေပြီဗျ။ ထတော့ဗျာ"

ရာစုသစ် စားပွဲတင်နာရီကို လှမ်းကြည့်တ၏။ ကိုးနာရီထိုးရန် ဒေါ့ဒိုနှစ်သာ လိုတော့သည်။ တစ်ခါဖူးမှ နေဖင်ထိုးအောင် ရာစုသစ် အိပ်လေ့မရှိပါ။ ညက အိပ်မပျော်။ ခြင်ထဲဆင်းနေလိုက်တာ ညမှာ အချိန် ကုန်လုကာ လင်းခါနီးမှ အိပ်ရာပေါ် ကျောလဲတ၏။

ထိုအခါ ဘယ်လိုကဘယ်လို အိပ်ပျော်သွားမှန်း သူလည်း သိတော့ပါ။ ညီလာနှိုးခါမှ။

ညီရောက်လာတာ အကြောင်းမဲ့မဟုတ်မှန်း ရာစုသစ် ခန့်မှန်းမိ သည်။ ခုတင်ပေါ်က ဆင်းရင်း ညီကိုမေးရသည်။

"ညီ ဘာဖြစ်လာတာလဲ၊ ကိုကို့ကိုပြော"

"မေမေ့ကိုသတိရလို့ လာတာ၊ အောက်မှာ ကိုကို့ဧည့်သည် ရောက်နေလို့ ကိုကို့ကိုလာနှိုးတာ၊ ဒါပဲ ညီပြန်မယ်"

"ဟင်"

ရာစုသစ် ဟင်ခနဲဖြစ်ရသည်။

"ညီ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် နောက်မှ ကိုကိုရဲ့ညီ တွေ့တော့မယ်၊ ကိုကို့ညည်းသည်
ရောက်နေတယ်၊ ဆင်းတွေ့လိုက်ဦး၊ ညီ ပြန်ဦးမယ်"

ညီဖြစ်သူ စိတ်မရည်သလိုပြောရင်း သူ့အခန်းထဲက ထွက်သွား
ချေပြီ။ သူ့ခမျာ အိပ်မှန်စုံများနှင့် ဘာကိုမှ ရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲ
မသိရပါ။

ဧည့်သည်တဲ့။

ဘယ်ကဧည့်သည်လဲ။

သူလည်း ဘယ်သူ့ကိုမှ ဖိတ်ခေါ်မထား။ ညီကလည်း လာပုံတူ
သည်။

ဒီမနက်ခင်း အိပ်ရာထချိန်မှာ ရွှဲရွှဲထွေးထွေး ဖြစ်ရလေသည်
ထိုရွှဲထွေးမှုတွေ ရှင်းသွားဖို့ လိုအပ်သည်မဟုတ်လား။

ထို့ကြောင့် ညအိပ်အင်္ကျီပင် မလဲတော့ပါ။

ရေချိုးခန်းထဲ တန်းဝင်ပြီး မျက်နှာသစ်တော့၏။ သွားတိုက်မနေတော့
ပါ။ ပလုတ်ကျင်းရုံကျင်းပြီး ဧည့်သည်ဆိုသူနဲ့တွေ့ဆုံရန် အောက်ထပ်
ဆင်းခဲ့သည်။

အောက်ထပ်လှေကားခြေရင်းနား ခြေအချဉ်တွင် ဘုရားခန်းမှ
ထွက်လာသော မေမေနဲ့ တည့်တည့်ဆုံသည်။

"မေမေ ညီ ရောက်လာတာ အကြောင်းတစ်ခုခုရှိလို့ထင်တယ်
မေမေ့ကို ဘာပြောသေးလဲ"

"အိုး ဘာရယ်မဟုတ်ပါဘူး သားကြီးရယ်၊ ဟိုမှာ သားကြီးနဲ့
တွေ့ချင်လို့တဲ့၊ ဧည့်ခန်းထဲမှာ စောင့်နေတယ်၊ ထွက်တွေ့လိုက်ဦး"

မေမေလည်း ခါတိုင်းနဲ့မတူ စိတ်နောက်သလို ပြန်ပြောကာ
စိပ်ခန်းထဲဝင်သွားသည်။

ရာစုသစ် ဘာမှ ဆက်မမေးသော။

ဇောဇောဆေယ် ဧည့်သည်ကိုတွေ့လိုက်တာ အကောင်းဆုံးပဲ။

ဧည့်သည်က ဘယ်သူလဲ။

သိချင်စိတ်ဖြင့် ဧည့်ခန်းဆီတန်းသွား၏။ ဧည့်ခန်းအဝင် ရွေ့
ပြောင်ခန်းဆီးလိုက်ကာစကို သိမ်းဖယ်ရင်း ဧည့်သည်ကို လှမ်းကြည့်
လိုက် –

"ဟင်"

ရာစုသစ်မျက်ဝန်းမှာ အံ့ဩြောင်စဉ်တွေ လက်ဖြာသွားလေ
သည်။ နှုတ်မှလည်း "ဆူး" ဟု လွှတ်ခနဲ ခုန်ထွက်သွား၏။

ချောကလက်ရောင် လည်ပင်္ကျီက ဒူးပေါ်ဖက်ရှင်နှင့် မာနမင်း
သိမ်း ဆူးနှင်းဆီက သူ့ ဧည့်ခန်းမှာ အကျအန ထိုင်တော်မူလျက်။

"ဆူးလေ၊ ရှင် အံ့ဩသွားပြီ မဟုတ်လား"

ဆူးနှင်းဆီ သွက်သွက်ကလေးပြော၏။

ရာစုသစ် ခေါင်းမည်တ်ဖြစ်။ နောက်ကျောမလုံစွာ လိုက်ကာ
သိပ်ပြီး အတွင်းဘက် ပြန်ငဲ့ကြည့်သည်။

www.burmeseclassic.com

မေမေ အကဲခတ်ကြည့်နေမလားဆိုသော အတွေးနှင့်။

ဒါမှမဟုတ် –

သူ့ဆီလာလည်သော မိန်းကလေးညည့်သည်ကို မေမေ မနှစ်မသက် ဖြစ်နေတာလား။ ညီကရော ညည့်သည်ကြောင့် ပြန်သွားတာလား။

"ဟွန်း ရှင် ဘာဖြစ်လို့ နောက်ပြန်လှည့်ကြည့်နေရတာလဲ တကူးတက လာလည်တဲ့ဆူးကို ညည့်ခံဖို့ သတိရပါဦး"

ဆူးနှင်းဆီဆိုခဲ့မှ ရာစုသစ် လိုက်ကာစကို လွှတ်ချလိုက်သည်။

"ဘယ်က လှည့်လာတာလဲ"

"တမင်တကာ လာလည်တာ"

"လာလည်မယ်ဆိုလည်း ဖုန်းကြိုဆက်ဖို့ကောင်းတယ်"

"ဘာလဲ၊ ရှင် အိပ်ပုတ်ကြီးမှန်း ဆူးသိသွားမှာ စိုးတာလား"

ရာစုသစ် ဆိုဖာလက်တန်းမှာ ခပ်မေးမေးထိုင်၍ –

"No No ကိုယ်အိပ်ပုတ်ကြီးတာ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ ဆူးသိသွားလို့လည်း ကိုယ် မမှုဘူး"

"ရှင်က လူတစ်မျိုးပဲနော်"

"ဟုတ်တယ်၊ ကဲ ဆို ကော်ဖီသောက်မလား"

"ဟွန်း"

ဆူးနှင်းဆီ လှပသောနှုတ်ခမ်းနှစ်လွှာကို တွန့်စူ၏။ စူလိုက်သောဟန်က မွန်ဇွန်ဇွန့်။ တစ်ဖက်သားစိတ်ကို ခန့်မှန်းနေသလို ဖြစ်သည်။

နဖူးပေါ်ဝဲနေသောဆံပင်ကို ရာစုသစ် နောက်ဘက်တစ်ချက် သိမ်းရင်း –

"ကော်ဖီမသောက်ရင် ရေသောက်လေ၊ ရေသန့်တိုက်မယ်"

"သေလိုက်ပါလား။ ဆူးက ရေတက်နေတဲ့ မိန်းကလေးမဟုတ် ဆူးရှင့်၊ ဆူးလာလည်တာ အကြောင်းရှိလို့ ကဲ လာ၊ ဆူးနဲ့အပြင်လိုက်ခဲ့"

"မဖြစ်သေးဘူး၊ ကိုယ် ရေတောင်မချိုးရသေးဘူး"

"ရတယ်၊ ဆူး စောင့်နေမယ်၊ ရေမြန်မြန်ချိုးလိုက်"

ညို့ရီရီမျက်ဝန်းလေးနဲ့ စိုက်ကြည့်ပြီး ဆူးနှင်းဆီပြောသည်။ ရာစုသစ် ဆိုဖာလက်တန်းမှ ထိုင်ရပ်ပြီး –

"နာရီဝက်တော့စောင့်"

"ရတယ်လေ"

ဆူးနှင်းဆီ စကားမဆုံးသေးခင် ရာစုသစ် လှည့်ထွက်သွားသည်။ အိပ်ရာမှထလာသော ရာစုသစ်ပုံစံက တစ်မျိုးတစ်ဖုံ ဆွဲဆောင်မှုရှိနေသည်ဟု ဆူးနှင်းဆီ ခံစားမိသည်။

ထို့ကြောင့် ရာစုသစ် ကိုယ်နောက်ပိုင်းကို မျက်တောင်မခတ်တမ်း ဆူးနှင်းဆီ စိုက်ကြည့်၏။

ထိုအခါ အပျိုစင်ရင်ခွင်ရိုင်းလေး ခိုးလုခိုးလု ခုန်ကာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သိပ်ရှေ့ရောင် စံအိမ်တော်အရှေ့ရာက်။

ည့်ခန်းထဲ ခြေချလိုက်ရုံနှင့် အရှိန်အဝါ မည်မျှကြီးကြောင်း ချစုသစ် ခန့်မှန်းမိသည်။

ဆက်တိကြီးတွေက သူတို့ည့်ခန်းက ဆိုဖာမျိုး ဖြစ်သော်လည်း ခြန်းကနက်များ ပုံဖော်ထားသော ပန်းကြွေတွေနှင့် အနားသတ်တန်ဆာ ဆင်ထားသည်က ဆန်းသစ်တ်။

နံရံမှာ အဖိုးတန်ပန်းချီကားတွေ ချိတ်ဆွဲလျက်။

အခန်းတ်ထောင့်တွေမှာ ကျွန်းရုပ်တုကြီးများဖြင့် အလှဆင်ထား သည်။

ည့်ခန်းအဝင် တစ်ဖက်တစ်ချက်စီမှာ နေရာချထားသော တန်ဖိုးနေသည့် ခြေသေ့ညီနောင်သည် ထိုဝည့်ခန်းတ်အရှိန်အဝါကို ပို၍ တန်ကြီးစေသည်။

မျက်နှာကြက်မှ အလှဒီးဇိုင်းတွေကအစ နောက်ဆုံးပေါ် ဒီဇိုင်း ခြမ်းပဝါဒီးပွင့်တွေက အရောင်စုံကာ မနက်ခင်းဖြစ်ပေမယ့် ဝီးရောင်တို့ ဝင်းနေသည်။

"ထိုင်ဦးနော်"

ဆူးနှင်းဆီ ပြောရင်း အတွင်းခန်းထဲ ဝင်ရောက်ပျောက်ကွယ် သွားသည်။ ရာစုသစ် ဆိုဖာပေါ်ထိုင်ချရင်း တွေဝေသလိုဖြစ်တ်။

သူမတို့ည့်ခန်းသည် လူကုံထံတစ်ဦး၏ သာမန်ည့်ခန်းမျိုး

အခန်း (၂၄)

"လာ ကို"

ပြောင်းလဲသွားသော ဆူးနှင်းဆီ၏ အခေါ်အဝေါ်သစ်ကြောင့် ရာစုသစ် မျက်ခုံးတွန့်သွား၏။

ဆူးနှင်းဆီက ထူးခြားမှုမရှိသလို ရယ်မြူးရင်း သူမတို့တိုက်ကြီး ၏ ဝည့်ခန်းဆောင်ထဲ ဦးဆောင်ဝင်သွားလေသည်။

အခြေအနေအရ မထူးတော့ပြီမို့ ရာစုသစ် ည့်ခန်းတွင်း ဝင်ဖို့ ဆုံးဖြတ်လိုက်တ်။

သူထင်သည်မှာ ဆိုင်တစ်ခုခုမှာ မနက်စာအတူစားကြဖို့။ ဆူး နှင်းဆီက သူမကားပေါ် သူ့ကို အပါခေါ်လာသည်က သူမ၏ဂေဟာ

www.burmeseclassic.com

www.burmeseclassic.com

သား။ ဆူးတို့ညည်ခန်းက အရှိန်အဝါနှင့်ဟိတ်ဟန်တွေ များလွန်းကာ။

ဆူးတို့က ဒီလို အဆင့်အတန်းမြင့်မြင့် နေထိုင်နေတာပေါ့ဟု မာန်ရှိန်ပြင်းစွာ ထုတ်ဖော်ပြသနေသလို။

နံရံပေါ်မှ ဆေးရောင်ကလည်း အစိမ်းတစ်ကန့်၊ အဝါတစ်ကန့် အနီနှင့်လိမ္မော်ရောင်ပါ မကျန်။ အရောင်စုံခြယ်ထားသည်က မြင်လျှင် မအေးဖွယ်ပြစ်လျက်။

ရာစုသစ် မသိမသာ သက်မချရလေသည်။

ဘာညည်ရွယ်ချက်နှင့် သူမခေါ်လာတာလဲ။

သူတွေးနေစဉ် ဆူးနှင်းဆီသည် သူမနှင့် ရုပ်ရည်ချင်းဆင်တူသော အရှိန်အဝါကြီးသော အမျိုးသမီးကြီးကို ဧည့်ခန်းထဲ ခေါ်လာသည်။

ထိုအမျိုးသမီးကြီး ပြင်ဆင်ထားပုံမှာ ဆင်စွယ်နှစ်တွင် မရေရောင်ဇာတစ်ထပ်ခံပြီး ခေတ်မီမီချုပ်ထားသော ဖက်ရှင်။

ထိုဖက်ရှင်နှင့် လိုက်ဖက်စွာ နီလာလည်ဆွဲဆင်ထားသဖြင့် ပြိုးပြိုးပျဉ်း လက်နေသည်။

ဆံပင်အရောင်က ဆူးနှင်းဆီနှင့်အပြိုင် အဝါရောင်ဖျော့ဖျော့ ဆေးဆိုးထားသည်။ လှိုင်းထနေသော ပခုံးဆိုက်ဆံပင်ပုံစံက ခုမဲ ပုံထွင်ထားတဲ့အတိုင်း။

မရန်းပြာရောင်ဆိုးထားသော နွတ်ခမ်းထူပြည့်ပြည့်က တော်တန်ရုံလူနှင့် အရေးတယူ စကားမပြောချင်သလိုလို ဘာလိုလိုနှင့်။

"မာမီ၊ ဒါ ဆူးလေးပြောတဲ့ ရာစုသစ်ဆိုတာလေ"

သူမ မိတ်ဆက်ပေးလျှင် ထိုအမျိုးသမီးကြီးမျက်ဝန်း သဘောကျသလို လက်ဖြာသွား၏။ သူ့ကို စူးစူးစိုက်စိုက်ဖြင့် အကဲခတ်ကြည့်ရင်း

"ဩော် ဟုတ်လား။ ထိုင် ထိုင်လေ သား"

သူက လူမှုရေးအရ မတ်တတ်ရပ်ပြုံးပြတာမို့ ဆူးနှင်းဆီ၏မိခင် လိုက်လိုက်လဲလဲ ဆိုသည်။

"ကို ဒါ ဆူးမာမီလေ၊ ဒေါ်နှင်းဆီခက်"

ရာစုသစ် ပြုံးလိုက်ပေမယ့် အေးခဲနေသည်။ ဆူးနှင်းဆီ မိတ်ဆက်ပေးပုံက သူနဲ့ဆူးနှင်းဆီ တစ်စုံတစ်ရာအထိ ငြိတွယ်မှုရှိနေသလိုလို ဘာလိုလိုနှင့်။

"ထိုင်လေ သား"

ဒေါ်နှင်းဆီခက်ကလည်း သားချည်းထပ်ခေါ်ကာ သူနှင့် မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်သည်။

ရာစုသစ်ရင်ထဲမှာ ဆူးနှင်းဆီ၏အပြုအမူကို မကြည်လင်လှပေမယ့် ကွန်ဖြေမယ်ဟု ထိုင်ချလိုက်သည်။

ဆူးနှင်းဆီက သူနှင့် ဘေးချင်းကပ်ဆိုဖာမှာ ဝင်ထိုင်ပြီး –

"ကို ဆူးမာမီက ကို့ကို သိပ်တွေ့ချင်နေတာ"

"ဟုတ်တယ် သားရဲ့"

"ဘာ ဘာဖြစ်လို့လဲ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

သူ တအံ့တသြမေးလျှင် ဒေါ်နှင်းဆီခက် လှိုက်ဖွက်စွာ ပြုံးလေ
သည်။

"နောက်တော့ သိရတာပေါ့ကွယ်၊ လောလောဆယ် သား
မနက်စာ မစားရသေးဘူးမဟုတ်လား။ သားစားဖို့ အန်တီ ပဲမံထားတယ်
အဆင်သင့်ပဲ သားရဲ့၊ လာ"

ဒေါ်နှင်းဆီခက် ပြောပြောဆိုဆို ထိုင်ရမှုထလေသည်။

"ကို လာလေး ကိုအတွက် မနက်စာပြင်ထားတယ်၊ အရ
စားလိုက်၊ ပြီးမှ မာမီနဲ့စကားဆက်ပြောတာပေါ့၊ နော့"

မျက်စလေးနှင့် လှိုက်ပြုံးပြုံးပြောသလို သူ့လက်မောင်းကို
ပိုင်ပိုင်စိုးစိုး ဆွဲလှုပ်ကာ ထိုင်ရာမှထစေသော ဆူးနှင်းဆီ၏ အပြုအ
နူးညံ့နွေးလျှသော ဆူးနှင်းဆီ၏ လက်ချောင်းအတွေ့ကို ရ
သစ် မသာယာမိ။

ထိုင်ရာမှထရင်း သူမ လက်ချောင်းတွေကိုဖယ်ရှားကာ –

"ဆူး"

"ပြောလေ ကို"

"ဆူး ရှေ့ကသွားနှင့်"

"အိုကေ"

ဆူးနှင်းဆီက ရွှင်ရွှင်ပြုံးကာ ရှေ့ကနေ ဦးဆောင်သွား
သည်။ ရာစုသစ် တွေတွေကြီး ရပ်ကြည့်နေလိုက်သည်။

ဆူးနှင်းဆီ အတွင်းခန်းဝင်ရောက်သွားလျှင် ရာစုသစ် ချာခနဲ
သည်ကာ ညည့်ခန်းအပြင်ထွက်ခဲ့သည်။

ပေါ်တီကိုအောက် ရောက်သည်နှင့် အသက်ဝအောင် ဖိရှူတော်။
နောက် သူမတို့ခြံဝင်းထဲမှ ရာစုသစ် ခြေလှမ်းသွက်သွက်ကလေး
လှမ်းထွက်ခဲ့သည်။

လာစဉ်က သူမကားနဲ့သူမ အတင်းခေါ်လျှင် သူ အားနာပြီးပါခဲ့
သူ့ကားပါမလာတဲ့အဖြစ်က ခုမှ နောင်တရချင်ချင်း။

ကိစ္စမရှိပါဘူး။

နှင်းဆီပန်းခင်းနှင့် လမ်းကြောင်းဖော်ထားသော ခြံဝင်းထဲမှ
သုတ်သုတ်လျှောက်ထွက်ခဲ့သည်။ ငါးမိနစ်ပင် မကြာ။ ခြံပြင်သို့ သူ
ထွက်တော်။

ထိုနောက် တွေ့ရာတက္ကစီတားပြီး သူမတို့ရဲ့ သီဟိုဠ်ဧည့်စိတ်ရှေ့
ခဲ့လျှင် သူ့ရင်မှ မွန်းကျပ်ခြင်းတွေ လျော့ပါးသွားသည်။

ဆူးနှင်းဆီ

မင်းဖန်တီးမယ့်ဇာတ်ကွက်အတိုင်း ဝင်ကမယ့် ခပ်သွဲ့သွဲ့ကောင်
ကိုယ်မပါပါဘူး။

ကိုယ်လှည့်ပြန်ခဲ့မှန်း သိရင် –

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

"ဘယ်လိုနေလဲ ရာရာ"

"ဘာလဲ"

"မင်းရဲ့ ဆူးနှင်းဆီအရောသာ"

အဲ့မင်းစကားအဆုံးမှာ ရာစုသစ် မျက်နှာမှောင်ကျသွား
ရုံးခန်းစာရေးမလေး ပြင်ဆင်ပေးသော မနက်စာစားပိုင်းရှေ့တွင်
သစ် ငုငုကြီး ထိုင်လျက်။

အဲ့မင်းကို ငေးစိုက်စိုက် ကြည့်နေလိုက်သည်။ ထိုအ
ခန့်ပိုင် လာပြီး စာမူတစ်တွဲပေးတဲ့။

"မင်းဖတ်ဦးမယ်ဆိုတဲ့ ခရီးသွားဆောင်းပါး"

သူ ဘာမှပြန်မပြော။ ဖိုင်တွဲဆွဲယူလိုက်သည်။

"မင်း အဆောလွန်နေဦးမယ် ရာရာ၊ အရင်စာဦး ပြီးမှဖတ်"

ခန့်ပိုင်ပြောရင်း သူ့လက်ထဲက ဖိုင်တွဲကို ပြန်ဆွဲယူသည်။
ရာစုသစ် ဖိုင်တွဲလွှတ်ပေးရင်း မနက်စာစားပိုင်းကို ငြိမ်သက်စွာကြည့်၏။

ဘာကြောင့်မှန်း မသိတော့ပါ။ စားချင်စိတ်လည်း မရှိ။ သို့သော်
သည်း ဝမ်းကဟာနေသည်။ ဝမ်းဟာနေတော့လည်း နေမထိ ထိုင်မသာ
လာ၏။ ထို့ကြောင့် ကြက်ဥပူတင်းတုံးလေးများကို အလွယ်တကူယူစား
နေလိုက်သည်။

"သုတကြယ် ဆေးဆက်ကို စင်ကာပူထွားရမယ်ဆို ဘယ်နှ
သွားမှာလဲ"

သူ့နောက်ကျောရှိ အလုပ်စားပွဲမှာထိုင်နေသော အဲ့မင်းက
ခန့်ပိုင်ကို သတင်းမေးသည်။ ခန့်ပိုင် မသိမသာ သက်မချရင်း –

"ဒီအပတ်အတွင်း သွားဖြစ်မယ်၊ ခက်တာက သီသီ မကျေနပ်
ဘူး"

"ဘာဖြစ်လို့"

"ဆူးနှင်းဆီ ကိုယ်တိုင်လက်ရောက်တွန်းပစ်လို့ သုတ ဒီရောဂါ
ဖြစ်ရာ၊ အဲဒီအတွက် တရားစွဲမလို့တဲ့၊ ငါလည်း သီသီ့ကို ဖျောင်းဖျလို့
ရသူး၊ ခက်တယ်ကွာ"

ခန့်ပိုင် ညည်းတွားလျှင် ရာစုသစ် လည်ပင်းနှင့်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ်၊ အရေးကြီးတာ သုတ ပုံမှန်ဖြစ်ဖို့ကွ"

"ငါလည်း အဲဒါပဲပြောတာ အုံမင်း။ တရားစွဲမယ်ဆိုရင် သူ့ဆေးကုသွားဖို့အချိန် နောင့်နေးနေလိမ့်မယ်"

"အစစ်ပေါ့ကွ"

အုံမင်းနဲ့ခန့်ပိုင် ပြောဆိုနေလေ ရာစုသစ် လည်ပင်း ပို့ရှုံ့လေ။ ထို့ကြောင့် ကြက်ဥပူတင်းကို ဆက်မစားဖြစ်။ နက်စ်ကော်ဖီနွေးကို တစ်ကျိုက်သောက်လျှင် –

"ဟိုး"

ကော်ဖီသီးကာ ခံရခက်ပြန်သည်။

ကျွတ်

ကော်ဖီခွက်ကို ပြန်ချရင်း တစ်ရှူးနဲ့ နှုတ်ခမ်းတစ်ဝိုက်ကို သုတ်ပြီး စားပိုင်းရှေ့က ထရသည်။

ဒီမနက်ခင်းက သူ့အတွက် အစစအရာရာ လွဲချော်ကာ။ အလွဲချော်ဆုံးက သူ့အလုပ်စားပွဲမှ တယ်လီဖုန်းပြည်လာသည်။ ဖုန်းခွင့်အနီးဆုံး ဖြစ်သော အုံမင်းကိုင်လေသည်။

"ဒေါ်ခူးတဲ့ ရာရာ"

ဒေါ်ခူးက သူတို့အိမ်ထိန်။ တော်တန်ရုံ ဖုန်းဆက်လေ့မရှိသဲ့ ဘာအရေးကြီးမှန်းမသိတူ။ အုံမင်းလက်ထဲက ဖုန်းခွက်လှမ်းယူပြီး –

"ဟဲလို ဒေါ်ခူး၊ ကျွန်တော်ပါ"

"မောင်ရာရာရေ မောင်ရာရာ့မေမေ ဒီမနက် သောက်ရမယ့် ဆေးကို ခုထိန်တိ မသောက်သေးဘူး"

"ဟင် ဘာလို့မသောက်တာလဲ"

"ဒေါ်ခူးလည်း မေးလို့မရဘူး။ အိပ်ရာထဲ ဒီအတိုင်းလှဲနေတာ ခြံထဲဆင်းပြီး လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ရမှာလည်း မလုပ်ဘူး"

"အစောကော"

"အစော မနက်စောစောက လာသွားတယ်၊ မနက်စာကျွေးပြီး သောက်ရမယ့်ဆေး အချိန်ကျရင် တိုက်ပါလို့ ဒေါ်ခူးကို မှာသွားတယ်၊ ခု ဆေးလည်းမသောက်တော့ အစောကို ဒေါ်ခူးသွားခေါ်သေးတယ်၊ အစောက လောင်းရိပ်နဲ့ အပြင်ထွက်သွားတယ်တဲ့၊ အန်တီပြင့်ပြောတယ်၊ အဲဒါနဲ့ မောင်ရာရာကို ဒေါ်ခူး လှမ်းပြောတာ"

"ကျွန်တော် အခုပဲ လာခဲ့မယ် ဒေါ်ခူး"

ရာစုသစ် ဒါပဲပြောကာ ဖုန်းခွက်ချလိုက်သည်။ အခြေအနေကို အုံမင်းတို့လည်း ကြားနေတာမို့ ပြန်မမေး ရာစုလည်း မပြောဖြစ်။

"ငါ အိမ်ပြန်ဦးမယ်"

ဒါပဲပြောကာ ရုံးခန်းထဲက သုတ်ခနဲ ထွက်ခဲ့တ။ မေမေ ဒီလို စစ်ခါမှ မဖြစ်ဖူးပါ။ အစောနဲ့အတူ မနက်စာစားမယ်။ စားပြီးရင် အစောက ခြံထဲခေါ်ဆင်းပြီး လမ်းလျှောက်လေ့ကျင့်ခန်းလုပ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် ဒေါက်တာညွှန်ကြားသော အချိန်ရောက်ရင် ဆေးတိုက်ယင်
မမေမေကလည်း အစောတိုက်တဲ့ဆေးသောက်ပြီးရင် ဘုရားခန်းထဲဝင်ပြီ
တရားစာအုပ် ဘာညာဖတ်မည်။

အဲဒါ မမေ နေစဉ်လုပ်နေက။

ဒီမနက်မှ ဘာဖြစ်လို့လဲ။

ဆူးနှင်းဆီရောက်လာလို့လား။

ပြီးတော့ ဆူးနှင့်သူ အတူတူ အပြင်ထွက်ခဲ့တာကို မကျေနပ်
လို့လား။

အစောကလည်း ဒီနေ့မှ ဘာလို့ လောင်းရိုက်ခဲ့ အပြင်ထွက်သွား
ရတာလဲ။

လဲဝါင်း လားပေါင်းများစွာဖြင့် သူ့စိတ်သည် လှိုင်းတံပိုးပုတ်
သော ရေပြင်လို လှုပ်လှုပ်ရှားရှားဖြစ်ရပြီ။

✿ ✿ ✿

အခန်း (၂၆)

"တောက်"

တောက်တခေါက်ခေါက်ဖြစ်နေသော ဆူးနှင်းဆီကိုကြည့်ရင်း သူ
ယ်ချင်းမျာ အံ့သြနေကြသည်။

"ဆူးရယ်၊ ရှင် ဘာဖြစ်နေတာလဲ"

ဇင်းဇင်း ကြည့်နေရုံနှင့် အားမရတော့ပါ။ ထုတ်မေးလျှင် ဆူး
နှင်းဆီ ကိုယ်လေးတောင့်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ
ဆတ်ခနဲ ရပ်၏။

ပြီးတော့ သူငယ်ချင်းသုံးယောက်ရှေ့တည့်တည့် ဒေါသအကြီး
သေစွာ ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်နေရမှာလဲ၊ တင်းနေတာ၊ ဒေါသထွက်နေတာ"

"ဟွန်း၊ ဒေါသထွက်နေတာ၊ ဘယ်သူ့ကို ဒေါသထွက်နေတာလဲ ဝိုးဝိုးတို့ကိုလား"

ဝိုးဝိုးကလည်း မေးပြန်သည်။ အမေးခံရလေ ဆူးနှင်းဆီ ဒေါ အရှိန်တက်လေ။ ဒေါသနှင့်တောင့်မတ်နေသော သူမကိုယ်နေဟန်လှ လေးကို လှမ်ခါလိုက်ပြီး –

"ဘယ်သူရှိရမလဲ၊ ကိုပေါ့ ကို"

"ကို ဘယ်ကကိုလဲ"

ဒီတစ်ခါ အိန္ဒိခေမေးတော်။ ဆူးနှင်းဆီ မျက်နှာလှလှလေး ရုတ ရာမှ ထော်ရော်သွားသလို အိန္ဒိခကိုလည်း သိမ်းကြုံးမျက်စောင်း သည်။

"ကိုဆိုတာ ရာစုသစ်ရှင့်"

"ဘုရားရေ"

သူငယ်ချင်းသုံးယောက် ရင်ဘတ်ဖိကြသည်။ ရာစုသစ်ကို ဆိုတဲ့ နာမ်စားသုံးနေပြီဆိုတော့ သူမတို့သူငယ်ချင်း မာနမင်းသ အသည်းမှာ အချစ်ဆူးလေငြိနေမှန်း ခုမှပဲ ရှင်းရှင်းဘွင်းဘွင်း သိရသ အဖြစ်။

"ရာစုသစ် ဟုတ်လား"

"ရာစုသစ်က ဆူးရဲ့ ကိုလား"

"ဘယ်က ဘယ်လို ကိုဆိုတာ ဖြစ်သွားရတာလဲ၊ ပြောစမ်းပါ ဦး ဆူးနှင်းဆီရယ်"

သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်ခွန်း ဝိုင်းမေးသည့် အသံများ ညံစီသွား၏။ ထိုအခါ ဆူးနှင်းဆီဒေါသမျက်နှာလေး ပန်းနု ရောင်သန်းကာ ရှက်ရေးရေးပြောင်းလဲသွား၏။

တစ်ဖန် မလုံမလဲနှင့် မျက်နှာလေး ထားမတတ်အောင်ဖြစ်ပြီး ဆိုဖာရည်ပေါ် အိခနဲထိုင်ချသည်။

"ဟွန်း ရှင်တို့က သိပ်အမေးအမြန်ထူနေပါလား။ ဆူးက 'ကို' ကို 'ကို'ပဲပေါ့၊ မမေးနဲ့"

"ဟဲ့ မမေးလို့ရမလား"

"ရတယ် မမေးနဲ့"

"ကဲပါ၊ မမေးနဲ့ဆိုလည်း မမေးပါဘူး။ ရှင်ရဲ့'ကို'ကို ရှင် ဘာဖြစ်လို့ ဒေါသဖြစ်နေရတာလဲ၊ ပြောစမ်းပါဦး"

ဇင်းဇင်းက ဖြေလျှော့လိုက်ဟန်နှင့် လိုရင်းကို ကောက်မေး သည်။ ဆူးနှင်းဆီ မျက်နှာနီနုလေး ရှက်ရောင်ပြေးနေရာမှ ဒေါသရောင် လေး လွှမ်းလာကာ နီပြန်မြန်းပြန်ဖြစ်၏။

"ကဲ ပြော၊ ဘာကြောင့် ဒေါသဖြစ်နေရတာလဲ"

ဝိုးဝိုးနှင့်အိန္ဒိခလည်း မနေသာ။ ပြိုင်တူလိုလို ဇီအားပေးပြီး မေးသည်က သိလိုစွာ။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ သိလိုလှုပ်ပြဖြစ်သလို ဆူးလည်း ရင်ထဲ
မြို့မထားချင်။ ထိုနေ့မနက်ခင်းကအဖြစ်ကို ထုတ်ပြောတယ်။

"ဟယ်"

အကြောင်းစုံသိသွားသော သူငယ်ချင်းတွေ ဟယ်ခနဲပြစ်ကြ
သည်။

"ဘယ် ဘယ်လို၊ ရာစုသစ် လစ်ထွက်သွားတယ်၊ ဟုတ်လား
အဲလိုလား"

အိန္ဒိခခ မယုံချင်ချင် မေးလျှင် – –

"ဟုတ်တယ်၊ ဆူးက မနက်စာပြင်ဆင်ထားတဲ့အခန်းထဲ ဝင်
ဆောင်ဝင်သွားတာ၊ နောက်က ကို ပါလာမယ်ထင်တာလေ၊ အတော်ကြာ
တဲ့အထိ နောက်ကပါမလာလို့ ဝင်ခဲ့ခန်းထဲသွားကြည့်တော့ မရှိတော့ဘူး
ဘယ်ရောက်သွားလဲ၊ အခန်းမှာပြီးဝင်သွားသလား ဘာညာနဲ့ တစ်တိုး
လုံးအနှံ့ ပတ်ရှာလိုက်တာ ဖတ်ဖတ်မောတယ်၊ နောက်မှ ခြံစောင့်အဘို
ကြီးပြောလို့ သိရတာ၊ ထွက်သွားပြီတဲ့"

"အလိုလေး"

"ဟုတ်တယ်၊ ဆူးလေ ဘယ်လိုခံလိုက်ရမှန်း ပြောလို့မတတ်
တော့ဘူး၊ တကယ်၊ မာဓိဆို အံ့သြလွန်းလို့ စကားတောင်မပြောနိုင်တော့
ဘူး"

"ဟုတ်ပဲ့၊ နေပါဦး၊ ဒင်းက ဘာစိတ်ကူးနဲ့လှည့်ပြန်သွားတာလဲ

ဝိုးဝိုးဇော်မေးခွန်း။ ဆူးနှင်းဆီ ခေါင်းလေးသာ ယမ်းတော်။ သက်မ
သည်းချကာ တိုးလျလျဆိုသည်။

"ဘာပဲဖြစ်ဖြစ် လှည့်ပြန်သွားတာက ဆူးအစီအစဉ်ကို ဖဲ့ခြွေ
လိုက်တဲ့သဘော၊ အဲဒီအတွက် ဆူး မကျေနပ်နိုင်ဘူး"

"ဟုတ်သားပဲ၊ ဆူးကို ဘယ်သူက ဒီလိုလှည့်စားလို့ ရဖူးလို့လဲ၊
ရာစုသစ် လှည့်ပြန်သွားတာက ဆူးကို လှည့်စားတာပဲ"

"အစစ်ပဲ့၊ ဇင်းဇင်းရဲ့၊ အဲဒါကြောင့် ဆူး ခံပြင်းတာ၊ ပြီးတော့
ဘမီက အပြစ်တင်သေး။ ယောကျ်ားတစ်ယောက် ကိုယ့်ဘက်ပါလာ
အောင် သိမ်းသွင်းနိုင်တဲ့စွမ်းရည် ဆူးမှာမရှိသေးဘူးတဲ့၊ မာဓိပြောတာ
ခံရတော့ ဆူး ပိုပြီးခံပြင်းတယ်၊ ဘာဖြစ်လို့ သိမ်းသွင်းနိုင်စွမ်းမရှိရမှာလဲ၊
သုတတို့ သဝဏ်တို့ အာကာရိန္ဒ်တို့ဆို ဗိုင်းခနဲလဲအောင် ဆူး စွမ်းဆောင်
နိုင်တယ်"

"ဟုတ်ပါတယ်"

"အဲဒါပဲ့၊ ကိုက ဘာသားနဲ့ထုထားတာမို့လဲ၊ တွေ့ကြသေးတာ
ပဲ့၊ လာ သွားကြမယ်"

"ဘယ်ကိုလဲ"

"သိချင်ရင် လိုက်ခဲ့လေ"

ဆူးနှင်းဆီ ယတိပြတ်ပြောကာ ဆိုးဆိုးဆတ်ဆတ် ထွက်ခွာသွား
သည်။ ထိုအခါ သူငယ်ချင်းတွေလည်း မနေသာ။

www.burmeseclassic.com

www.burmeseclassic.com

သူမသူငယ်ချင်းပီသစွာ သူမနောက်မှ လိုက်ပါခဲ့ရလေသည်။ လိုက်ခဲ့တာကလည်း အကြောင်းမဲ့မဟုတ်ပါ။

ရာစုသစ်ကို ဆူးနှင်းဆီ ဘယ်လိုတုံ့ပြန်မလဲ။

ဒါကို သိချင်ကာ။

✿ ✿ ✿

အခန်း (၂၇)

"မေမေရယ်"

ရာစုသစ် ရင်မှာ တကယ်ထိရှလေသည်။ မေမေ့မျက်ဝန်းထဲမှ အရိပ်တွေကို သူ ကောင်းစွာဖတ်တတ်ပါသည်။

ဆေးသောက်ဖို့ ငြင်းဆန်နေသော မေမေကို သူ ချော့မော့ကာ ဆေးတိုက်နိုင်ခဲ့သည်။

စိတ်မောလူမောဖြစ်နေသော မေမေက ဆေးရှိန်နှင့် မှေးမှိန်းကာ အတန်ကြာတော့ အိပ်မောကျ၏။

မေမေ့လက်ဖဝါးကို တယုတယ ဆုပ်ထွေးထားမိရင်း မေးခဲ့ရင်ထဲက သောကကို သူခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမနက်ခင်းတုန်းက မေမေနှင့် ဆူးနှင်းဆီ ဆုံတွေ့လျှင်

"အန်တီက ကို့မေမေ ဟုတ်လား"

ဆူးနှင်းဆီ၏မျက်ဝန်းအစုံက ဒေါ်မိမိစိုးကို ထက်အော

စုန်ဆန်ကြည့်ရင်း မေးလေသည်။

မေးပုံက မနှစ်သက်သလိုလို ဘာလိုလိုနှင့်၊ မေမေ နေမကောင်

ဖြစ်ပြီးကတည်းက မေမေသည် ကြော့နေအောင်ပြင်ဆင်မနေတော့ပါ

ချည်သားအင်္ကျီပွပွတွေသာ ဝတ်လေ့ရှိသည်။ လက်တစ်ဖက် သိပ်မသ

တာမို့ ဝတ်ရလွယ်၊ ချွတ်ရလွယ်သော ထိုအင်္ကျီများကို အစောကိုယ်တိုင်

ချုပ်ပေးခြင်း။

အင်္ကျီပွပွနှင့် သနပ်ခါးရေကြည်သာ လိမ်းထားသော မေမေ့မုံစံ

သူမစိတ်ထဲမှာ အိမ်ဖော်သာသာများ မြင်ယောင်နေကာ။

"အံ့ဩစရာကြီး။ မာမီဆို အန်တီ့လိုမဟုတ်ဘူး အန်တီ

အရမ်းဟော့တာ၊ ပြီးတော့ ဒယ်ဒီရဲ့အရှိန်အဝါနဲ့ လိုက်ဖက်အောင် ဆိုရှယ်

ကျကျနေတာလေ၊ အန်တီလည်း ကို့ရဲ့အရှိန်အဝါနဲ့ လိုက်ဖက်အောင်

ရှယ်နေပါလား အန်တီရဲ့၊ ဒါမှလည်း ကို့အသိုင်းအဝိုင်းကြားမှာ မျက်

မော့နိုင်မှာလေ"

"မနေနိုင်ပါဘူး မိန်းကလေးရယ်၊ အန်တီက ကျန်းမာ

ဒေါင်ဒေါင်မြည်မဟုတ်ဘူး ဆိုတော့လေ"

"မဟုတ်တာ အန်တီရယ်၊ မကျန်းမာတဲ့အထဲ နေပုံထိုင်ပုံ

လွန်းတော့ ကို မျက်နှာပွင့်မှာမဟုတ်ဘူး။ မိဘဆိုတာ သားသမီးမျက်နှာ

ခန်းပွင့်အောင် နေတတ်ဖို့လည်း လိုတယ်လေ"

"ခင်ဗျား တော်တော့ဗျာ၊ ခင်ဗျား ကိုကိုနဲ့တွေ့ဖို့ မဟုတ်လား။

ဆိုင်စောင့်နေ၊ ကိုကိုကို ခေါ်ပေးမယ်၊ လာ မေမေ၊ မေမေ ဘုရားခန်း

ထဲမလို့ မဟုတ်လား"

မေမေ့ဆီရောက်လာသော ညီက ထိုသို့ပြောကာ ဧည့်သည်ကို

ဧည့်ခန်းမှာထားရစ်ပြီး မေမေ့ကို ဘုရားခန်းဝိုသည်။ ထို့နောက် သူ့ကို

လာနှိုးပြီး ပြန်သွားခြင်း။

မေမေက ဆူးဇာစကားတွေကို တွေးမိပြီး ဝမ်းနည်းလာကာ

တစိမ့်စိမ့်နှင့် ကြေကြေကွဲကွဲခံစားနေတော့သည်။

သူ့မေမေ အိမ်တိုင်ရာရောက် လာပြီးဝေဖန်တာ၊ ကဲ့ရဲ့သလို

ဆိုတာမျိုးကို သူ သဘောမတွေ့နိုင်ပါ။

ဧည့်သည်ဆိုတာ ဝိုးဝိုးလာပြီး ဝိုးဝိုးပြန်ဖို့လိုအပ်သည်။ ခုတော့

သူ့မိသားစုရင်ထဲ နှင့်သွားအောင်၊ ကြော့ကွဲတိရွှအောင် စကားလုံးတွေ

ဆော်သွင်းသွားတာ သူ အခံပြင်းဆုံးပဲ။

"သားကြီးရယ် မေမေ့အတွက် သားကြီးမှာ ဝန်ထုပ်ဝန်ပိုဖြစ်

နေသလားကွယ်၊ မေမေလေ"

"မဟုတ်တာတဲ့ မေမေရယ်၊ မေမေက သားအတွက် ခွန်အား

မေမေနဲ့အနီးကပ်နေထိုင်ခွင့်ရတာ သား ဘယ်လောက်ကံကောင်းလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး သားကြီးရယ်၊ သားကြီးရဲ့ဘဝမှာ တခြား မိန်
ကလေးတစ်ယောက် ဆက်နွယ်လာရင်"

"ကျွတ်၊ မေမေ အဲဒါတွေ တွေးမနေပါနဲ့၊ သား ဘယ်မိန်
ကလေးကိုမှ မမေ့လောက်တန့်ဖိုးမထားဘူး။ မေမေကသာ သားအတွက်
တန်ဖိုးအကြီးဆုံးပါ။ မေမေ ဟိုတွေးဒီတွေးနဲ့ စိတ်ထိခိုက်ခံမနေပါနဲ့
ဆူးနှင်းဆီဆိုတာ သားရဲ့မိတ်ဆွေထဲမှာတောင် အရေးကြီးတဲ့မိတ်ဆွေ
အဆင့် မဟုတ်ဘူး။ နောက်တစ်ခါ ဆူးနှင်းဆီ မေမေတို့ကိုရိပ်ကို မရောက်
စေရပါဘူး၊ သားပြောထားပါ့မယ် မေမေ၊ အဲဒီအတွက် မေမေ ဝမ်
မနည်းပါနဲ့၊ သားပြောတာ ယုံပါ မေမေရယ်"

တတွတ်တွတ်ပြောနေသည့် သားဖြစ်သူကို ဒေါ်မိမိစိုး မယုံမ
မော့ကြည့်မိသည်။ သားဖြစ်သူက သူမကို ပွေ့ဖက်ထားသလို အုန်းဆီ
ပွေးနေသော မိခင်ဆံပင်ကို တစ်ချိန်က်နမ်းစ်။

ရှင်မတောင်နဲ့သင်းနေသော မေမွေးကိုယ်နွေးနွေးမှ ပွေးရုန်
လည်း အားရပါရ ရှူလေပြီ။

"မေမေရယ် မေမွေးအတွက် တခြားမိန်းကလေးထက် အစော
လိုအပ်တာပါ။ သားသိပါတယ်၊ မေမွေးနှာမှာ အစောနေနိုင်အောင် သား
ကြိုးစားပါ့မယ်၊ သားပြောတာ ယုံပါမေမေရယ် နော်"

သူ့ရင်ထဲမှ စကားလုံးတစ်ခွန်း အစီအစဉ်မရှိတဲ့ ထွက်ကျသွား
လေ၏။ ထိုအခါ ထိရှနေသော မေမွေးမြင်လွှာမှာ ကြည်လဲ့လာသည်

သူ့လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်ပြီး မော့ကြည့်၏။

"တကယ်ပြောတာပါ မေမေရယ်၊ မေမေက သားအတွက်
ရေးကြီးဆုံးပါ၊ ရော့ မေမေ၊ ဒီမနက်သောက်ရမယ့်ဆေး အချိန်လွန်
ပြီ မေမေရဲ့၊ အစောကိုစောင့်နေရင် အချိန်ပိုနောင်းသွားမယ်၊ အစော
ပြင်သွားနေတယ်၊ အစောပြန်လာတဲ့အထိ သားစောင့်နေပေးမယ်
နော် မေမေ"

ရာစုသစ် ချော့ချော့မော့မော့ပြောရင်း မေမွေးလက်ထဲ ဆေးလုံး
ထားလုံး ထည့်ပေး၏။ ဒေါ်ခူး အသင့်ထည့်ထားသော ရေဖန်ခွက်ကို
ကိုင်ထားလိုက်သည်။

မေမေက အစောကိုမျှော်လင့်သော မျက်ဝန်းကြည်ကြည်လေး
ဆေးလုံးတို့ကို ခံတွင်းထဲပက်ထည့်၏။ သူကိုယ်တိုင် မေမွေးကို ရေ
တိုက်၏။ ဆေးလုံးကလေးများက မေမေမော့သောက်လိုက်သော ရေနှင့်
ပြိုင်နက် မျောပါကာ လည်ချောင်းထဲရောက်လေသည်။

မေမွေးတံခွန်မှ ရေတွေကို သူကိုယ်တိုင် လက်သုတ်ပတ်ပြင့်
သုတယ သုတ်ပေးပြီး –

"မေမေ ဒီမနက် လမ်းမလျှောက်ဖြစ်သေးဘူးနော်"

"နေလည်းမြင့်နေပြီ၊ မလျှောက်တော့ဘူး သားကြီးရယ်"

"ဟုတ်သားပဲ၊ ဒီအချိန်ခြံထဲမှာ နေရောင်ပြင်းနေပြီ၊ ညနေ
ယ်ထဲ ပတ်လျှောက်မလား။ သားလည်း မေမေနဲ့အတူ လျှောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ညနေလောက်မှပဲ အစောလေးနဲ့ ခြံထဲဆင်းလျှောက်တော့
မယ်၊ အခု မမေမေလဲနေချင်တယ် သားကြီးရယ်"

"လဲချင် လဲနေလေ၊ သားစောင့်နေမယ်"

သူပြောတဲ့အတိုင်း မမေမေက ခုတင်ပေါ် လဲချလေသည်၊ ရာ
သစ်လည်း မမေ့အနားမှ မခွာပါ။ မမေ့ကိုယ်ပေါ် ခြုံစောင်လေး
လွှမ်ခြုံပေးကာ မမေ့လက်ဖဝါးကိုတော့ တယုတယ ဆုပ်ကိုင်ချော့မော့
ရင်း အပြုံးအမည်းရောနေသော မမေ့ဆံပင်ကိုလည်း မြတ်နိုးစွာ ပွတ်
သပ်ပေးမိသည်။

သူ့ကိုသာ အားကိုးတကြီးရှိလှသော မမေ့ခမျာ သူ့အနားမှာ
ရှိနေသည်ဆိုသော အသိဖြင့် စိတ်ချလက်ချ မျက်လွှာလေးစင်းချက်
မကြာခင် အိပ်မောကျသွားလေသည်။

မမေမေရယ်။

✿ ✿ ✿

အခန်း (၂၈)

"အို ဖယ်"

ထိတ်ထိတ်လန့်လန့် ဟန့်တားသော အစောအသံ။

အန်တိမြင့်တို့ဧည့်ခန်းဆီ လှမ်းနေသော ရာစုခြေလှမ်း ရုတ်
ခြည်း တန့်သွား၏။

"စောကို ဒီလိုမဆက်ဆံပါနဲ့ လောင်းရိပ်ရယ်"

တောင်းပန်သလိုပြောနေရှာသော အစောအသံလေး တိမ်ဝင်
သွား။

"မောင့်မှာ ဘာအခွင့်အရေးမှ မရှိဘူးလားကွာ"

ထိန်းချုပ်မနေလိုသော လောင်းရိပ်၏ အားမလိုအားမရအသံ။

www.burmeseclassic.com

www.burmeseclassic.com

အစောနဲ့ လောင်းရိပ်။

သူ့ခြေလှမ်း ရွေ့တိုးရမလား နောက်ဆုတ်ရမလား။ ဝေခွဲရခက်စွာ ရပ်နေလိုက်သည်က အရင်။

အန်တီမြင့် ကားလေးနှင့် အပြင်ထွက်သွားတာ လှမ်းမြင်လိုက်တာမို့ သူ အစောဆီ ထွက်ခဲ့ခြင်း။

လောင်းရိပ်က သူ့ထက်ဦးစွာ ရောက်နှင့်နေပြီး အခြေအနေကို အသုံးချဖို့ စိတ်စောနေသည်။ အစောက ငြင်းဆန်ဟန်တားကာ ရှောင်ဖယ်နေတော့ နှစ်ယောက်သားကြား ဖိလင်က ဆန့်ကျင်စွာ။

ဒီလိုအချိန်မှာ သူ ကြားဝင်လို့ သင့်တော်ပါ့မလား။

အစော ငြင်းဆန်နေတဲ့ဘက်က သူ ကြားဝင်လိုက်ရင် လောင်းရိပ်ဆိုတဲ့ငနဲ ငြိမ်ခံနေမှာမဟုတ်ဘူး။

သူ့ကို ပြဿနာရှာလွှင်း။

ရာစုသစ် ခေါင်းတစ်ချက်ယမ်းလိုက်၏။

"စောကို နားလည်ပေးပါ လောင်းရိပ်ရယ်၊ အန်တီမြင့်တို့ စီစဉ်တာကို စော မငြင်းပါဘူး"

"မငြင်းတဲ့အတွက် ကျေနပ်ပါတယ်၊ မောင်က စောကို ချစ်နေရတဲ့သူ၊ ချစ်တဲ့စိတ်နဲ့တော့ မြတ်မြတ်နိုးနိုးနဲ့ ထွေးထွေးပွေ့ပွေ့ ယုယုယယ နေချင်တယ်၊ အဲဒါကို စောက ငြင်းဆန်နေတာ မောင် ဘယ်လိုခံစားရမလဲ၊ တစ်ဆိတ်လောက် မောင့်ဘက်က ခံစားပေးလှည့်ပါ စောလေး"

"ဟို"

အစော ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်ရလေသည်။ ရာစုသစ်မှန်နေချင်တော့ပါ။

သူ့ရင်ထဲမှာ အစောဟန့်တားနေတဲ့ဘက်က ရပ်တည်ပေးချင်သည်။ လောင်းရိပ်က နဂိုကတည်းက လက်သွက်ခြေသွက်ရှိလှသည်။ ငြင် ပိန်းမကျမ်း နောကျသူ။

အစောဘက်က ရှောင်ဖယ်မှုတွေအားပျော့ချိန်မှာ လောင်းရိပ်က အဆင့်တက်လာမှာ မလွဲ။ သူ့အထင် မှန်ပါပေသည်။

"စော"

အားမလိုအားမရဖြစ်နေသော လောင်းရိပ်က အစောနား တိုးသလို အစောလက်ဖဝါးကို ဆွဲယူဆုပ်ကိုင်လေသည်။

ထိုအခါ ရာစုသစ်ရင်ထဲမှ သွေးများ ပွက်ပွက်ဆူကာ၊ ကမူးကိုးနှင့် အစောနှင့်လောင်းရိပ်ရှိနေသော ဧည့်ခန်းထဲ တန်းဝင်ပြီး "ဟမ်း" နဲ့ ချောင်းဟန့်သလို အသံပြုလိုက်လေသည်။

ထိုအခါ အစောလက်ကိုရုန်းကာ ရှောင်ထွက်ခွင့်ရသလို လောင်းအတင်းအကျပ်ဆွဲထားလို့ မဖြစ်နိုင်သည့်အခြေအနေ။

"ကျွတ်"

လောင်းရိပ် မျက်နှာကြီးမည်းကာ အောင့်သက်သက်နှင့် ခံရတဲ့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်း"

ဟု ရာစုသစ်ကို ရန်မူလိုစွာ လက်ညှိုးထိုးလေသည်။ ရာစုသစ် မသိချင်ဟန်ဆောင်လိုက်ပြီး အစောရှေ့ တိုးသွား၏။

"အစော မမေ့အတွက် နှေလယ်စာတစ်ခုခုလောက် စီစဉ်ထား ပါလား။ မမေ ထမင်းမစားချင်ဘူးတဲ့"

"အေး။ ငါ လုပ်ပေးပါ့မယ်၊ စောင့်ပြီးယူသွား"

အစောက ထွက်ပေါက်ရသွားဟန်နှင့် မီးဖိုခန်းဆီ သုတ်ခြေ ရှောင်ထွက်သွားသည်။

အဲဒါကို လောင်းရိပ် အံ့ပြင်းဆုံး။ အခြေအနေကို ဆန့်ကျင် ဘက်ဖြစ်အောင် လာလုပ်သော ရာစုသစ်ကို ချဉ်တူးစွာကြည့်၍ မျက်နှာ ချင်းဆိုင်သည်။

"နေစမ်းပါဦး။ မင်းအမေအတွက် အစောက ကျွန်သဘောင် လား"

"ဆောရီးပါ သူငယ်ချင်း။ မင်းထင်သလို မဟုတ်ပါဘူး"

"ကိုယ်ထင်တာ မဟုတ်ဘူး မြင်နေတာ"

ရာစုသစ် မျက်နှာလွှဲနေလိုက်သည်။

"ဆောရီးကွာ၊ မင်းရင်ထဲ တစ်မျိုးမြင်နေတယ်ဆိုရင် ကို တောင်းပန်တယ်"

"ဒီကိစ္စက တောင်းပန်ရုံနဲ့ ပြီးတာမျိုးမဟုတ်ဘူး၊ အစော

ကိုယ်နဲ့ မကြာခင် လက်ထပ်တော့မယ့် ကိုယ့်ရဲ့ဇနီးလောင်း။ အစော လက်ခံထားတဲ့အတွက် အစောကို ကိုယ်ပိုင်တယ်၊ ကိုယ်နဲ့ဆိုင်တယ်၊ မင်း ခိုင်းချင်ရာခိုင်းနေဖို့ ကိုယ် ခွင့်မပြုနိုင်ဘူး"

ရာစုသစ် တောင်းပန်စကားဆိုတာက ပြဿနာမဖြစ်ချင်လို့ပါ။ လောင်းရိပ်က ပိုင်ကြောင်းဆိုင်ကြောင်းပြောလာတော့ အသည်းနှလုံးကို ထိုးတုပ်ခံရသလို အဆိပ်တို့တက်၏။

ရာစုသစ် ဆတ်ခနဲ မျက်နှာလွှဲညှာကာ လောင်းရိပ်နှင့် မျက်နှာ ချင်းဆိုင်လိုက်ပြီး –

"ဒီမှာ လောင်းရိပ်၊ ခုချိန်မှာ မင်းဟာ အစောရဲ့ခင်ပွန်းစစ်စစ် ဖြစ်နေရင်တောင် ကိုယ် ဂရုမစိုက်ဘူး"

"ဘာကွ"

လောင်းရိပ် ဟုန်းခနဲ ပေါက်ကွဲသွား၏။ ခုန်အုပ်တော့မယ့် ကြောရဲတစ်ကောက်လို မာန်အပြည့်ဖြင့် ရင်ဆိုင်လေသည်။

ရာစုသစ် မမှုစွာ။

"မင်းကြားတဲ့အတိုင်းပဲ လောင်းရိပ်၊ ကိုယ့်တက်က ပြဿနာ ဖြစ်ချင်လို့ တောင်းပန်နေတာ၊ မင်း မကျေနပ်ရင် ကြိုက်သလိုစဉ်း းစား တစ်ခုတော့ရှိတယ်၊ အစော အလိုမတူဘဲ လက်ဖျားနဲ့မတို့ပါနဲ့"

"ဟင့် ဟင့် ဟင့်"

လောင်းရိပ် ခနိုးခနဲ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လက်ဖျားနဲ့ မတို့နဲ့တဲ့၊ ရယ်ဖို့ကောင်းလိုက်တာကွာ၊ ဒီရာစုသမီး၊ မင်းပြောနေတာကို ကိုယ် လိုက်နာမယ်တဝင်နေလား။ ဆောရီး သူငယ်ချင်း။ အစောကို ကိုယ်လက်ဖျားနဲ့တင် မဟုတ်ဘူး ပါးကိုလည်း နမ်းပြီး တစ်ကိုယ်လုံးကိုလည်း ပိုင်ထားပြီးပြီ၊ အဲလောက်ဆို မင် သဘောပေါက်လိုက်"

"တောက် မင်း"

"ဟင့် ဟင့် ဟင့်"

လောင်းရိပ် ကရော်ကမယ်ရယ်မောလေ ရာစုသစ်ရင်ထဲ ပေါက်ကွဲလေ။ ရာစုသစ် လက်ချောင်းတွေ တင်းတင်းကျပ်ကျပ် ဆုပ်ထားမိတယ်။

"ရာစု မင်း နုပါသေးတယ်ကွ၊ လောင်းရိပ်ကို ဘယ်တော့မှ ကျော်လို့မရဘူး။ မင်းခေါင်းထဲ မင်းနှလုံးသားထဲ စွဲအောင်မှတ်ထား စောကို ကိုယ်ပိုင်ပြီးသား"

ထိုစကားလုံးနောက်မှာ ရာစုသစ်မျက်လုံးဟာ အမှောင်ကျသွား သလို ဖြစ်ကာ ဘာကိုမှ မမြင်ရတော့ပါ။

အစောကို လောင်းရိပ်က ပိုင်ပြီးသားတဲ့။

ဟင့်အင်း။

သူ ခေါင်းတွင်တွင်ယမ်းပစ်ကာ ပိုင်ပြီးသားလို့ ဟားတိုက်ပြော နေသည့် လောင်းရိပ်ကို သူ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။

ထို့ကြောင့် –

"ပိုင်ဦးကွာ"

ဟု အံတကြိတ်ကြိတ်ပြောရင်း တင်းအောင်ဆုပ်ထွေးထားသော ညာလက်သီးဖြင့် လောင်းရိပ်မျက်နှာတည့်တည့် ထိုးချလေသည်။

"ခွပ်"

"အား"

မထင်မှတ်တဲ့ အထိုးခံလိုက်ရသော လောင်းရိပ် ကိုယ်တစ်ပတ် လည်ကာ ဆိုဖာပေါ် လွှင့်ကျသွားသည်။

"ဟဲ့ ဟဲ့၊ ဒါ ဒါ ဘယ်လိုဖြစ်ကြတာလဲ"

အန်တီမြင့်ကားလေး ပေါ်တီကိုအောက်မှာ ရပ်ရုံရှိသေးသည်။ ငြိသနာမြင်ကွင်းကို မြင်လိုက်သည်နှင့် ဟန့်တားအော်ဟစ်ကာ ဒေါ်ညွှာမြင့် ကားပေါ်က ပြေးဆင်းလာသည်။

သမက်လောင်း လောင်းရိပ်ဘက်က ကာကွယ်ရပ်ကာ ရာစုကို ဒေါသနဲ့ ရင်ဆိုင်ကြသည်ပြီး –

"ရာရာ၊ မင်း ဘာလူပါးဝတာလဲ"

ဒေါ်ညွှာမြင့်ကို ရာစုသစ် စိုက်ကြည့်လိုက်သည်။

"အန်တီမြင့်၊ သမီးချင်း ကိုယ်ချင်းစာဖို့ကောင်းတယ်"

"ဟေ့ မင်း ငါ့ကို ဝေဖန်စဝေရာမလိုဘူး ရာရာ၊ ငါ့လင်ပါးသွားမို့ ငါ စိတ်ကြိုက်စီစဉ်ခွင့်ရှိတယ်၊ မင်း ဘာမှပြောစရာမလိုဘူး၊ နောက်

www.burmeseclassic.com

တစ်ခါ ငါ့တိုက်ရိုပ်ကို နှင် မနှင်းနဲ့ ထွက်သွား၊ ခုချက်ချင်း ထွက်သွား"

ပါဝါကြီးသော ဒေါ်ဥမ္မာမြင့်၏ အဓိန့်ပေး လက်ညှိုး။

ရာစုသစ် စောဒကတက်ခွင့်မသာ။

"သွား။ ထွက်သွားလို့ ငါပြောနေတယ် ရာရာ၊ မင်းဟာ ငါ့သမီး အပေါ် အမြဲတမ်း နှိုင်စားနေတဲ့ကောင်၊ မင်းကို ငါ မမြင်ချင်ဘူး အစောကိုလည်း မင်း ဘယ်တော့မှ မျက်နှာချင်းဆိုင်ခွင့်မရစေဘူး။ ငါ စီစဉ်မယ်၊ သွားစမ်း ရာရာ၊ သွားတော့"

ဒေါ်ဥမ္မာမြင့် လက်ညှိုးညွှန်ပြီး နှင်ထုတ်ပစ်ရှာမက အာခံချင်သော သူ့ကိုယ်ကိုပါ တွန်းပစ်၏။

နောက်ဆုံးတော့ ရာစုသစ် အရေးနိဂုံးသူလို ရှောင်ခွာခဲ့ရသည် အဖြစ်။

အစောရေ –

ငါတို့ တကယ်ဝေးရတော့မှာလား။

✿ ✿ ✿

အခန်း (၂၅)

"ကြာလိုက်တာ ဆူးရေယ်"

"ရှင့်ကိုက လာမှာသေချာလို့လား"

စောင့်ရလွန်းလို့ ငေးငေးနဲ့ပိုးပိုး စိတ်မရှည်ချင်တော့ပါ။

ထိုထို့မေးလျှင် ဆူးနှင်းဆီ မျက်စောင်းထိုးပစ်၏။

"လာမှာပေါ့ဟာ၊ ရှင်တို့ကလည်း"

အိန့်ခဲကာ ဆူးနှင်းဆီကိုယ်စား ဝင်ပြောလေသည်။

"လာမယ် ကြာမယ်ဆိုတာမျိုးလားဟယ်"

"ဟွန်း"

ဆူးနှင်းဆီ ထပ်ဆင့်မျက်စောင်းထိုး၏။

www.burmeseclassic.com

www.burmeseclassic.com

"မစောင့်ချင်လည်း ထပြန်၊ ရှင်တို့ကို ဘယ်သူမှ ခွဲမထားဘူး"

"ဆူးကလည်း ဇင်းဇင်း မစောင့်ချင်လို့ ပြောတာမဟုတ်ပါဘူး"

"မဟုတ်ရင်လည်း ပြီးရော၊ ကိုက လာမှာ ဖုန်းဆက်ရှိန်ပို့သား"

ဆူးနှင်းဆီက အပိုင်တွက်ချက်သလိုပြောခြင်း။

"ဟို အဲဒါဆို ဝိုးဝိုးတို့ပန်းခြံထဲ ခဏလမ်းလျှောက်ဦးမယ်၊ အညောင်းမပြေအောင်လေ"

"လျှောက်ပေါ့၊ ဆူးက ဒီကပဲထိုင်စောင့်မယ်၊ ကဲ သွား။ လမ်းလျှောက်မယ်ဆို သုံးယောက်လုံး လျှောက်ကြ၊ ကို လာတာမြင်တာနဲ့ ရှင်တို့ကို ဖုန်းဆက်လိုက်မယ်"

"အိုကေ"

ဇင်းဇင်းနှင့်ဝိုးဝိုး အားရဝမ်းသာဖြစ်သွားသည်။

"အိန္ဒိက ဆူးနဲ့ အဖော်နေပေးမယ်"

အိန္ဒိခေါက ဆူးနှင်းဆီငြိုငြင်မှာစိုးရွံ့ ထုတ်ပြောခြင်း။ ဆူးနှင်းဆီက သူငယ်ချင်းတွေအပေါ် ဒီတစ်ခါ နားလည်ပေးလိုက်သည်။

"ရပါတယ်၊ အိန္ဒိလည်း လိုက်သွား၊ ပန်းခြံထဲမှာပဲဟာ"

"ကဲပါ လာ"

အိန္ဒိခေါကို ဝိုးဝိုးနှင့်ဇင်းဇင်း တစ်ယောက်တစ်ဖက် လက်တွဲခေါ်သွားတော်။ ထိုအခါ အိန္ဒိခေါ မငြင်းသာ။

နဂိုကတည်းက စောင့်နေရတာ ညည်းငွေ့လှုပ်။ ဝိုးဝိုးတို့ ခုလို ဆွဲခေါ်သွားတော့ ဆူးနှင်းဆီလည်း မငြိုငြင်။ သူမလည်း ဆန္ဒပြည့်။

သုံးယောက်သား ပန်းခြံထဲ မြူးထူးစွာ ပြေးဝင်သွားတာကို ဆူးနှင်းဆီ အမြင်တစ်ဆုံး ကြည့်နေလိုက်သည်။

လူအုပ်ကြားထဲ သူငယ်ချင်းတွေ တိုးဝင်ပျောက်ကွယ်သွားမှ ဆူးနှင်းဆီ အကြည့်ရုပ်သိမ်းတော်။

ထို့နောက် ကိုကို ဖုန်းခေါ်ပြန်သည်။ ကိုဖုန်း တန်းခနဲဝင်သွားပေမယ့် ကို ဖုန်းမကိုင်။

ဘာကြောင့်လဲ။

ဆူးကို ဒီလိုရှောင်ဖယ်လို့ မရော်။

ကို မကိုင်မချင်း ဆူးနှင်းဆီခေါ်မြဲ။ နောက်ဆုံးတော့ ကို ဖကိုင်ဘဲ မနေနိုင်။ ကို ဖုန်းထူးသည့်နှင့် –

"ဆူး စောင့်နေတယ်လေ၊ ကို မြန်မြန်လာခဲ့"

"ဆယ်မိနစ်စောင့်"

"အိုကေ"

ဆူးနှင်းဆီ ကျေနပ်သွားသည်။ ကို လာမှ ဆူးရင်ထဲက ခံစားချက်တွေ အိတ်သွန်ဖာမှောက် ဖွင့်ပြလိုက်ရင် ကိုနားလုံးသားလေး ခရေပွင့်ကြွေသလို ဖြူတ်ခနဲကြွေမှာလေ။

"အဟင့်"

www.burmeseclassic.com

www.burmeseclassic.com

ဆူးနှင်းဆီရင်ထဲ မြူးမြူးလှုပ်လှုပ်ဖြစ်လျက် ကို လာရာလမ်းကို ငေးမျှော်စဉ် –

"ဆူးလေး"

ခေါ်သံနှင့်အတူ ရွှေတည့်တည့်ရောက်လာသူ။ ဆူးနှင်းဆီလက်ကိုင်ဖုန်းလေး တင်းနေအောင် ဆုပ်ကိုင်ရင်း မော့ကြည့်လိုက်သည်။

ဆူးကိုကြွေသော သဝဏ်ခေတ်။

တိမ်းညွတ်နေသော ခံစားချက်တို့က တစ်စုံတစ်ခုကို ပြုလုပ်တော့မည်ဟု ဆုံးဖြတ်ထားသောအသွင်ဖြင့် တည့်တံ့ခိုင်မာလျက် ဆူးနှင်းဆီကို နစ်နစ်စူးစူး စိုက်ကြည့်လာသည်။

ဆူးနှင်းဆီ ခုံတန်းမှာထိုင်နေရာမှ ဆတ်ခနဲထပြီး –

"ဘာလဲ သဝဏ်"

"ဆူးလေးကို ပြောစရာရှိလို့"

"ဟွန်း ရှင်ပြောတိုင်း ဆူးနားထောင်ရမှာလား"

"နားဆင်ရမှာပေါ့ ဆူးလေးရယ်"

"ဝေးသေး အို့"

ဆူးနှင်းဆီ နှုတ်ခမ်းမဲ့၍ ပြောလို့ပင်မဆုံးလေးပါ။ သဝဏ် စိတ်ကူးထဲကအတိုင်း သူမလက်ကောက်ဝတ်ကိုငြိမ်း ရွှက်လှုပ်နှံ့နောက် ဆွဲသွား၏။

"ဟဲ့ သဝဏ်၊ ရှင်နော်၊ ဆူးကို ရှင် ဘယ်လိုထင်နေလို့လဲ

ဟေ့ ထွန်းတောက်နဲ့ဒီပ၊ နင်တို့သူငယ်ချင်းကို နင်တို့ပြောဦးလေ၊ ဟဲ့ သဝဏ်"

ဆူးနှင်းဆီ အကြောက်အကန် ငြင်းသော်လည်း အချည်းနှီး။ ရွှန်းကန်နေသော်လည်း မလှုပ်မကယ်မှာရှိနေသော ထွန်းတောက်နဲ့ဒီပက မမှုသလို ရပ်ကြည့်နေသည်။

ထိုစဉ် သူငယ်ချင်းတွေကို ဆူးနှင်းဆီ လှမ်းကြည့်၏။ သို့သော် သူငယ်ချင်းတွေ မမြင်။ မြင်ရသည်က ပန်းခြံအဝင်လမ်းမှ လျှောက်လာနေသော ကိုကိုမြင့်တော့ ဆူးနှင်းဆီ အားတက်သွား၏။

"ကို လာပါဦး။ ဒီမှာ သဝဏ်ရယ် ဆူးကို အတင်းခွဲနေတာလေ"

ဆူးနှင်းဆီ အသံကျယ်ကျယ်နှင့် အားကိုးတကြီး ဆိုလိုက်သည်။ ဆူးနှင်းဆီအသံကြောင့် ရာစုသစ် နေရာမှာတင် ရပ်တန့်သွား၏။ သဝဏ်က လက်ဆွဲထားတာကိုမမှု။ သူမှာ သူငယ်ချင်းတွေပါသည် မဟုတ်လား။

"သဝဏ်၊ ရှင် လွတ်နော်၊ ကိုက လက်သီးအထိုးကောင်းတာ၊ ရှင့်မျက်ခွက် စုတ်ပြတ်သတ်သွားမယ်"

"ဟွန်း"

သဝဏ်ခေတ် မမှုပါ။ ရာစုသစ်က ဘာကြောင့်မှန်းမသိ ရွေ့တိုးလာ။ ပခုံးလေးစုံပင့်ကာ နှုတ်ခမ်းလေး ပြုံးမဲ့မဲ့နှင့် စိုက်စိုက်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကို"

ရာစုသစ် ရှေ့တိုးမလာတော့ ဆူးနှင်းဆီ ရွှေပြန်စပြုလာသည်။ တွန်းတောက်နှင့်ဒီပက ရာစုသစ် ငြိမ်နေသေးတာမို့ မလှုပ်ရှားသေး။

သဝဏ်က ဆူးနှင်းဆီကို သူ့ရည်ရွယ်ချက်အတိုင်း ပန်းချီ နောက် ဆွဲယူကာ ဆူးနှင်းဆီလက်နှစ်ဖက်ကို ပူးတွဲဆုပ်ကိုင်ထားလိုက်သည်။

"ဆူးလေး ကိုယ့်ကို ချစ်တယ်လို့ပြော၊ ဆူး ချစ်တယ်လို့ပြော၊ ကိုယ် လွှတ်ပေးမယ်၊ နောက်ဆို ဆောရီးပဲ၊ ကိုယ် ဘယ်ကောင့်ကို ရမဓိက်နိုင်ဘူးနော်၊ အချစ်နဲ့ပတ်သက်ရင် ထောင်ကျကျ တန်းကျကျ"

"ဟာ"

ဆူးနှင်းဆီ ပို့ချိုလောင်စွာ ရွှေစေးတို့ အပြုံလိုက်ထွက်လာကာ ဘယ်အခြေအနေကိုမှ မယုံနိုင်တော့ပါ။ ခုချိန်မှာ သူငယ်ချင်းတွေရှိနေရင် အကောင်းသား။ သူမ ဘယ်လိုရင်ဆိုင်ရကောင်းမှန်း မသိပါ။

"ကို"

ဆူးနှင်းဆီ ငိုသံဝဲဝဲနှင့် အားကိုးတကြီး ခေါ်ဆိုမိ၏။ ဆူးနှင်းဆီ အားကိုးသော ကိုက သဝဏ်၏လက်ထဲမှ သူမကို ကူကယ်ပို့နေသောသာ လာရာလမ်းအတိုင်း ကျောခိုင်းသွားသည်က သွေးအေးစွာ။

"ဟင့် ဟင့် ဟင်း၊ ကို"

ဆူးနှင်းဆီ အားကိုးရာမဲ့စွာ ငိုကြွေးနေမိသည်က အရင်း

"သဝဏ် ရှင်နော်"

ငိုသံကြီးနှင့် သဝဏ်လက်ကလွတ်အောင် ရုန်းသော်လည်း ဖြစ်သွား။ ထို့ပြင် သဝဏ်သိုင်းဖက်လျှင်။

"အို သ သဝဏ် နော်၊ ဟင့် ဟင့် ကို"

ဆူးနှင်းဆီ၏အော်ဟစ်သံကြောင့် ပတ်ဝန်းကျင်မှလူများ ရုပ်ရှင်ကားနေသည်ဟုထင်ပြီး ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

ဝိုးဝိုးတို့ ပြန်လှည့်လာခါမှ –

"ဟင် သဝဏ်၊ ရှင် ယုတ်မာလှချည်လား။ ရှင့်ကို ဆူး မချစ်ဘူးဆိုတာ သိရဲ့သားနဲ့၊ ဖယ် လွှတ်၊ မလွှတ်လို့က ခဲစဉ်းအတိုင်းပဲ"

သူငယ်ချင်းသုံးယောက် သဝဏ်ဆီပြေးဝင်ပြီး တွန်းဖယ်ကွယ်ကြမှ ဆူးနှင်းဆီ လက်လွတ်ခွင့်ရလေသည်။

ဆူးနှင်းဆီစမျှော ဝိုင်းအုံကြည့်နေကြသူများကြားမှာ ရှက်တာလား ဒေါသဖြစ်တာနှင့် ခံပြင်းတာတွေ ပေါင်းစပ်မိကာ တဟီးဟီးငိုမဲ့ဆဲတော့ပါ။

ထို့ပြင် အံတင်းတင်းကြိတ်လျက် မျက်လုံးထဲ နာကျင်မြားကစိုတစ်ယောက်ဆီ ပစ်လွှတ်မိကာ။

တွေ့ကြသေးတာပေါ့ ကို။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၀)

"မမေမှသားငယ်ကိုတော့ မမေမေ ထုတ်ပေးလိုက်တယ် မဟုတ်
လား"

ညီမငယ် မေတာရာတို့ မလိုတမာမေးသံ။ ထိုမေးသံကြောင့် မေမေ့အခန်းထဲ တန်းဝင်လိုသော သူ့ခြေလှမ်းများ ရုတ်ခြည်း ဘရိတ်ထိုး မိသားဖြစ်လေသည်။

မေတာရာပြောပုံအရ ညီငယ်အလင်းသစ်ကို မေမေ တစ်ရာ ထုတ်ပေးနှင့်သလို၊ ထုတ်ပေးတယ်ဆိုရင်တောင် သူမသိသေး။ တစ်ရာ ထုတ်ပေးတဲ့အကြောင်း မေမေလည်း တစ်ခွန်းမပြောခဲ့။

အငယ်နှစ်ယောက်ကို ဘာကိစ္စမှ တော်ရုံတန်ရုံ မေမေ

ပြောတိုင်ပင်လေ့ မရှိပါ။ သူ့ကိုတော့ အစစအရာရာ ဖွင့်ပြောတိုင်ပင်သည်။

ထမင်းစားမကောင်းတာကအစ ခေါင်းထဲမကြည်တာ အဆုံး။ ပိုင်ဆိုင်မှုတစ်ခုခုကို မေမေ ထုတ်ပေးလိုက်တဲ့ကိစ္စ သူ့ကို အသိမပေးတာ ဆန်းလှသည်။

ဘာကြောင့်ပါလိမ့်။

အစောနဲ့ပတ်သက်ပြီး သူ့ဘက်က မေမေ့အလိုကျဖြစ်အောင် မစွမ်းဆောင်နိုင်သေးသည့်အပေါ် မေမေ မကြည်လင်လို့လား။ မေမေ့စိတ်ရင်းအမှန်ကို သူ သိလိုလှသည်။

ဒါကြောင့် အခန်းပြင်မှာရပ်ရင်း နားစွင့်နေတော်။ မေမေ့လေသံ ပျော့ပျောလေးနှင့်ဆိုရှာသည်။

"သမီးရယ်၊ သားငယ်က အငယ်ဆုံးမဟုတ်လား။ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျသွားတော့ အိမ်ထောင့်တာဝန်ကို မနည်းကြီး ကုန်းရုန်းထိန်းနေရတော့"

"အဲဒါနဲ့ မေမေ့မှာရှိတဲ့ ပတ္တမြားဝမ်းဆက်ကို ထုတ်ပေးလိုက်တယ်ပေါ့"

"ချွေးမက ဝတ်ချင်တယ်ဆိုလို့ပါကွယ်"

"ဟွန်း သိတယ်၊ မေမေက သမီးထက် ချွေးမကို ပိုပြီး မျက်နှာသာပေးတယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီသဘော မဟုတ်ပါဘူး သမီးရယ်"

"ဘယ်သဘောနဲ့ဖြစ်ဖြစ် မေမေ့ရွေးမကို မေမေ ထုတ်ပေး သမီးကိုလည်း ထုတ်ပေးရမှာလေ၊ မေမေ မင်္ဂလာဆောင်တုန်းက အမေ ဘွားဘွားလက်ဖွဲ့တဲ့ စိန်လည်ဆွဲလေ၊ သမီးကိုပေးပါနော် သမီးက မေမေမွေးထားတဲ့ သမီးအရင်း မေမေရဲ့၊ နော် မေမေ"

ညီမငယ်၏တောင်းဆိုသံက ချိုချဲ့လာသလို အတင်းအကျ အပြုအမူတွေ ပါလာနေသည်။ မေမေ့ကိုလည်း လိုချင်တာရဖို့ ပွေ့ဖက်လာနှင့်။

ရာစုသစ်ရင်ထဲမှာ ရှုသသဖြစ်လေသည်။ မေမေ နေမကောင်းတာ သိသိကြီးနဲ့ ပြုစုယုယဖို့နေနေသာသာ ခုတော့ အပြိုင်အဆို တောင်းနေသည်။

မေမေကလည်း ပေးမှာပဲ။ သူသိသည်။ မေမေ့ပစ္စည်း မေ ဘယ်သူ့ကိုပေးပေး သူ ကန့်ကွက်စရာမရှိပါ။ သို့သော် အစစအရာ အားကိုးတကြီးရှိလှတယ်ဆိုသည့် သားကြီးဖြစ်သော သူ့ကိုတော့ ဖွင့်ပြော ကောင်းသည်။

ခုတော့။ သူ ဆက်မတွေးတော့။ မေမေ ဘာပြောမလဲဆိုတာ နားဆင်ရုံသာ။ မေမေ သက်ပြင်းရှည်ကြီးချ၍ –

"သမီးရယ်၊ မေမေ့မှာ အဲဒီလည်ဆွဲ မရှိတော့ပါဘူး"

"ဟင် သမီးမယုံဘူး"

"တကယ်ပြောတာသမီးရဲ့၊ သမီးဖေဖေအတွက် ဆေးဖိုးတွေ သိုတုန်းက မေမေကိုယ်တိုင် အစောရဲ့မိတွေးမှာ ထုတ်ပေါင်တယ်လေ၊ နောက်ပိုင်း မရွေးနိုင်လို့ ရောင်းလိုက်ရတယ်"

"ဟင်"

ဒီတစ်ခါ ဟင်ခနဲဖြစ်ရတာ သူရယ်။

မေတာရာက မယုံစလို မေမေ့ကို ကြည့်သည်။ မေမေ့မုံစံက အကဲခတ်လို့မရအောင် တည်ငြိမ် ပိရိနေကာ။

မင်္ဂလာဦးအမှတ်တရပစ္စည်းအပေါ်မှာ တွယ်တာနောင်ဖွဲ့ခြင်းနှင့် မြောခြင်းတို့ မရှိသလို။

"ရောင်းလိုက်တာ၊ သမီးလည်း ဘာမှမသိရပါလား"

မေတာရာ မယုံနိုင်စွာမေးလျှင် မေမေ ခေါင်းသာညိတ်ပြီး –

"သမီးက လည်ဖို့ပတ်ဖို့နဲ့ သုံးဖို့ဖြုန်းဖို့ပဲ သိတာလေ၊ မိသားစု အရေးကို ဘယ်တုန်းက ငဲ့ကြည့်လို့လဲ၊ ဖအေနေထိုင်မကောင်းတာ သိသိကြီးနဲ့ ဂရုစိုက်ပြုစုလို့လား။ ဆေးကုစရိတ်တွေ ဘယ်ကရသလဲလို့ ဖုပင်ဖုးလို့လား"

ထိုအခါ မေတာရာ့ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒါကြောင့် မေမေ ထုတ်ရောင်းလိုက်တာ"

ရာစုသစ် ခေါင်းတစ်ချက်ယမ်းပြီးသော ဖြစ်ဇာ။ လည်ဆွဲကိုစွဲ မေတာရာကို မေမေ ညာပြောလိုက်မှန်း သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com

မေမေက သူ့တင်မက သမီးအပေါ်လည်း လွှမ်းမှုက်နေပြီး။ မေ့စိတ်က ခုမှ ဘာလို့ ပြောင်းလဲနေရတာလဲ။

သူ အံ့သြသလို မယုံချင်သလိုလည်း ရှိ၏။ ထို့ပြင် ဒီမိသားစုရေးကို သားကြီးပိပိ သူသိလိုလှသည်။

မေမေကတော့ သွေးအေးစွာ သမီး ဖြစ်သူကို အားမရသလို ဆိုသည့်ရှ် –

"တကယ်ဆို သမီးဟာ မေမေ့အတွက် တအားဖြစ်ရမှာ၊ တော့ ကိုယ့်မောင်အပေါ်မှာ မကြည်မလင် ဖြစ်နေတယ်၊ သမီးထင်သလို မေ ဘယ်သားသမီးအပေါ်မှာ မျက်နှာမလိုက်ခဲ့တူး။ ဒါကို သမီးသိပါ သ်၊ သားငယ်ကို ပတ္တမြားလည်ဆွဲ ထုတ်မပေးခင် တစ်ပတ်လောက် ထည်းက သမီးတောင်းခဲ့တဲ့ပစ္စည်းကို မေမေ့လက်နဲ့ ရော့အင့်ဆိုပြီး တ်ပေးခဲ့တယ်လေ၊ သမီး ဘာလို့ အဲဒါကို မေ့ချင်ဟန်ဆောင်နေ ာလဲ"

မေမေ့စကားမဆုံးသေးခင် မေတာရာ မျက်နှာမဲ့ချိတ်ချိတ် ်။ နဝရတ်ကိုးသွေယ်ဘယက်ကို မေမေ့ဆီက သူမ ယူသွားခဲ့သည် ွတ်လား။ မမေးမမြန်းဘဲ သူမကို မေမေထုတ်ပေးလိုက်သည်။

ပြန်မပေးသေးတာသိလျက် မေမေ ပြန်မတောင်းသေးတာ နိုထိ။ ဘာပဲဖြစ်ဖြစ် သားထက် သမီးက မိခင်ဆီက ပိုရသင့်သည်ဟု ယူဆသည်။ ထိုကတည်းက ပတ္တမြားဝမ်းဆက်ပါ တောင်းယူလိုက်ဖို့

လည်ဆွဲပေါင်တာမှန်ပေမယ့် ဖေဖေဆုံးပြီး တစ်လအကြာ သူ ပြန်ရွေးပေးခဲ့သည်။ ကံကြမ္မာအကြောင်းကြောင့် ဖေဖေ့ကို လက်လွှတ်ဆုံးရှုံးရပေမယ့် ဖေဖေနဲ့မေမေရဲ့ မင်္ဂလာဦးပစ္စည်းကို အဆုံးရှုံးမခံရက်ပါ။

ထိုပစ္စည်းကို ဖေဖေနဲ့ထပ်တူ မေမေ တန်ဖိုးထားမှန်း သူ သည်။ ဒါကြောင့် သူကြိုးစားပြီးရွေးပေးခဲ့သည်။ အစောမိတွေးသ အတိုးမယူခဲ့။

ပေါင်ထားတဲ့ငွေရင်းသာ ယူပြီး ပစ္စည်းပြန်ပေးတာမို့ အန်တီ ကို ကျေးဇူးတင်ကြောင်း အကြိမ်တစ်ရာမက သူပြောခဲ့တာ မှတ်မိ သည်။

ထို့ပြင် ထိုလည်ဆွဲ မေမေ့လက်ထဲ သူထည့်ပေးတော့ ေ ခမျာ ရှိက်၍ ရှိက်၍ငိုခဲ့သည်။

သိတာပေါ့။ ဖေဖေ့ကို မေမေ ဘယ်လောက်ချစ်ပြီး လောက်မြတ်နိုးလဲဆိုတာ။ ဖြစ်နိုင်ရင် လည်ဆွဲထက် ဖေဖေ့ကို ပိုပြီး ရှာသော မေမေ့စိတ်ကို သူဖတ်တတ်ပါသည်။

ကံကြမ္မာကိုမှ မလွန်ဆန်နိုင်လို့ ဖေဖေ့ကို မေမေ့လက်ထဲ ပ မပေးနိုင်သော်လည်း လည်ဆွဲကိုတော့ သူ ထည့်ပေးနိုင်သည်။

ခုတော့ မေမေက ဆောင်းလိုက်သည်ဟုဆိုသည်။

ဒါ ဘာကြောင့်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည်ဟု တွေးကာ မတောင်းယူဖြစ်သည့်အတွက် နောင်တရရ
ချင်။

"မေမေကလည်း ဘာပါဖြစ်ဖြစ် သမီးက မေမွေးသမီးအရင်
လေ၊ ရွေးရွေးက ချွေးမ၊ မေမွေးပစ္စည်း ချွေးမလက်ထဲရှိတာထက်
သမီးရင်းလက်ထဲရှိတာက ပိုသင့်တော်တယ် မေမေရယ်၊ သမီးလက်ထဲမှာ
အဲဒီပတ္တမြားဝမ်းဆက်ရှိနေတာ ပိုသေချာတယ် မေမေ၊ ရွေးဆီက မေ
ပြန်ယူပေးပါလားနော် မေမေ"

မေမေ စိတ်မောစွာ သက်ပြင်းချရင်း –

"သမီးရယ်၊ သားနဲ့သမီးအပေါ် မေမေ မျှမျှတတ ပေးကမ်း
သမျှ သားကြီးအပေါ်မှာ မေမေ မတရားပြုနေမိတယ်"

"ဘာ ဘာဆိုင်လို့လဲ မေမေ"

"သမီး စဉ်းစားကြည့်လေ၊ သမီးဖေဖေ ရောဂါဖြစ်တာတစ်ဖက်၊
စီးပွားရေးကျနေတာတစ်ဖက်၊ တစ်ခါ မေမေကလည်း လေထီသေး
အရှုံးဆုံးပြောရရင် သမီးဖေဖေရဲ့မဂ္ဂဇင်းတိုက် အရှုံးစာရင်းပေါ်က
တည်းက မေမေတို့ရဲ့ ဒီစံအိမ်ကြီးပါ ပေါင်ထားရတာ၊ ဒါတွေကို သမီ
တို့အငယ်နှစ်ယောက် စိတ်လည်းမဝင်စားဘူး ထင်ရာစိုင်းနေကြတာ
မဟုတ်လား။ သားကြီးပဲ ဒီကိစ္စအားလုံးကို ဖြေရှင်းပေးခဲ့တာ၊ ကံကောင်
လို့သာပေါ့၊ သမီးဖေဖေရဲ့ မဂ္ဂဇင်းအရှုံးပေါ်နေချိန်မှာ သားကြီးက ရွှေပြေ
နဲ့ စီးပွားကျာနယ်နှစ်ခောင်းကို စွန့်စွန့်စားစားလုပ်လိုက်တာ ပေါက်သွားလို့

ကာက်ဆို မေမေတို့ ဒီစံအိမ်ကြီးပေါ်က ဆင်းပေးရတာ သမီးဖေဖေ
ဆုံးခင်ကတည်းက"

မေမွေ့ခမျာ ရှင်းပြသလိုပြောနေရင်း မျက်ရည်တွေစီးကျလာ
ည်။

"သမီးဖေဖေရဲ့ ကြွေးတွေ ဆပ်နိုင်တာ၊ စံအိမ်ကြီးပြန်ရွေးနိုင်
တာ၊ သမီးဖေဖေနဲ့မေမွေ့ကို ဆေးကုနိုင်တာအားလုံးက သမီးကိုကို
ကြီးစားပေးလို့သာပေါ့၊ သားကြီးလည်း သမီးတို့ အငယ်နှစ်ယောက်လို
ထင်ရာစိုင်းနေရင် မေမွေ့ဘဝဟာ ရောဂါတစ်ဖက်နဲ့ သက်ဆိုးတောင်
ည်မှာမဟုတ်ဘူး၊ ခုလောက်ဆို သမီးဖေဖေလိုပဲ သေရောပေါ့"

"မေမွေ့ပြောလိုက်ရင် ဒီတော်ပြားချည်း ဖွင့်ပြနေတာပဲ၊ တော်
မပြောတော့ဘူး၊ မေမွေ့ဆီက ဘာမှ ထပ်မတောင်းတော့ဘူး။ ရွှေရွေး
ကို မရရအောင် သမီးဘာသာ လှည့်ပတ်ပြီးဖြန်းပြီး တောင်းယူမယ်"

မေတာရာ စိတ်မလျော့သေး။

မေမေက ငိုနေဆဲ။

ဒီကြားထဲ သူ ဝင်ပါလို့မဖြစ်မှန်း သိသာနေသည်။

တို့ကြောင့် ရပ်တန့်နေသော သူ့ခြေလှမ်းကို မေမွေ့အခန်းနှင့်
းရောဆီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းနှစ်ယောက် ဘယ်လိုကြည့်ကြည့် သူ မမှုချင်ဟန်ဆောင်လိုက်သည်။

အထူးသဖြင့် ပြင်သစ်ရှိ နာမည်ကျော်ဂျာနယ်တိုက်ကြီးမှ မစ္စ ဘာအေးမား၏ ဖိတ်ခေါ်မှုကို သူငြင်းဆန်လိုက်သည်။

ထိုဖိတ်ခေါ်မှုသည် သူတို့ဂျာနယ်လုပ်ငန်းအတွက် များစွာအထောက်အကူပြုမှာဖြစ်သလို အကျိုးစီးပွားလည်း ဒီထက် တိုးတက်နိုင်ရန်ရှိသည်။

ထိုအခွင့်အရေးကို ငြင်းဆန်လိုက်တဲ့အတွက် သူငယ်ချင်း နှစ်ယောက် ပို၍ အံ့သြနေခြင်း။ အခြားဂျာနယ်တိုက်ပိုင်ရှင်တွေလည်း သူ့ကို မိုက်လေခြင်းဟု ဝေဖန်ကြသည်။

တကယ်လည်း မိုက်မဲနေမှန်း သူ့ကိုယ်သူသိသည်။ သို့သော် သူ့မိသားစုအရေးလောက် တခြားဘာကိစ္စကိုမှ သူ မျက်နှာသာမပေးလိုသုပါ။

ခုဆိုရင် မေမေ့ဆီကို ညီနဲ့ညီမက တစ်လှည့်စီလာပြီး ဟိုဟာတောင်း ဒီဟာတောင်းနှင့် မေမေ့စိတ်ကို ဒုက္ခပေးနေကြသည်။

မေမေက သူ့ကိုအသိမပေး။ ဖုံးဖိထားသည်။

သူက မထင်မှတ်ဘဲ သိသိနေတာ ခက်လှသည်။ ဒါတင်မကညီမက မောင်ဖြစ်သူနှင့် ရွေးရွေးအကြောင်း မကောင်းပြောကာ သူ့ဆီက ခွေပဲ တွင်တွင်တောင်းတ၏။

အခန်း (၃၀)

နွေသည် ခြောက်ခြောက်သွေ့တ၏။ ထို့ပြင် ရှရှကြီးပူကာ နေရထိုင်ရ အိုက်စပ်စပ်ရှိလှသည်။

အဲယားကွန်အခန်းထဲက ထွက်လိုက်သည်နှင့် နွေ၏အရောဘကို ထိုကဲ့သို့ ထိထိမိမိ ခံစားရပြီ။

ထို့အတူ သူ့နှလုံးသားမှာ ထိထက်မကပါ။ နွေတစ်ရာနယ်ပူပြင်းရှရှ ဖြစ်လျက်။

ဘာကြောင့် ပူပူရှရှ ဖြစ်နေရတာလဲ။

မေးလာကြရင်လည်း ရာစုသစ် ဖြေဖြစ်မယ်မထင်။ မဖြေလို့လည်း သူငယ်ချင်းနှစ်ယောက် သူ့ကို မျက်မှောင်ကုတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ဘက်က တတ်နိုင်သမျှ ပေးကမ်းသော်လည်း ကျေနပ်ခြင်း မရှိပါ။ ဒါ့ပြင် မေမေကလည်း ချွဲချာလာသည်။ နှလုံးအားနည်းတာ သွေးပေါင်ကျတာတွေ မကြာခဏ ဖြစ်တတ်။

အဆိုးဆုံးက အစောဟာ အရင်လို မေမေ့ဆီ ကူးလာဖို့အရေး အနေ မပေးရဲ့မက အစောတို့ စစ်ပွဲဖြတ်စာကို အန်တီမြင့်ကိုယ်တိုင် သူ့လက်ထဲ ထည့်ပေးခဲ့သည်။

မေမေ့ခမျာ ထိုဖိတ်စာပြင်ပြီးကတည်းက မိုင်တွေငေးမောကာ အစားအသောက်လည်း ဟဲက်ဟက်ပက်ပက် မရှိတော့ပါ။

သူ ချော့မော့ကြွေး။ ဆေးတိုက်နှင့် မေမေ့အနားမှာ အချိန်ပြည့် နေရသည်။ တကယ်ဆို အစောရှိနေရင် သူ နောက်ကြောင်းအေးအေးဆေး အလုပ်လုပ်နိုင်သည်။

မိသားစုအတွက် သူရွှန်းကန်နေရချိန်မှာ အစောဟာ သူ့မိသား စုကိစ္စကို လှည့်ကြည့်စရာမလိုအောင် ကိုင်တွင်ဖြေရှင်းပေးခဲ့သည် မဟုတ် လား။

အစောဟာ သူ့မိသားစုရဲ့မီးတိုင်ဆိုလည်း မမှား။ အလင်းရောင် စဉ်ဆိုလည်း ဟုတ်တယ်။

မေမေ့အတွက် သမီးရင်းထက် အားကိုးရသလို မောင်နှမနှစ် ယောက်၏ ရှေ့တော်ပြေးလည်း ဖြစ်ခဲ့သည်။

သူတို့မိသားစု၏ စီးပွားရေး နာလန်ထူနိုင်ဖို့ အစောယောက်နှာနှင့်

ဆန်ကိုပြင့်ဟာ တတ်နိုင်သလောက် အတိုးမယူတဲ့ အပေါင်ခံပေးခဲ့တာ အကြိမ်ကြိမ်ရှိခဲ့သည်။

သူနဲ့ သူ့မိသားစုအတွက် အစောဟာ မရှိမဖြစ် လိုအပ်လှသည်။ သို့သော် လိုအပ်ချက်သည် ဆူးနှင်းဆီဆိုသော မိန်းကလေးကို သူ ဖိတ်ဝင်တစားဖြစ်မိရာမှ မေးမေးမိုန်ခဲ့ကာ။

ရလဒ်က ဆူးနှင်းဆီ သူ့ရင်ခွင်ဆီ ဦးတည်လာကာ ရိုးတံနှင့် ဆူးလက်တွေမပါသော နှင်းဆီပန်းပွင့်ချည်းသက်သက်ကို သူ့ဆီအရောက် ဆက်သလာသည်မှာ ဘာကြောင့်ဆိုတာ ရာစုသစ်သိနေသည်။

"ဆူးနဲ့ကိုက နှင်းဆီခက်တစ်ခက်လိုပဲ၊ နှင်းဆီပွင့်က ဆူးဆိုရင် ဆူးလက်ခဲ့ရိုးတံက ကိုပဲ၊ ကိုက ဆူးကို ဆူးလက်တွေပါတဲ့ နှင်းဆီရိုးတံကို ဆက်သသလို ဆူးက နှင်းဆီပွင့်သက်သက်ကို ပြန်ပေးတယ်၊ အဓိပ္ပာယ် က ဆူးလက်ပါတဲ့ နှင်းဆီရိုးတံမှာ ပန်းပွင့်တွေပါမှ ကျက်သရေရှိသလိုပေါ့၊ ဟုတ်ဘူးလား။ အရှင်းဆုံးပြောရရင် ကို့ကို ဆူးချစ်တယ်"

ပန်းခြံမှာ သဝဏ်နှင့်တွေ့ကတည်းက သူ ကျောခိုင်းလှည့်ပြန် ခဲ့ပေမယ့် သူမက ရှေ့တိုးလာသည်။ ထိုရှေ့တိုးမှုက ဆူးနှင်းဆီ၏ မာယာ လား။ အတ္တလား။ ဘာပဲဖြစ်ဖြစ် ထိုပန်းပွင့်တွေကို သူ မမြွေးခဲ့ပါ။

နှမ်းရိုက်ခံစားမိဖို့ သူ့နှလုံးမှ ဖီလင်မလာပါ။ ဆူးနှင်းဆီမမြင်ရ အောင် အိုက်တောင်းထဲ သွန်ပစ်သည်အထိ သူ့နှလုံးသား တင်းမာနေ ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အစောဖိတ်စာကိုမြင်တော့ သူနှလုံးသား မတင်မကျနိုင်ပူလောင် ဆူလောင်နှင့် ဆောက်တည်ရာမရ ဖြစ်နေခဲ့သည်။

အစောသည် ဆယ်နှစ်နီးပါး သူနဲ့ နီးကပ်စွာ ရှိခဲ့သည်။ အနှစ်တိုမြင့်နှင့် အစောအဖေ ယူပြီးကတည်းက အနှစ်တိုမြင့်တိုက်မှာ အစောရဲ့ မွေးစားအဖေ ပြောင်းနေသလို အစောလည်း မွေးစားအဖေနှင့်အတူ အနှစ်တိုမြင့်တိုက်မှာ ခိုလှုံလာခြင်း။

ခြံချင်းကပ်နေတာမို့ အစောဟာ ညီမလေး မေတ်ရာနှင့် ဦးစွာသူငယ်ချင်းဖြစ်ပြီး မေမေနှင့်အဖွဲ့ကျကာ မောင်ငယ်နှင့်လည်း လေပေးဖြောင့်ခဲ့သည်။

ထို့နောက် တည်တည်တံ့တံ့နေတတ်သော သူ့စိတ်ဟာ အစော၏ ဂရုစိုက်မှုတွေနောက်မှာ အရည်ပျော်ကာ သူ့အတွက် အစစအရာရာ စိတ်ချရသော လူယုံတော်မလေး ဖြစ်လာခဲ့သည်။

ခုတော့ သူ ဆူးနင်းဆီကို စိတ်ညွှတ်သွားတော့ အစောက လောင်းရိပ်ကိုရွေးချယ်ကာ မကြာခင် သူနဲ့သာမက မေမေ့အတွက်ပါ လုံးဝစည်းခြားတော့မယ့် အနေအထား။

သူ မခံစားနိုင်သလို မေမေသည်လည်း။

ရာစုသစ် ဆက်မတွေးတော့ပါ။

ဦးတည်ရာမဲ့နေသော ခြေလှမ်းတွေဟာ ခြံဝင်းနှစ်ချက်ကြား ဖောက်လုပ်ထားသော တံခါးပေါက်ဆီရောက်သွား၏။

နှစ်ခြိုကြား တံခါးပေါက်က နှစ်ဆယ့်လေးနာရီဖွင့်ထားသော်လည်း ခုတော့ ပိတ်ထားကာ။ တွန်းဖွင့်သော်လည်း မပွင့်။

သော့ခတ်လျက်သားဖြစ်နေပြီ။

ဒီအခြေအနေက ရာစုသစ်စိတ်ကို ပို၍ပင် ပေါက်ကွဲချင်သည်။ လောင်းရိပ်ခဲ့ပြဿနာဖြစ်ပြီးကတည်းက အနှစ်တိုမြင့်တိုက်ရိပ် ခြေချွင့်မရသည့် သူဖြစ်စဉ်။

ခုလို သော့ခတ်ဆီးတားခြင်းခံရလေတော့ ရေအလျှဉ်ကို ရုတ်ခြည်း ဖြတ်ပိတ်ခံရသလို သူ့နှလုံးသားမှာ ဝရုန်းသုန်းကား ဖြစ်လေသည်။

ထို့ကြောင့် သော့ခတ်စည်းတားသည်ကိုလည်း မမှုနိုင်။

သံပန်းတံခါးတိုင်ကို ဆုပ်ကိုင်လျက် အုတ်စည်ရိုးပေါ် လွှားခုန်တက်ကာ အနှစ်တိုမြင့်တို့ခြံထဲ ခုန်ဝင်လိုက်လေသည်။

အစောရယ် –

ဖြစ်ချင်ရာဖြစ်စေတော့။

နှင့်ကို ငါ အဆုံးရှုံးမခံနိုင်ဘူး။

အဆုံးရှုံးမခံပါရစေနဲ့ဟာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ကြည်ကြည်လင်လင်။

ဘဲဥပုံမျက်နှာသွယ်လေးပေါ်မှ ပါးဖိုးလေးများ ပန်းသွေးရည်စိုလျက်။ မျက်တောင်ညှိုလေးကအစ အရောင်လက်၏။

အပေါ်နှင့်အောက်နှုတ်ခမ်းလွှာသည် အချိုးညီညီဖြစ်လျက် ဖူးဖူးစုစုလေး ဖြစ်နေသည်က ခရေပွင့်လေးနှယ်။

အုံပွဲ့ကောင်းသလို ရှည်လျားသောဆံပင်တို့က ပိတုန်းတောင်ပံ ခတ်နေသလို အရောင်လက်၏။

အားကစား ဘာညာ အကူအညီမပါဘဲ အချိုးအဆစ်ကျနေသော ကိုယ်ဟန်ကောက်ကြောင်းက လှသည်ဆိုတာထက် ခွဲဖွယ်၊ ငြိဖွယ်နှင့် စိတ်လှုပ်ရှားဖွယ်။

သဘာဝအတိုင်း အလှသွေးကြွယ်ကြွနေသော ခရေစေရယ်။

နာမည်နှင့်လိုက်ဖက်စွာ ခရေနုံ့ပျဖူလေးသင်းနေသော သူမ ကိုယ်သင်းရနံ့သည် ဆူးနှင်းဆီ၏ ပြင်သစ်ရေမွှေးနံ့ သင်းအီသော ကိုယ်သင်းရနံ့နှင့် မလဲနိုင်။

ထိုအခါ သူ့စိတ်၌တွယ်ငြိသော ခံစားချက်နှင့် တယုတယမွေးကြူနေချင်သော စိတ်တို့ စက္ကန့်မလပ်ဖြစ်တည်စေပါသည်။

လောင်းရိပ်ကို ခြိုဝအထိလိုက်ပို့ကာ ငေးကြည့်နေသော သူမ လောင်းရိပ်ကားလေး မြင်ကွင်းထဲမှ ပျောက်သွားမှ တိုက်တာက်ပြန်လှည့်တာ။

အခန်း (၃၂)

နွေညနေဆည်းရီသည် အစွမ်းကုန် အလှသွေးကြွယ်လျက်ရှိသည်။ လိမ္မော်နှင့် ရွှေရေးရောင်ရောယှက်နေသောကြောင့် တိမ်လွှာမှာ တောက်ပဝင်းပြနေ၏။

ထိုတိမ်လွှာ၏အလင်းရောင်စဉ်သည် ဖြန့်ထားသော ယပ်တောင်လေးသဖွယ် ပတ်ဝန်းကျင်တစ်ခွင်သို့ ဖြန့်ကြက်ကျရောက်နေသည်ကို ပို၍ပင် လှသွေးကြွယ်လျက်ရှိသည်။

ထိုအလှထက် သူမ၏အလှက ပိုသည်ဟု ရာစုသစ် မြင်လေပြီး။

ညနေဆည်းရီအရောင်စဉ်ကြောင့် အစောအသားအရေသည်

www.burmeseclassic.com

www.burmeseclassic.com

ရာစုသစ် မျက်တောင်မခတ် ငေးစိုက်ကြည့်နေတာကို သူ
ရိပ်စားမိဟန်မတူ။

ရွက်လှပန်းချီလှလှကြီးရှေ့မှ သူမ ဖြတ်သွားလျှင် –
"ဓော"

ရင်ခုန်လှုပ်ရှားသောအသံဖြင့် ရာစုသစ်ခေါ်လျှင် အစော
လှမ်းလေး တန့်တ။

ရှေ့တိုးလာသောသူ့ကို ဘွားခနဲမြင်လျှင် အစောတ၊ ပူးကြွေ
နှုတ်ခမ်းလေး တအံ့တသြ ပွင့်ဟချေသည်။

ညိုမှက်ဝန်းလေး ဝိုင်းသည်အထိ သူ့ကို အစောကြည့်ပြီး
"ရာရာ နင်"

ဟု စကားဆိုသည်။ ထိုဆိုစကားက ရှေ့ထွက်မလာ။ ထိုး
ပြတ်တောက်သွားကာ။

နေရောင်အလင်းက နှစ်ယောက်သားကြား အရောင်ပို
လွှမ်းမြှောလျက်။

သဘာဝပတ်ဝန်းကျင်ကြောင့်လား၊

လှပနေသော ညနေရီရီတ၊ လှရောင်ကြောင့်လား၊

ဒါမှမဟုတ် ခရေပွင့်နဲ့ ပျိုးပျသင်းသော အစောတ၊ ကိုယ်
သင်းနေသောကြောင့်လား။

ဘာကြောင့်မှန်း ရာစုသစ် ခွဲခြားမသိတော့ပါ။

လွတ်ထွက်သွားသော ရင်ခုန်စိတ်သည် ဘရိတ်ဆွဲရကောင်း
မှန်းလည်း မသိတော့ပါ။

အစောပခုံးပြေပြေလေးကို ဆုပ်ကိုင်ထိကာ ရွတ်ဖြည်းနဲ့သွား
သော အစောကိုယ်လုံးလေးကို ရင်ခွင်မှာပွေ့ဖက်ပြီးသားဖြစ်လေသည်။

"အို ရာ ရာ"

အစောတ၊ လန့်ဖျပ်သံနှလေးဟာ သူ့နားထဲမှာ ချိုငြိန်နေသည်။

ညနေခင်း ကျောင်ဂက်တို့တ၊ တွန်ကျူးသံသည် သူ့ရင်ခုန်စိတ်ကို
အားပေးနေသလို။

"အစောရယ်၊ နင် ငါ့ကိုချစ်မထားပါနဲ့၊ နင်က ငါ့ဘဝအတွက်
အရေးကြီးဆုံးပါ။ ငါ့နှလုံးသားအတွက် နင် မရှိလို့မဖြစ်ဘူး။ လိုအပ်တယ်၊
နင်ဟာ ငါ့ရင်ခွင်ထဲက ချစ်အမြဲတောပါ၊ ငါ့ဘဝ, ငါ့နှလုံးသားမှာ နှစ်ပေါင်း
များစွာ တွယ်ငြိနေခဲ့တာလေ၊ ငါကိုယ်တိုင်တောင် သတိမထားမိဘူး။
နင်နဲ့လောင်းရိပ်ကိုမြင်တိုင်း ငါ့နှလုံးသားက မြူနေတဲ့အချစ်မီးတောက်ဟာ
ထဟုန်းဟုန်း ပေါက်ကွဲနေခဲ့တယ်၊ ငါ တင်းခံနေသေးတယ်၊ ဒါပေမဲ့
မရဘူး၊ ချစ်တဲ့စိတ်က ထိန်းထားလို့မှ မရတာ၊ နင် ငါ့ကိုချစ်မထားပါနဲ့
အစောရယ်၊ ငါ နင့်ကိုချစ်တယ်၊ နင်ဟာ ငါ့ရဲ့အလင်းရောင်ပါ"

"အို ရာရာ နင်"

အစော ရင်တလှပ်လှပ်တုန်ကာ ရွက်စိတ်ဖြင့်လည်း တစ်ကိုယ်
လုံး ထူပူလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွေးပွေ့ခံထားရသလို သူမဆံပင်ရှည်ကိုလည်း ကြင်နာ
ပွတ်သပ်ရင်း တစ်ရွိုက်မွေးတယ်။

တိုပြင် ချစ်စိတ်မွန်ထူသောစကားလုံးတွေ ဒလဟောပြော
သူမမေးဖျားလေးကို ဆွဲယူမော့စေပြီး ဆေးသားမရှိသော ပန်းနု
ရောင် သူမနှုတ်ခမ်းဖူးဖူးလေးကို စုပ်ယူမွေးရွိုက်တယ်။

"အား"

အစောနှုတ်မှ လန့်ဖျပ်နာကျင်သံလေး လွှတ်ခနဲ ခုန်ထွက်
စူးရှရှနှင့် စပ်ဖျဉ်းဖျဉ်းဖြစ်သော နှုတ်ခမ်းလွှာလေးကြော
အသက်မရှူနိုင်ဖြစ်ကာ ဝမ်းနည်းခြင်းတို့ဖြစ်တည်ကုန်သည်။

မျက်ဝန်းညိုမှာလည်း မျက်ရည်တို့ဝိုင်းကာ -

"နင်"

သူမရင်ထဲမှ အရှက်သည်းသော နာကျင်ဒေါသတွေ လုံးထွေ
ကုန်သည်။ ပွင့်အန်ပြောဖို့ထက် အမှုအရာပါသွားလေပြီ။

ရာရာမျက်နှာကို တွန်းဖယ်ကုတ်ခြစ်သည် အရင်။

ညနေဆည်းရီဇာအလင်းရောင်လှလှက ရှက်စနိုးနှင့် လွှင့်
ပျောက်ကွယ်သွားသလို သူ့ရင်ခွင်ကို တွန်းဖယ်ပြီး လေအလျင်
တိုက်ထဲ ပြေးဝင်သွားသော ချစ်သူ။

"စော"

ချစ်စိတ်လှုံ့လှုက် သူ ခေါ်ဆိုလိုက်တယ်။

သို့သော် ဝေးသွားသော သူမခြေလှမ်းတွေနဲ့နောက်မှာ မျက်
ရည်တို့ တဖျောဖျော ကြွေသက်တယ်။

စောရယ် -

ငါ့အချစ်က နင့်မျက်ရည်ပုံစီးသွားအောင် ဖြစ်သွားစေသတဲ့
သား။

ပြောပါကွာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

တာပါ။ အဲဒီအတွက် အစောဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူး။

တကယ်ပါကွယ်။ အစောလို မိန်းကလေးဟာ နလုံးသားကို ရှာတန်းတင်လို့မရပါဘူး၊ အချစ်ကို တပ်မက်ခွင့်လည်း မရှိပါဘူး။ သာကိုးတစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို လက်သင့်ခံသည်သာ အစော ဒုက္ခမွာ။

လောင်းရိပ်ဟာ အစောကို ပိုင်ကြောင်းဆိုင်ကြောင်းပြောစဉ်က ပေါက်ကွဲခဲ့တာ အစော ဘယ်တော့မှမမေ့ပါ။ လောင်းရိပ်ဟာ အဲလိုပဲလေ။ လူတကာနားထဲ ခံရခက်သွားစေဖို့ ဘာမဆိုပြောဖို့ ဝန်မလေးဘူး။ သူတွေ နင်သိပါတယ်ဟာ။

ငါဘာဝီဟာ အနှိပ်ကြမြင့် စီမံသမျှ နာခံခြင်းသာ။ ဒါမှလည်း သူ့ဒီဇိုက ကျေနပ်သတဲ့။ ငါ ဘာမှ မတတ်နိုင်ပါဘူး။ အချစ်ဆိုတာ တိုနှစ်ယောက်အတွက် မဆုံနိုင်တဲ့ မျဉ်းပြိုင်နှစ်ကြောင်းပါ။

မျဉ်းပြိုင်ဆိုတာ ဘယ်တော့မှ ဆုံရိုးထုံးစံမရှိဘူး ရာရာရယ်။ ဆုံရိုးထုံးစံမရှိပါဘူး။

"ဟင့်"

အစော ခေါင်းလေးတွင်တွင်ယမ်းရင်း မျက်ရည်တွေလွှန်ချမိတယ်။ အချစ်ညီမျှခြင်း လည်ပြန်ငဲ့မကြည့်ကြေး။

✿ ✿ ✿

အန်း (၃၇)

တစိမ့်စိမ့်စိုနေသော မျက်ရည်ကြည်များ ဖျောဖျောကြေသည်မှာ အဆုံးသတ်ဖို့ ခဲယဉ်းချေပြီ။

"ချစ်တယ်တဲ့လား ရာရာရယ်"

အစောရင်မှာ ထပ်တလဲလဲ ရွတ်ဆိုမိသလို ခေါင်းလေးလည်း ခါယမ်းမိသည်။

မချစ်ပါနဲ့ ရာရာရယ်။ အချစ်ဆိုတာ ငါတို့နှစ်ယောက်အတွက် မရှိသင့်ဆုံး ခံစားချက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ နင့်မှာ နင့်ကိုချစ်သော နင်ကလည်း စိတ်ဝင်စားသော ဆူးနှင်းဆီ ရှိတယ်မဟုတ်လား။

ဒါကြောင့် လောင်းရိပ်ကို အစော ကျေကျေနပ်နပ် လက်ခံလို့

www.burmeseclassic.com

www.burmeseclassic.com

နောက်လိုက်ပြီး –

"ဒီမှာ ဆူးနှင်းဆီကို ကြောသွားလို့မရသလို ချန်ထားလို့လည်း ရဘူး။ ဆူးနာမည်က ဆူးနှင်းဆီလေ၊ နာမည်နဲ့လိုက်အောင် နှင်းဆီပွင့်ချပ်လေးလိုလည်း နူးညံ့တတ်တယ်၊ ဒီလိုပဲ နှင်းဆီဆူးလိုလည်း စူးရှတတ်တယ်ဆိုတာ ကို သိသွားစေရမယ်"

"အသိကောင်းအောင်လုပ်လို့ ပန်ခြင်းထဲမှာ သဝဏ်ဆွဲရမ်းတာ ရပြီး မဟုတ်လား"

ဇင်းဇင်းက ဘာမဆို ထင်တိုင်းပြောတတ်ဆိုတတ်သူပီပီ ထုတ်ပြောတ်။

ထိုအခါ ဆူးနှင်းဆီမျက်နှာလေး ခံပြင်းစိတ်နှင့် ရဲရဲမှည့်သွားသည်။ အဲဒီဖြစ်စဉ်က သူမရင်ထဲမှာ နွှတ်မရသောဆူးနှယ်။ ခုချိန်ထိ ဆူနာမျက်နေဆဲ။

ထို့ပြင် ကို့အပြုအမူထက် ကိုယ့်စကားက ပို၍ စူးရှတ်။

"ကို ကို ဆူးကို ဘာလို့ကျော်ခိုင်းသွားလဲ၊ သဝဏ် လူပါးဝတာ မြင်မြင်ကြီးနဲ့၊ ကို တန်းပြန်တာ ဆူးခံစားရတယ်၊ ပြီးတော့ ကို့ကိုလည်း နာမလည်တော့ဘူး။ ကိုက ဆူးအပေါ် အဲလိုကျော်ခိုင်းရက်တာ ဆူးအံ့သြတယ်၊ မကျေမနပ်လည်း ဖြစ်တယ်၊ သိလားကို"

ဆူး ဖုန်းဆက်ပြောလျှင် ကို ရယ်မောလေ့သည်။ ကို့ရယ်သံက ခြိုးလိုင်းထဲကတစ်ဆင့် ဆူးနားကြောထဲ ခံစက်ခက်ဖြစ်စေသည်။

အခန်း (၃၄)

"ဆူးနှင်းဆီရယ်၊ ရှင့်ကို ဇင်းဇင်း နားမလည်တော့ဘူး"

"ဟွန်း"

ဇင်းဇင်းမျက်နှာလေး ရှုံ့ရှဉ့်မေ့သည်။ ဆူးနှင်းဆီမျက်နှာလှလှကို မာနဖြင့်မော့ကာ ကာလာခြယ်မျက်ခွံကိုလည်း ပင့်ကြွထားသည်။

"ဟုတ်သားပဲ"

ဝိုးဝိုးက အအေးကို ပိုက်တံနှင့်စုပ်သောက်ပြီးဆိုသည့် အိန်ခေလည်း ဆူးနှင်းဆီကို မေးချင်ပေမယ့် စောင့်ကြည့်နေတ်။

ဆူးနှင်းဆီက ဘာပြောမလဲပေါ့။

ဆူးနှင်းဆီက ဒိန်ချဉ်ခွက်ကို ပိုက်တံဖြင့် စိမ်ပြေနပြေ ဖွေ

www.burmeseclassic.com

www.burmeseclassic.com

ဒါတင်မက ရယ်မောပြီးပြောပါ၏။

"ဒီမှာ ဆူးဆူး။ ကိုယ့်ဆီ ချဉ်းကပ်လာတဲ့ယောကျ်ားလေးတိုင်းရဲ့ အပြုအမူကို သာယာချင်သာယာပါ။ ဒါပေမဲ့ အဲဒီယောကျ်ားလေးတွေကို ကစားစရာလို သဘောမထားနဲ့၊ ကစားစရာလို သဘောထားရင် တချို့က သည်းခံတတ်ပေမယ့် တချို့က မြွေပွေးတစ်ကောင်လိုပဲ၊ ထိတာနဲ့ တုံ့ပြန်တတ်တယ်၊ အဲဒီသဘောကို ဆူး နားလည်သင့်တယ်၊ ဆူးကို သုတကြယ် လက်တုံ့မပြန်ပေမယ့် သဝဏ်က ထင်ရာစိုင်းတယ်၊ အဲဒီကြားထဲ ကိုယ်ဝင်တိုးရင် ကိုယ့်လောက်ဖျင်းတဲ့ကောင် ရှိတော့မှာမဟုတ်ဘူး ကိုယ်ဆိုတဲ့ကောင်ကလည်း ယောကျ်ားချင်း ခဲလင့်လုပ်ပြီး မိန်းကလေး တစ်ယောက် မာနထောင်လွှားခွင့်ရအောင် စွမ်းဆောင်မယ့်ယောကျ်ား စာရင်းထဲက မဟုတ်ဘူး။ ဒါကြောင့် လှည့်ထွက်ခဲ့တာ၊ အဲဒီအတွက် ဆူး မကျေနပ်လည်း ကိုယ် ဂရုမစိုက်ဘူး၊ ဆောရီးပါ ဆူးရယ်လို့ ပြောပါရစေ၊ ဟင့် ဟင့် ဟင့်"

"ကျွန်"

ဆူးနှင်းဆီနားစည်မှာ ခံခက်ခက်ကြီး စွဲငြိနေခဲ့သည်။ ဆူး ဖြစ်ချင်တာ ထိုသို့မဟုတ်ပါ။

သဝဏ်ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ဆူးဘက်က ကာကွယ်ရေး။ ခုတော့ အပြုအမူနဲ့စကားလုံးတွေဟာ ဆူးနှလုံးသားကို နှင်းဆီဆူး ပေါင်းမျှားစွာ ထိုးစိုက်ခြင်းခံရသလို။

ဆူးနှင်းဆီကို ဒီလို ပြုမူတုံ့ပြန်လို့ ဘယ်ရမလဲ။

ဆူးနှင်းဆီဆိုတာ နာမည်နဲ့လိုက်အောင် ပြုစားတတ်တဲ့ မိန်းကလေး။ သို့ကြောင့် မာနဆူးကို ခေတ္တသိမ်းခိုက်ကာ၊ ပွင့်ဖတ်လေးလို နူးညံ့သိမ်မွေ့သော တုံ့ပြန်မှုကလေး ပစ်လွှတ်လိုက်သည်။

ထိုတုံ့ပြန်မှုက တခြားမဟုတ်ပါ။

လှပသော နှစ်လိုဖွယ်ကောင်းသော နှင်းဆီပွင့်ချည်းသက်သက်ကို ပေးဆောင်ရင်း ဆူးနှလုံးသားထဲမှ အချစ်ကို ဖွင့်ဟကြောင်းလေသည်။

ထိုအခါ ကိုနှလုံးသားမှာ ယစ်မူးသွားပြီးထင့်။

"ဆူးနဲ့ကို တွေ့ချင်တယ်"

ဟု ခိုလာသည်။ ထိုအခါ ဆူးတစ်ယောက်တည်း ဟားတိုက် ရယ်မောလိုက်သည်။ ကိုကို ဆူးပိုင်ထားနိုင်တဲ့ ရှေ့ပြေးအခွင့်အရေး လေလား။

ဖြစ်ရမယ်လေ။

ဆူးနှင်းဆီဟာ သုတကြယ်လို သဝဏ်ခေတ်လို ကောင်တွေကို မှုသွေပ်သွားအောင်ပြုစားနိုင်သလို ရာစုသစ်ဆိုသော ကိုကိုလည်း ပြုစားနိုင်စွမ်းတယ်ဆိုတာ ကို သိသွားစေရမယ်။

အဲဒီဖြစ်စဉ်ကို သူငယ်ချင်းတွေ နားမလည်သော။ နားမလည် အောင်လည်း ဆူးနှင်းဆီ လျှို့ဝှက်ထားကာ။

တွေ့ချင်တယ်ဆိုသော ဒီ။

www.burmeseclassic.com

www.burmeseclassic.com

ဆူးနှင်းဆီ ထိုင်သော စားသောက်ဆင်တာရှေ့ရောက်ရှိခဲ့လျှင် ဆူးနှင်းဆီ ဆတ်ခနဲထသွားလေသည်။

"ဟဲ့ ဆူး"

"ဘယ်လဲ ဟ"

သူငယ်ချင်းတွေ တအံ့တသြမေးတာကို မဖြေ။

ကိုကားပေါ် ဆွဲခနဲတက်ကာ။

"တာ့တာ"

တအံ့တသြဖြစ်နေကြသော သူငယ်ချင်းတို့ကို ခပ်မှုးမှုးလေး လက်ပြလိုက်သေး။

သူငယ်ချင်းတို့ရေ –

ဆူးနှင်းဆီဆိုတာ ဆူးလက်တွေ ဝိုင်းရံထားသော ပန်းလှလှ တစ်ပွင့်ဖြစ်မှန်း ရှင်တို့သိစိမ့်အောင် ကြိုးစားပါလေ။

✿ ✿ ✿

အခန်း (၇)

"ဟင်"

ဆူးနှင်းဆီ မအံ့သြဘဲ မနေနိုင်ဖြစ်ရလေပြီ။

ကိုကားပေါ် လိုက်ပါခဲ့မိကာ နှစ်ကိုယ်ကြား ရင်ခုန်စကားတွေ ပြောကြဖို့ဟု သူမ ထင်သည်။

ခုတော့ အထင်နှင့်ဆန့်ကျင်စွာ။ လျှို့ဝှက်မှုတွေပါနေသော ကို ကျော်နာကို ငေးကြည့်ရင်း –

"ကို ဘယ်သွားဖို့လဲ"

"ရောက်တော့သိရတာပေါ့"

ဒါပဲပြောကာ ကားကို အာရုံစိုက်မောင်းနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် တလွှားလွှားလွှားနေသော ကိုကားထိုးရုပ်လိုက်သော နေရာက အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်။

"လာ ဆူး"

သူမကိုပါခေါ်ပြီး ကားပေါ်မှ ဆင်းသွားသောကို။

ဆူးနှင်းဆီ နားမလည်နိုင်စွာ။ ကိုနှင့် ထက်ကြပ်မကွာ လိုက်ပါရင်း –

"ဘာလဲ ကိုရဲ့၊ လေဆိပ်ကို ဘာလာလုပ်တာလဲ၊ ဆူးကို ပြောဦးလေ"

"ပြောမှာပါဆူး။ လောလောဆယ် အရေးကြီးတာက သုတကို နှုတ်ဆက်ဖို့"

"ဘာရယ်"

"သုတကြွယ်လေ"

ဆူးနှင်းဆီ ခြေလှမ်းတွေရပ်ပစ်လိုက်သည်။ ကိုကိုလည်း စူးစူးရဲရဲ မော့ကြည့်ပြီး –

"သုတကြွယ်၊ သုတကြွယ်နဲ့ဆူး ဘာဆိုင်လို့လဲ"

"ဘာမှမဆိုင်ဘူးလား ဆူးနှင်းဆီရယ်"

သူမ မျက်နှာလေး ပြာမှောင်သွား၏။

"ဆူး တွန်းလိုက်လို့ သုတ ခေါင်းဒဏ်ရာရသွားတယ်၊ အာရုံကြောထိပြီး ပုံမှန်မဖြစ်လို့ စင်ကာပူမှာ ဆေးကုဖို့ သုတအစ်မနဲ့ သုတခဲအို

သုတကိုခေါ်သွားနေကြတယ်၊ ဒီအချိန်မှာ ဆူး စာနာနားလည်မှုနဲ့ နှုတ်ဆက်သင့်တယ်၊ သုတမိသားစု ရင်ထဲမှာရှိနေတဲ့ မကြေလည်မှုတွေကို ဆူး တုံ့ပြန်သင့်တယ်၊ ဒါမှလည်း သုတမိသားစုဝင်တွေ ဖြေသာမယ်လေ၊ ဒါကြောင့်ပါ"

"ဩော်၊ လက်စသတ်တော့ ကိုက သုတရဲ့ရှေ့နေကို"

"သုတရဲ့ရှေ့နေ၊ မဟုတ်လိုက်တာ ဆူးရယ်"

"ဒါဆို ဘာလဲ"

ရာစုသစ်မျက်နှာလေး အသာလွှဲ၍ အားစိုက်ပြောလိုက်သည်။

"ကိုယ်စိတ်ဝင်စားနေတဲ့ မိန်းကလေးမှာ အဲဒီအကျင့်ဆိုးတွေ မရှိဘူး၊ စာနာ နားလည်စိတ်ရှိတယ်ဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို သိစေချင်လို့"

"ဟင်"

ဆူးနှင်းဆီနဖူးသားမှာ မျှော်လင့်ချက်နှင့် ငြိမ့်ခနဲဖြစ်သည်။ မျက်ဝန်းမှာလည်း အရောင်လက်ဖြာကာ ကိုလက်မောင်းကို ဆုပ်ကိုင်၍ ပြူးပြူးလေးဆိုတ်။

"ဘယ် ဘယ်လို"

"ကိုယ်ပြောပြီးပြီပဲ"

"ဟွန်း နောက်တစ်ခါပြောလို့လည်း ရသားနဲ့"

ဆူးနှင်းဆီ ညူတုတုဆိုချေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆူးနှင်းဆီ၏ ညှဉ်လုံးကို ရာစုသစ် ပျော်ဝင်ခြင်းမရှိပါ။

လောလောဆယ် ဇာတ်လမ်းဟောင်းတွေ ကျေအေးဖို့ အရေးကြီးတယ် မဟုတ်လား။

"လာပါ ဆူးရယ်၊ သုတတို့ လေယာဉ်ပေါ်တက်ခါနီးပြီ၊ သုတ ကျေနပ်အောင် နွှတ်ဆက်လိုက်ပါ၊ ကိုယ် ဒီကစောင့်နေမယ်"

ရာစုသစ်လက်မောင်းကို ပိုင်ပိုင်ဝိုးဝိုးဆုပ်ကိုင်ထားသော သူ့လက်ချောင်းတွေ ဖွယ်ရွာရင်းဆိုသည်။

ဆူးနှင်းဆီက သုတထက် ကို့ကို နှစ်လိုသည်။ ပြီးတော့ ဆူးနှင်းဆီ၏မာနနှင့် တံပြိန်မှုကို လှလှပပ ပြသချင်သေး၏။

ဒါကြောင့် ကို ပြောတာကို အလွယ်တကူလက်ခံကာ ပြည့်ထွက်ရွာခန်းဆီ သီသီသာနှင့် ခန့်ပိုင်တို့ဦးဆောင်ခေါ်သွားနေသော သုတကို ညှို့ရိစ္ဆာ လှမ်းခေါ်လိုက်သည်။

"သုတ"

သူမ,ခေါ်သံလေးက လိုင်းတွေလို ငြိမ့်လှုပ်၏။ ထိုအသံလေးက သုတနားတင်မက နှလုံးသားပါစွဲနေတာမို့ တောင့်တောင့်တတ ဇဲကြည့်သည်။

ချိုကြည်သော အပြုံးလေးနှင့် လှမ်းလာနေသော သူ့ရင်ထဲ ဆူးဆူး။ ချစ်သူကိုမြင်တော့လည်း သုတကြယ် လိုက်ခနဲဖိုကာ အနီးအနား ရောက်လာသော သူမလက်ဖျားလေးကို ဆွဲယူလိုက်သည်။

သီသီသာက စိုးရိမ်သွားကာ မောင်ဖြစ်သူကို ပြန်ဆွဲသည်။ သို့သော် ခန့်ပိုင်က အခြေအနေအရပ်ရပ်ကို နားလည်တာမို့ သီသီသာ့ဆက်ကို ကမန်းကတန်း ဆွဲတ၏။

မျက်ရိပ်နှင့်လည်း တားကာ အသာနေဟု အသံတိတ်ဆိုသည်။ သီသီသာ စိုးရိမ်တာ မပျောက်သေး။

ဘာတွေဆက်ဖြစ်မလဲ၊ ရင်တမမနှင့် စောင့်ကြည့်နေမိသည်။

"ဆူးဆူး"

သုတ လှိုက်မြူးစွာခေါ်လျှင် ဆူးနှင်းဆီ မျက်နှာလေးပြုံးထား

"သုတ ဆေးကုသွားမလို့ဆို"

"ဟုတ်တယ်၊ အာရုံရူးစိုက်ပါများရင် ခေါင်းထဲ နောက်ကျိပြီး ဆိုက်ခနဲဖြစ်ဖြစ်သွားတယ်"

"စိတ်မကောင်းပါဘူး သုတရယ်၊ ဆူးလေ အဲလောက်ထိ ဖြစ်သင့်မထင်ဘူး။ အဲဒါနဲ့ လာနွှတ်ဆက်တာ၊ သုတ ကောင်းတဲ့အထိ ဆေးကုလေ၊ ပြန်လာရင် ဆူးကိုဖုန်းဆက်လိုက်၊ ဆူးလာကြိုမယ်"

"တကယ်"

"တကယ်ပေါ့"

မျက်လုံးဝင့်ဝင့်ဖြင့် ညှို့ရိရိပြောသော ဆူးနှင်းဆီစကားလုံးတွေကို သုတရင်ကို အခုန်ပြန်စေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဆွဲယူဆုပ်ကိုင်ထားသော သူမလက်ချောင်းလေး
ကို တယုတယ ပွတ်သပ်မိသလို မော့ပြီးပြီးရေယ်နေသော သူမမျက်နှာ
၏ ဆွဲငင်မှုက သုတ၏ချစ်ခြင်းကို ယိုဖိတ်စေလျက် ပါးပြင်လေး
နှုတ်ခမ်းလေးကို ဆက်တိုက်နမ်းမိသွား၏။

"အို"

ဆူးနှင်းဆီမျက်နှာကြီး မည်းချိတ်သွားကာ ပြီးထားသော
မျက်နှာလေး အပျက်ပျက်အယင်းယင်း ဖြစ်၏။

ဒေါသဖြင့် သုတရင်ဘတ်ကို တွန်းဖယ်ကာ အံကြိတ်၍ မျက်
လွှဲပစ်၏။ ထို့နောက် သုတ်ခနဲ လှည့်ပြေးခဲ့သည်။

ရင်ထဲမှဒေါသတွေ လွှင်းထန်ကာ။ လက်ချောင်းတွေ ဝှေ့
အောင် ဆုပ်လိုက်၊ ပူနွေးရွှဲရွှဲကျန်ရစ်ခဲ့သော သူမပါးပြင်နှင့် နှုတ်ခမ်းပေါ်
သုတအနမ်းတွေကို လက်ချောင်းတွေနဲ့ ပွတ်ပစ်လိုက်နှင့် များများသွား
ပြီးတော့ ပတ်ဝန်းကျင်ကအကြည့်တွေ။ အထူးသဖြင့် အ
အဆုံး ရပ်ကြည့်နေသော ကို။ ဆူးနှင်းဆီရင်ဆိုင်ဖို့ ခက်ခဲသွားကာ
မြင်ကွင်းထဲက ပျောက်ရပ်ပြီးရောဆိုသည့် အတွေးဖြင့် တွေ့ကရာ တ
တစ်စီးတားပြီး လေဆိပ်မှ လှည့်ပြန်ခဲ့ရသည့်အဖြစ်။

တောက်၊ မကျေနပ်လိုက်တာ။ လုံးဝ လုံးဝ မကျေနပ်ဘူ

✿ ✿ ✿

အခန်း (၃၆)

"တီ တီ တီ"

ဆူးနှင်းဆီ ကမူးရှူးထိုးထွက်သွားတာကို ရာစုသစ် စိမ်ပြေ
ပြေကြည့်နေလိုက်သည်။ သူမ,ပါသွားသော တက္ကစီကားလေး ထွက်သွား
ကား ပေါ်တက်ဖြူဖြူင်သည်။ ထိုအခါ သူ့လက်ကိုင်ဖုန်း မြည်လာသည်။

ရာစုသစ် ကားတံခါးမဖွင့်ဖြစ်တော့ပါ။ ပေကျမှာပေါ်နေသော
နံပါတ်က အစောမှန်း။ အစောမှန်းသိတော့ သူ့ရင်မှာ လှိုက်ခုန်သလို
ကာ နှုတ်ခမ်းတို့ နွေးသလို ခံစားရ၏။

"အစော"

"ရာရော ရာရာ၊ နင် အခုဘယ်မှာလဲ၊ မြန်မြန်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်ထိတ်တလန့်လန့်ဖြစ်သော အစောအသံမှာ ဗလုံးပေ
ဖြစ်နေပါသည်။

"ဘာဖြစ်လို့လဲ အစော"

"အန် အန်တီစိုးကို ခေါ်လို့မရတော့ဘူး ရာရာရဲ့၊ ဟင့် ဟင့်

"မေမေ"

ချစ်ခြင်းကြောင့် ရင်ခုန်စိတ်က ရုတ်ခြည်းပျောက်ကွယ်သွား
စိုးရိမ်စိတ်က နှလုံးသားကို တိုးဆောင့်လေပြီ။ ထို့ပြင် အစော၏ ငို
ရှည်ကြီး ဖုန်းလိုင်းမှ ကြားရပြန်သည်။ ရာစုသစ် တွေဝေမနေတော့

ချက်ချင်း ကားပေါ်တက်ကာ ဒလဟော မောင်းထွက်ခဲ့သည်

မေမေ ရုတ်တရက် ဘာဖြစ်တာလဲ။

သူ အလုပ်တိုက်ထွက်လာစဉ်ကထောင် မေမေ ဆင်ဝင်အော
အထိ လိုက်ပို့သေးသည်။

အစောသည် ဘယ်တုန်းကမှ ခုလောက်ထိ ထိတ်ထိတ်လန့်တ
ငိုယိုခြင်းမရှိခဲ့ပါ။ မေမေ့ရောဂါအခြေအနေကို အစော ကောင်းစွာ
တာမို့ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ကာ ဆရာဝန်ခေါ်သင့် ခေါ်ပြီး ပြ
နေကြ။

ခုတော့ တွေးရင်း တွေးရင်း ရာစုသစ်၏ စိုးရိမ်စိတ်အ
မြင့်တက်လာပြီး။ ဘုရားရေ မေမေ တစ်ခုခုများ ဖြစ်နေသလား။

ဟင့်အင်း မဖြစ်ရပါဘူး။

အရင်လိုပဲ နည်းနည်းပါးပါး ဖြစ်တာပါ။ ဟုတ်တယ်၊ သူစိတ်ကို
သူ လှည့်ပတ်ဖြေတွေးရ၍ မေမေ့ဆီ အမြန်ဆုံးရောက်အောင် ကားမောင်း
ခဲ့ကာ။

အခြေအနေက ရာစုသစ်စိုးရိမ်သည့်အတိုင်း တကယ်ဖြစ်နေ
ခုန်၊ နောက်ကျမှသိရလေသည်။

သူရောက်ချိန်မှာ သူ့စံအိမ်တစ်ခုလုံး သူညီမနှင့်ညီသားမက
အိမ်နီးချင်းတွေပါ ပြည့်နေသည်။

"အစော"

သူ ထိတ်ခနဲခေါ်ကာ မေမေ့နား ဝိုင်းနေကြသူများကို ခွဲဖယ်
။ သူ့ကို ဝမ်းနည်းတကြီးကြည့်ရင်း ဖယ်ရှားပေးကာ မိခင်အပါး
ဒူးထိုးပို့သူက ပို့သည်။

ညီနဲ့ညီမက အော်ငိုကြတ်။

မေမေက အစောရင်ခွင်ထဲမှာ ပျော့ခွေ ငြိမ်သက်နေပေပြီ။
ကာခေါင်းနှင့်ပါးစပ်မှ သွေးစီးကြောင်းတွေ ဖြစ်လျက်။

"မေမေ မေမေ"

မေမေ့ကိုယ်ကို အစောရင်ခွင်ထဲမှ ပွေ့ယူကာ ရာစုသစ် တရစပ်
ခေါ်ဆိုမိသည်။ မေမေ့ခမျာ ပြန်မထူးနိုင်တော့။ နွေးနေသေးသော မေမေ့
ကိုယ်သည် ပျော့ခွဲ့ကာ သူပွေ့သည့်အတိုင်း ငြိမ်သက်လျက်။

အစောက တကို့ကိုတ်ကို့ငိုရင်း –

www.burmeseclassic.com

www.burmeseclassic.com

"ရာရာ၊ နင့်မေမေမှာ အသက်မရှိတော့ဘူးဟာ"

"ဟင့်အင်း၊ ငါမယုံဘူး၊ မေမေ"

နွေနေသောမေမေ့ကိုယ်ကို သူ တင်းအောင်ဖက်ထားရင်း ခေါင်း တွင်တွင်ရမ်းတ၏။

"ညီ ကားစက်နှိုး၊ မေမေ့ကို ဆေးရုံခေါ်သွားရမယ်၊ မင်းထ မေမေ့ကို ဒီအတိုင်း ထိုင်ကြည့်နေကြလား"

သူ ဘာတွေပြောနေမိမှန်း မသိတော့။ မေမေ့ကိုပွေ့ချီကာ ဆေးရုံသွားဖို့ တာဆူနေသည်။ အန်တီမြင့်က သူ့လက်မောင်းကို ဆုပ်ကိုင် ၍ –

"ရာရာ၊ မင်း စိတ်ကိုလျှော့ပါ၊ စိုးစိုး အသက်မရှိတော့ဘူး အန်တီမြင့် ဒေါက်တာ့ကို ခေါ်ပြီးပြီ၊ ဒေါက်တာခင်ဇော် ချက်ချင်းလာ ကြည့်တယ်၊ ထိတ်လန့်စရာတစ်ခုကြောင့် ရုတ်ခြည်းနှလုံးရှော့ခ်ဖြစ်သွား တာ၊ နှလုံးကွဲသွားတာတဲ့"

"ဘုရားရေ မေမေ"

သူ့မျက်ရည်တွေ ဝေါခနဲပြိုကျလာသည်။ မေမေ့မျက်နှာလေး မယုံနိုင်စွာ ငုံကြည့်ရင်း ပါးချင်းအပ်ထားမိတ၏။

ထိတ်လန့်စရာတစ်ခုကြောင့် နှလုံးရှော့ခ်ဖြစ်သွားတာတဲ့။ နှလုံး ကွဲသော ဝေဒနာနောက်မှ အဆက်မပြတ်ယိုစီးနေသော နှာခေါင်းရေပါး မှ သွေးစိမ်းတို့ကို တယုတယသုတ်ပေးရင်း –

"ကျွန်တော် မယုံဘူး။ မေမေ့မှာ ထိတ်လန့်စရာ ဘာအကြောင်း ရှိနေလို့လဲ၊ ဟင့်အင်း၊ မေမေ့မှာ ဘာထိတ်လန့်စရာမှမရှိဘူး အန်တီမြင့် ရယ်၊ ကျွန်တော်မယုံဘူး။ မေမေ့မှာ ဘာထိတ်လန့်စရာအကြောင်းရှိလဲ"

ထိုမေးခွန်းတွေနောက်မှာ ညီ၊ ညီမက ယူကျုံးမရငိုကြသလို အိမ်နီးချင်းမိတ်ဆွေများက ညီနဲ့ညီမကို အပြစ်တင်သလို ငိုင်းကြည့်နေ ကြသည်။

မေမေ ခုလိုဖြစ်တာ ထိုနှစ်ယောက်ကြောင့်ဟု စွပ်စွဲသော အကြည့်။

"ညီ ပြောစမ်းပါ၊ မေမေ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ မေ ဘာရာ ပြောလေ"

ထိုမေးခွန်းကို သူတို့နှစ်ယောက် မဖြေရဲ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နောင်တနှင့် ကြေကွဲကာ တဟီးဟီး ငိုကြသည် ကို အတောမသတ်နိုင်တော့ပါ။

အပြစ်ဆိုးက မျက်ဝန်းထဲမှာ စွဲစွဲထင်လျက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အချစ်က သူမနဲ့ရောရောကြာမှာ စည်းနှက်တားထားသည့် အခြေအနေ။

သို့ပေမယ့် အန်တီစိုးကိုတော့ သူမ ပစ်မထားရက်ပါ။ ရာရာ အလုပ်တိုက်ထွက်သွားရင် အစောက အန်တီမြင့်ထံ ခွင့်တောင်းတတ်သည်။

အန်တီမြင့်က လောင်းရိုက်ကို သူမလက်ခံထားပြီးဖြစ်တာကြောင့် ဘိုက်လျောကာ ခွင့်ပေးတတ်ပေမယ့် အစောတစ်ယောက်တည်းကို ဗိတ်ချ မှာ လွတ်လပ်မရှိပါ။

အန်တီမြင့်တို့ လူယုံတော် ဒေါ်မာလေးကိုပါ အစောနောက်က ဆိုက်စေသည်။ ကျန်းမာရေးမကောင်းရှာသော အန်တီစိုးအပေါ် အန်တီမြင့်က မိန်းမချင်း နားလည်ပေးတာမို့ အစော အခွင့်အရေးရနေခြင်း။

ဒီနေ့လယ်မှာလည်း အစောနဲ့ဒေါ်မာလေး အန်တီစိုးနားရောက်ရပြန်သည်။ အန်တီစိုး ခံတွင်းပြန်စေဖို့ အစောက နေ့လယ်စာ စတွက် ဖွယ်ဖွယ်ရာရာ လုပ်ပေးတတ်သည်။

အသုပ်စုံနှင့် ကြာဆံဟင်းခါးချက်ဖို့ ပြင်ဆင်နေချိန်မှာ ဒေါ်ခူးဆာပြီး တိုးတိုးပြောသည်။

"ဟိုလင်မယားတွေ ရောက်လာပြီး ရန်ဖြစ်နေကြတယ်"

"ဘယ်လင်မယားလဲ ဒေါ်ခူးရဲ့"

"ဘယ်သူရှိရမလဲ"

အခန်း (၃၅)

ရာရာ့မေမေ ဆုံးပါးရခြင်းသည် မယုံနိုင်စရာကောင်းသည့် အဖြစ်ဆိုးဟု အစောထင်သည်။

အန်တီမြင့်အမိန့်ကြောင့် သူမ ရာရာတို့ခြံဘက် ကူးခွင့်မရတာ ကြာပါပြီ။ အန်တီမြင့်ကိုယ်တိုင် ဝင်ပေါက်တံခါး သော့ခတ်ထားတာမို့ ပို၍ ခက်ခဲကာ။

ဒါတောင် ရာရာက ခြံစည်းရိုးကျော်ပြီး ဝင်လာသေး။

ဒီအကြောင်း အန်တီမြင့်မသိလို့ တော်သေးသည်။

ရာရာက ချစ်နေတယ်လို့ ရင်ဖွင့်လာပေမယ့်လည်း သူမ တုံ့ပြန်မှု မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သားပဲ အစော၊ ညည်းပြောရင် သူတို့ နည်းနည်းပါးပါး နားဝင်မှာပါ"

ဒေါ်မာလေးကလည်း ဆိုချေသည်။ ထို့ကြောင့် အစော မီးဖိုခန်းထဲက ထွက်ကာ။

"မေမေ မတရားဘူး။ သမီးကိုတော့ စိန်လည်ဆွဲရောင်းလိုက်ပြီလို့ ညာတယ်၊ မေမေ မတရားဘူး"

မေတာရာ မခံချိမခံသာပြောကာ –

"သမီး"

"မေမေ မပြောနဲ့၊ မေမေ မတရားဝိုင်း သမီးငြိမ်ခံနေရမှာလား"

"မမ မေမေ့ကို အဲလိုမပြောနဲ့၊ မမက မတရားတာ၊ ပတ္တမြားဝမ်းဆက်ရော, နဝရတ်ကိုးသွယ်ဘယက်ကိုပါ ယူပြီးတော့ ခုတစ်ခါ စိန်လည်ဆွဲပါ လိုချင်နေတာလေ"

"အောင်မာ၊ နင်က ငါ့ကိုမတရားဘူးပြောရလား၊ ကောင်စုတ်ရဲ့"

မေတာရာ အသားတဆတ်ဆတ်တုန်ကာ မောင်ဖြစ်သူကို ဆဲပင်ဆဲ၏။ ထိုအခါ ရွေးရွေးက မခံ။ သူမယောကျ်ားကိုထိတော့ သူမလက်ကလည်း ဥပုသ်မစောင့်။ မေတာရာကို ဝင်လုံး၏။

"ဟဲ့ ဟဲ့၊ တော်ကြလေ"

"မေတာရာနဲ့ လင်းထွဋ် အလင်းသစ်နဲ့ မိရွှေပေါ့၊ ပတ္တမြားပစ္စယကိစ္စနဲ့လေ၊ မေတာရာက ရွေးရွေးဆီက ပတ္တမြားဝမ်းဆက်ကို ငှားယူပြီး ပြန်မပေးဘူး။ ဒါကို အလင်းသစ်သိတော့ မပေးရင်လည်းနေ မေမေ့ဆီက စိန်လည်ဆွဲပဲ တောင်းယူမယ်ပေါ့၊ အဲလိုလည်းပြောရော မေတာရာက ပိုပြီး လောဘတက်ပုံရတယ်၊ စိန်လည်ဆွဲကို မမိုးရောင်းလိုက်ပြီးပြောထားတာကို။ တကယ်မရောင်းမှန်း မေတာရာမသိပေမယ့် အလင်းသစ်သိတယ်လေ၊ အဲဒါနဲ့ မမိုးဆီမှာ စိန်လည်ဆွဲယူဖို့ အလင်းသစ်နဲ့ပိရွှေလာတော့ မေတာရာလည်း သူ့ယောကျ်ားပါခေါ်ပြီး နောက်ပါလာတယ်"

ကြာဆံပင်းခါးချက်ဖို့ ငရုတ်ကောင်းထောင်းနေရာမှ အစော သက်မရှည်ချသည်။ ပစ္စည်းပစ္စယကိစ္စက ထိုနှစ်ယောက်ကြား လောတန့် ရွှဲထွေးနေတာ ခုချိန်ထိ မငြိမ်းသေး။

စိန်လည်ဆွဲရောင်းလိုက်ပြီးဆိုခြင်းက မေတာရာ့စိတ်ကို ပိုပြီး မကျေမနပ်ဖြစ်စေသည်။ မအေက သမီးကိုညာတယ်ပေါ့။

သားကို ကျိတ်ပေးဖို့ဖြစ်မှာပေါ့။ ဒီလိုပေးလို့ရမလား။ ပေးရင် မခံဘူးဆိုတဲ့စိတ်နှင့် မောင်းတင်လာခြင်း။ ခုတော့ ငြင်းကြ ခုန်ကြနဲ့

"ပေး ပေး၊ ဒေါ်ခူးမဲ့ ဆက်လုပ်လိုက်မယ်၊ ဟိုမောင်နမ်းပြဿနာကြီးလာရင် ထိန်းလို့သိမ်းလို့မှာမဟုတ်ဘူး၊ ကြားထဲက မမိုးပဲ သောကရောက်ရမှာ၊ အစော ကြည့်ပြီး ထိန်းပေးလိုက်ဦး"

ဒေါ်ခူးက စိုးရိမ်စိတ်နှင့်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါ်မိမိစိုး ဆွဲလွဲဟန့်တားပေမယ့် မရ။ ရောဂါအခံရှိတာမို့ မောပိုက်လာသည်။ ဒင်းတို့က ဖွဲကောင်းကောင်းနှင့် ဆော်နေကြသည်။ မေတာရုယောက်ျား လင်းထွဋ်ကလည်း မယားဘက်က ဝင်ကူကာ ယောက်ဖလုပ်သူကို ဝင်ထိုး၏။

ထိုအခါ ယောက်ျားချင်းယောက်ျား။ မိန်းမချင်းမိန်းမ ထိုးနှက်သတ်ပုတ်ကာ အသာစီးရနေသော လင်းထွဋ်က စားပွဲတင်သစ်သားပန်းပုရုပ်ဆွဲယူပြီး အလင်းသစ်ကို လွှဲရိုက်၏။

"သား"

ခေါ်မိမိစိုး လန့်ဖျပ်ကာ။ သားဟုပင် ခေါ်လိုမဆုံးလိုက်၊ နေရာမှာတင် ခွေကျ၏။

အစောရောက်ချိန်မှာ ဘာကိုမှ ထိန်းသိမ်းချိန်မရတော့ပါ။ ရုတ်ခြည်းပျော့ခွေကျသွားသော အန်တီစိုးကို ပြေးထိန်း၍ တတွတ်တွတ် ခေါ်သည်။

အင့်ခနဲအသံလေးမှလွဲ၍ ဘာသံမှထွက်မလာ။

ဒီလောက်ထိ ဆိုးဝါးနေမည်ဟုလည်း အစောမထင်ပါ။ ဆူညံသံတွေကြောင့် အန်တီမြင့်လည်း ရောက်လာတာမို့ ဒေါက်တာခင်ဇော်ကို အန်တီမြင့်ကိုယ်တိုင် ဖုန်းဆက်ခေါ်၏။

ဒေါက်တာခင်ဇော် အလာကောင်းပေမယ့် အန်တီစိုးအသက်ကို ကူကယ်ခွင့်မရတော့ပါ။

လွှမ်းပြက်သလို မြန်ဆန်သွားသည့် ပေါက်ကွဲမှုတွေနောက်မှာ မောင်နမန်စ်ယောက် ထိတ်လန့်ချောက်ချားလျက်။

ဝိုင်ထက် မယုံသောစိတ်နှင့် သွေးနှဲသွေးတန်ဖြစ်ကာ ရွေးရွေးက သုတ်ခနဲ ပြေးထွက်သွားသည်။

လင်းထွဋ်မှာလည်း နောက်ကျောမလုံစွာ ရှောင်ရှားလေပြီ။ ပတ်ဝန်းကျင်မှ မိတ်ဆွေများရောက်လာပြီး မေးကြမြန်းကြနှင့် ထိုမောင်နှမကို ပြစ်တင်ကြကာ။

အစောက ရာရာကို ဖုန်းဆက်ခေါ်မိ၏။

ပြဿနာအဆုံးသတ်မှာ ဝေဒနာသည်မိခင်ဖြစ်သူ အသက်ဆုံးရှုံးရသောအဖြစ်။

ဖြေမဆည်နိုင်တော့ပါလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၈)

"အဟင့် ဟင့်"

"ဟီး"

မေတာရောက မျက်နှာကို လက်ဖဝါးနှင့်ဖိအုပ်ရင်း အတော မသတ် ငိုနေသည်။ အလင်းသစ်က ယူကျုံးမရဖြစ်ကာ နံရံဖြင့် နဖူးကို တိုက်ရင်းရှိက်ဖန်။

ရာစုသစ်တစ်ကိုယ်လုံး သံမဏိချောင်းလို တောင့်ကြကာ လက်ချောင်းကို တင်းတင်းကျစ်ကျစ်ဆုပ်လျက်။

ခုမှ နောင်တကုဋေကုဋာရသလိုဖြစ်ပြီး ငိုကြွေးနေသော ညီနဲ့ ညီမကို စိမ်းနောက်စွာစိုက်ကြည့်ဖန်။

"ငိုမနေကြနဲ့၊ နင်တို့နှစ်ယောက်လောဘကြောင့် မေမေသေရတာ၊ နင်တို့နှစ်ယောက်ပေါင်းပြီး မေမေ့ကို သတ်လိုက်တာ၊ နင်တို့နှစ်ယောက်ကို ငါ လုံးဝခွင့်မလွှတ်နိုင်ဘူးကွ၊ မိဘကို မပြုစုမစောင့်ရှောက်ရင် ရတယ်၊ မကွေးမငွေးဘဲ ပစ်ထားလိုလည်းရတယ်၊ ဒါပေမဲ့ ဝေနာပေးပြီး သေပွဲဝင်အောင် လုပ်ပစ်လိုက်ဖို့မလိုဘူးကွ၊ ခုတော့ ခုတော့ဟာ"

ရာစုသစ်၏ ပြာအက်သောအသံတို့ သိမ်ဝင်သွားသည်။ ထို့နောက်မှ မျက်ရည်တို့ တဝေါဝေါကျ၏။

"စိတ်လျော့ ရာရာ ဖြစ်ပြီးသွားပြီ ဘာမှလုပ်လို့မရတော့ပါဘူး၊ တရားနဲ့ဖြေလို့ပဲ ပြောပါရစေ"

အံ့မင်း ဖျောင်းဖျောင်းဖျဖျပြောနေပေမယ့် သူ့အသံကလည်း ရာရာ့နည်းတူ ခံစားရကာ ကြေကွဲနေပါသည်။

"ဟင့် ဟင့် ဟင့်"

"ဟီး ဟီး ဟီး"

"မငိုနဲ့၊ နင်တို့ငိုသံတွေက ငါ့ရင်ဘတ်ကို လာလာဆောင့်တယ်ကွ၊ ငါ ဘာတရားနဲ့မှ မဖြေနိုင်ဘူး၊ ခွင့်လည်းမလွှတ်နိုင်ဘူး၊ မိသားစုအတွင်းရေးအတွက် ဘယ်တုန်းကမှ စိတ်မဝင်စားဘဲ ထင်ရာစိုင်းနေခဲ့တယ်၊ ကိုယ့်အိမ်တွင်းရေး ဘာတွေဖြစ်နေမလဲဆိုတာ လျစ်လျူရှုခဲ့မက စိတ်အလိုအတိုင်း ရွက်လွှင့်နေပြီးတော့ မိဘကို စိတ်ဒုက္ခအပေးမျိုး ပေးနေကြတယ်၊ အဲဒီအတွက် ငါ ခွင့်လွှတ်လို့ရသေးတယ်၊ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဖြစ်အောင် လုပ်လိုက်တာ ငါ့တစ်သက် ခွင့်မလွှတ်နိုင်ဘူး အဲ့မင်းရဲ့ မေမေက ငါ့အလင်းရောင်၊ မေမေက ငါ့နှလုံးအိမ်ရဲ့ လမင်းကြီးကွာ ဟီး ဟီး''

ပြောရင်း ရင်ထဲမှာ နက်ရှိုင်းစွာငိုချမိတယ်။ ကယောင်ကတမ်းနဲ့ မေမေ့ရုပ်အလောင်းကို ပွေ့ဖက်ကာ ပါးချင်းအပ်လိုက်သည်။ အေးစက်နေပြီးဖြစ်သော မေမေ့ပါးပြင်သည် သူ့မျက်ရည်နှင့် နွေးကုန်ပြီ။

မေမေရယ် သားကို ခွဲမသွားပါနဲ့။ မေမေ့ရင်ခွင်နဲ့ဝေးပြီး သားကြီး မနေပါရစေနဲ့ မေမေ။

ဆွေမျိုးအသိုင်းအဝိုင်းက သူ့ကို ဝိုင်းဝန်းဖြောင်းဖြကြပေမယ့် သူ့စိတ်မပြေနိုင်ခဲ့ပါ။ ထို့ပြင် မေမေ့ကိုလည်း မီးတောက်မီးလွှဲ မသင်္ကြာစေခဲ့ပါ။ မေမေ့အတွက် ထိထိရှရှ ခံစားနေရသည်။

ဖေဖေတုန်းက မေမေ့ဆန္ဒအတိုင်း ဖေဖေ့ကိုလည်း မီးမသင်္ကြာစေခဲ့ပါ။ ဂူသွင်းခဲ့တာမို့ ခုလည်း ဖေဖေ့အုတ်ဂူဘေးမှာ မေမေ့ဂူသစ်တည်ခဲ့သည်။

မေမေနဲ့ဖေဖေ ရောက်ရာဘဝမှာ လောဘဒေါသိုက်နေတဲ့ သားဆိုး သမီးဆိုးတွေနဲ့ မဆုံပါရစေနဲ့။

ဘဝဆက်တိုင်း သားဟာ ဖေဖေနဲ့ မေမေရဲ့သား ဖြစ်ပါစေ။ သားကြီးဖြစ်ခွင့်ပေးပါ မေမေနဲ့ ဖေဖေ။

✿ ✿ ✿

အန်း (သူ)

''နေဦး၊ ကိုယ် အန်တီမြင့်ဆီ ခဏသွားဦးမယ်''

''ဘာလုပ်ဖို့လဲ''

''အန်တီမြင့်ကို ကျေးဇူးတင်ကြောင်းပြောဖို့''

''ဘာကိစ္စ''

''ဩ မေမေ့ရုက်လည်တဲ့အထိ အန်တီမြင့် အစအဆုံး ဦးဆောင်လုပ်ကိုင်ပေးတယ် မဟုတ်လား''

သူ့စကားအဆုံးတွင် အံ့မင်း အလေးအနက် ခေါင်းညိတ်မိလေသည်။

''ဟုတ်သားပဲ၊ အန်တီမြင့်က အစောနဲ့ပတ်သက်ပြီး မင်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပူဆာနေတယ်၊ ဒါကြောင့်ပါ''

လောင်းရိပ်မိခင် ဒေါ်သီရိဇင် သားဆေးခန်းပြည့်ဝဖို့ ချိုသာသော ကားလုံးတွေ ထုတ်ပြောကာ ခွင့်တောင်းနေသည်။

ဒေါ်ဥမ္မာမြင့်နှင့် ဦးမောင်နိုင်က တိုင်ပင်သောသဘောဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ရာစုသစ် အသက်ရှူဖို့ မေ့သွား၏။ ကိုယ်ကို တောင့်မတ်ကာ ကျောက်ရုပ်အလား ဖြစ်တည်လျက်။

''လောင်းရိပ် ဒီလိုတောင်းဆိုတာ ဘာကြောင့်လဲ''

အို ထိုမေးခွန်း သူ မေးခွင့်မရှိပါ။ စေ့စပ်ပွဲဖိတ်စာပေါ်က နှာခေါင်းစွဲမှာ ဒီအပတ်ဆန်းဒေး။ ဒီနေ့က ဗုဒ္ဓဟူးနေ့။ ကြားမှာ သုံးရက်သာ ကွာခြားတော့သည်။

''ဦးမောင်နိုင်တို့ ခွင့်ပြုစေချင်တယ်၊ သားက အစစအရာရာ သားလုံးစီစဉ်ပြီးသားပါ၊ ဘာမှ စိတ်ပူစရာမရှိဘူး။ ကျွန်မတို့လည်း သားဆက်ရှိတဲ့ အင်လန်ကိုသွားဖို့အစီအစဉ်က ရှိနေတော့ သားငယ် လောင်းရိပ်ရဲ့ မင်္ဂလာပွဲကို မြန်မြန်ဖြစ်ပြီးသွားစေချင်တဲ့သဘောလည်း ပါတယ်၊ သားလုံးအဆင်ပြေပြေဖြစ်ဖို့ သားငယ်တောင်းဆိုတဲ့အတိုင်း စေ့စပ်ပွဲနဲ့ မင်္ဂလာပွဲ တစ်ပါတည်းဖြစ်သွားတော့ ပိုကောင်းမယ်လို့ ယူဆတယ်၊ ဦးမောင်နိုင်နဲ့မြင့် ဘာလိုအပ်တာရှိလဲ၊ သီရိကိုပြောပါ။ အားမနာပါနဲ့ သီရိက သားကိစ္စ အပြန်ဆုံးဖြစ်စေဖို့ ဘာပဲဖြစ်ဖြစ် လိုက်လုပ်ပေးဖို့

မကြည့်လင်ပေမယ့် မင်းမေမေကိစ္စမှာ ကိုယ်ဖိရင်ဖို ဦးဆောင်လုပ်ကိုင်ပေးတယ် မဟုတ်လား။ အန်တီမြင့်ရဲ့စိတ်ဓာတ်ကဗေဒ္ဒ လေးစားဖို့ကောင်းတယ်ကွ''

''ဟုတ်တယ်၊ ဒါကြောင့် ကျေးဇူးတင်ကြောင်း ပြောမလို့ပါ''

''ဒါဆိုလည်း သွားလေ၊ ငါလည်းလိုက်မယ်''

အံ့မင်း ပြောရင်းဆိုရင်း သူ့နောက်က ထလိုက်လာသည်။ မေမေဆုံးပြီးကတည်းက နှစ်ခြိုက်ခြားရှိတဲ့ခါးပေါက်ကို အန်တီမြင့်ကိုယ်တိုင် သော့ဖွင့်ထား၏။ ခုလည်း ဟင်းလင်းဖွင့်ထားသည်မို့ အန်တီမြင့်တို့ခြံထဲ ခြေချရလွယ်ကူပေသည်။

အန်တီမြင့်တို့ခြံထဲ ခြေချမိသည်နှင့် သူ့နှလုံးသား ကျဉ်ခနဲ ဖြစ်သလိုခံစားရ၏။ ထို့ပြင် တောင့်တသောသူ့မျက်ဝန်းကလည်း အစောရှိရာဆီ ဝေ့ကြည့်ရှာဖွေနေသည်။

သို့သော်လည်း အစောအရိပ်လေးကိုပင် မမြင်။ အစောကို မမြင်တော့လည်း ရင်မောစွာ သက်မချလျက်။

တိုက်ဘေးစရန်တာမှ အောက်ထပ်ဧည့်ခန်းဆီ လျှောက်ခဲ့သည်။ ဧည့်ခန်းဆီ လှမ်းဝင်မလို့ ပန်းနုရောင်ဇလိုက်ကာစလေးကို သိမ်းဖယ်မလို့ပြုစဉ် –

''ခုလိုပြောရတာ ဦးမောင်နိုင်နဲ့ဒေါ်ဥမ္မာမြင့်ကို အားနာပါတယ်၊ ဒါပေမဲ့ သားက စေ့စပ်ပွဲရက်မှာ မင်္ဂလာပွဲ တစ်ပါတည်းလုပ်ပေးပါလို့

www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့်ပါ မမမြင့်ရယ်''

ဒေါ်သီရိခင် အလွတ်ကျက်ထားသော စာသားလို အထစ်အငေါ့မရှိ ပြေပြေပြပြစ်ပြစ် ရွတ်ဆိုသလိုပြောချ၏။ ဦးမောင်နိုင်တို့လင်မယားစိတ်ပေါ့ပါးစွာ သက်မချသည်။

''အင်းလေ၊ မသီရိပြောတဲ့အတိုင်းလည်း ကောင်းတာပဲ၊ သမီးကို မြင့် ပြောယူမယ်၊ သမီးက ငြင်းမယ်မထင်ဘူး''

''မြင့်ပြောတဲ့အတိုင်းပဲ ကျွန်တော်ကတော့ ဘာမှပြောစရာမရှိပါဘူး။ နှစ်ဦးနှစ်ဖက်ကျေနပ်ရင် မောင်လောင်းရိပ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမှာပါ၊ ဦးတော့''

ရာစုသစ် ခေါင်းတစ်ချက်ယမ်းလိုက်သည်။ အစောတ၊ မွေးစားဖခင် ဦးမောင်နိုင်ပြောမည့် နောက်ဆက်တွဲစကားလုံးတွေကို ရာစုသစ် နားဆင်နိုင်စွမ်းမရှိတော့ပါ။

နှလုံးသားတစ်ခုလုံး ဆွဲထုတ်ခြင်းခံရသလို နာကျင်ကိုန်ကျွမ်းလျက် မျက်ရည်တို့ တလိမ့်လိမ့်ကျ၏။ ထို့နောက် နောက်ကြောင်းပြန်လှည့်ကာ၊ အံ့မင်း သက်ပြင်းရှည်ကြီးဆွဲချ၏။ ရာရှာကို ဆွဲတားမနေတော့ပါ။

နှစ်သိမ့်ပေးနိုင်မယ့်စကားလုံးလည်း ရှာမတွေ့ဖြစ်လေသည်။ ထို့ကြောင့် ရာရှာနောက်မှ တိတ်ဆိတ်စွာလိုက်ပါလျက်။

အချစ်က ပူလောင်တာလား။ ဘဝက ပြင်းရှတာလား။

အံ့မင်း ခွဲခွဲခြားခြား မသိပါလေ။

✿ ✿ ✿

အခန်း (၄၀)

''တီ တီ တီ''

ဖုန်း အဆက်မပြတ်မြည်နေပါသည်။ ပေကျာပေါ်မှနံပါတ်ကို မြင်ကတည်းက ဆူးနှင်းဆီမျက်နှာပေါ် အနီရောင်လွှမ်းသွား၏။

ရှက်တာတွေရဲ့နောက်မှာ ရင်ထဲမှ တန့်နှံ့ခံစားနေရသည်က သုတကြယ် သူမ နှုတ်ခမ်းနှင့်ပါးပြင်နုနုကို တစ်ဆက်တည်းနမ်းသွားသော အဖြစ်။ ရှောင်တိမ်းချိန်မရအောင် အငိုက်မိပြီး သုတကြယ်အနမ်းခံရသည်မှာ ကိုရွှေတင် မဟုတ်လား။

အခု ကိုက ဖုန်းတကျိကျိဆက်နေသည်။

ဆူးနှင်းဆီ မကိုင်ရဲအောင် ရှက်အားဝိုလျက်။

www.burmeseclassic.com

ကိုနဲ့သူမ ဘယ်မျက်နှာနဲ့ အတွေ့ခံရမလဲ။ စဉ်းစားကြည့်လေ။ သူမပါးပြင်နှင့် နှုတ်ခမ်းက –

"အိုး ဟင့်အင်း"

ဆူးနှင်းဆီ ခေါင်းတွင်တွင်ယမ်းသည်။ ဖုန်းက မြည်နေဆဲ။ အတန်ကြာတော့ ဖုန်းမြည်တာရပ်တန့်သွား၏။

ဖုန်းမမြည်တော့မှ သူမ အသက်ရှူချောင်သလို ဖြစ်ကာ။

သို့ပေမယ့် သိပ်မကြာလှပါ။

တိတိကျကျပြောရရင် နာရီဝက်လောက်ပဲ ကြာမည်ထင်ရဲ့။ သူမအခန်းတံခါး ဖွင့်ပြီး မာမီပြောသည်။

"သမီးရေ၊ မောင်ရာစုသစ် ရောက်နေတယ်၊ သမီးနဲ့ တွေ့ချင်လို့တဲ့"

"ဟင့်အင်း မာမီ၊ သမီး မတွေ့ချင်ဘူး။ ဒါပဲပြောလိုက်"

ဆူးနှင်းဆီ ရှက်မျက်နှာကြီးတင်းလျက် ငြင်းဆန်လျှင် နှင်းဆီခက် အံ့သြငေးမောသွားသည်။

"ဘာဖြစ်လို့လဲ သမီး"

"အိုး မာမီမသိပါဘူး"

"သိအောင်ပြောမှပေါ့ သမီးရဲ့၊ မာမီ့သဘောကတော့ ထွက်တွေ့စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရာစုသစ်မှာ မာမီတို့ လက်ခံနိုင်တဲ့ အရည်အချင်းအပြည့်ရှိတယ်၊ ရုပ်ရည်ကအစ စတိုင်လ်ကျတာအဆုံး

ဒေါ်နှင်းဆီခက်ရဲ့သမက်ဆိုတာ ဒါမျိုးပေါ့လို့ လက်မ,ထောင်ပြောလို့ရမယ်လေ၊ မဟုတ်ဘူးလား သမီး"

"ဟင့်အင်း ခု မတွေ့ချင်ဘူးလို့ ပြောလိုက်၊ ဟင့်အင်း ဘယ်လိုမှ တွေ့လို့မဖြစ်ဘူး"

ဆူးနှင်းဆီ အရှက်မပြယ်နိုင်စွာ မတွေ့နိုင်ဘူးချည်း ခေါင်းခါလျက်။

ဒါ ဘာကြောင့်လဲ။

ပြောစမ်းပါ သုတကြယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

"နေစမ်းပါဦး။ ဆူးနှင်းဆီနဲ့ မင်း အသည်းအသန် တွေ့ချင်နေတာ ဘာကြောင့်လဲ"

"ကျွတ် မင်း ဘယ်လိုထင်လဲ"

ရာစုသစ်ပြောသံက လူနှင့်စိတ်မကပ်မိသလို စိတ်မရှည်မှုတွေနှင့် ရန်လိုမှုတွေပါနေသည်။

အဲ့မင်းကလည်း သူထင်သည့်အတိုင်း မေးဖို့ ဝန်မလေးတာမို့

"ဩော်၊ အစောနဲ့လောင်းရိပ် မြန်မြန်ဆန်ဆန်ကြီး မင်္ဂလာဆောင်မှာသိလို့ မင်းလည်းအားကျမခံ"

"တော် တော်တော့အဲ့မင်း"

အဲ့မင်း ရှေ့ဆက်ပြောလို့မရအောင် ရာစုသစ် ပိတ်ပြောလိုက်တာ။ ထို့ပြင် စိတ်လှုပ်ရှားမှုနှင့် ခံပြင်းမှုတွေ ရောထွေးကာ မောင်းနေသောကားကို လမ်းဘေးထိုးရပ်သည်။

"ဘာဖြစ်လို့လဲ၊ ငါပြောတာ လွဲလို့လား"

အဲ့မင်းက ဘာကိစ္စမဆို ရှင်းရှင်းလင်းလင်း သိလိုလှသည်။ သိလိုတာကိုလည်း တည့်တည့်မေးတတ်သည်။

ခုလည်း သူငယ်ချင်းကို အားမနာ။ မေးချလျှင် သူ့ဘက်လှည့်ပြီး ရာစုသစ်ပြောတာ။

"ဒီမှာ၊ ငါ့စိတ်ဓာတ် အဲလောက်ထိ အောက်တန်းမကျဘူး၊ အကြောင်းကြောင်းတွေရှိလို့ တွေ့ချင်တာ၊ ဆူးက အတွေ့မခံဘူးဆို ငါ့ဘက်က ပိုပြီးလိပ်ပြာသန့်တယ်"

"ဘာဖြစ်လို့"

"ဆူးနဲ့ငါ့ကြား ငြိခဲ့တဲ့ခံစားချက်က ချစ်စိတ်မပါဘူး၊ မခံချင်စိတ်နဲ့မာနကြောင့် ဇာတ်လမ်းဖြစ်ခဲ့တာ၊ အဲဒီဇာတ်လမ်းကို ငါ့ဘက်က ရှင်းပြဖို့၊ ဒီလောက်ပဲ၊ ငါမှားတယ်ဆိုလည်း ဆောရီးပေါ့ဟာ၊ ဆူးကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ငါ ဂရုမစိုက်ဘူး။ ငါမသွားခင် အဲဒီကိစ္စ ရှင်းခဲ့ချင်လို့"

"ဘာ မင်းမသွားခင်၊ ဟုတ်လား"

ရာစုသစ် ခေါင်းညိတ်တာ။ အဲ့မင်း နားမလည်ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"မင်း ဘယ်သွားဖို့လဲ"

"ပြင်သစ်"

"ဟေး"

အဲ့မင်း လန့်ဖျန့်သလို ဟေးခနဲဖြစ်တ။ ထိုင်နေရာမှလည်း တစ်ကိုယ်လုံးလှည့်ကာ ရာရာကို မျက်လုံးအပြူးသားဖြင့် ကြည့်လေသည်။

"ဟုတ်တယ်၊ ဆူဆာက်ကဆက်သွယ်လာရင် မင်းပဲ ငါ့ကိုယ်စား ရှင်းပြလိုက်၊ တကယ်တော့ ငါကိုယ်တိုင် ပြောဖို့ပါ၊ ဆူး အတွေ့မခံလို့ သာ"

အဲ့မင်း သက်မရှည်ရှည်ချတ။ ခေါင်းကိုလည်း မသိမသာ ယမ်းလိုက်သည်။ ကားလမ်းကြောကိုသာ တည့်တည့်ကြည့်နေသော ရာရာ မျက်နှာဘေးတစောင်းကို အဲ့မင်း အတန်ကြာကြည့်၍ –

"ဆူးကိုရှောင်ဖို့ဆိုရင် မင်း ပြင်သစ်သွားစရာမလိုဘူး ရာရာ"

"ကျတော်၊ ဆူးလောက်ကို ငါ ဘာဂရုစိုက်စရာလိုလဲ၊ ဆူးက ငါ့ခံစားချက်အတွက် ဘာမှအရေးပါတာ မဟုတ်ဘူး၊ သုတနဲ့ တခြား လူငယ်တွေကို လက်တို့ပြန်တဲ့ ဆူးနှင်းဆီရဲ့အတွက်ကြီးမှုကို ချေဖျက်ချင် တဲ့စိတ်တစ်မျိုးကြောင့် ငါ့ဘက်က ဇာတ်လမ်းစတာ၊ ဒီလောက်ပဲ၊ ငါ့ဘက် ကစသလို အဆုံးသတ်ကိုလည်း ဆူးနှင်းဆီ ကွဲကွဲပြားပြားသိသွားစေဖို့ ငါတွေ့ချင်တာ"

"မင်း ပြင်သစ်သွားမှာ ဆူးကြောင့်မဟုတ်ဘူးဆိုတာလား"

"သိပ်သေချာတာ အဲ့မင်းရာ၊ ငါ ပြင်သစ်သွားဖို့ ဆုံးဖြတ်လိုက် တဲ့ အကြောင်းပြချက် နှစ်ခုရှိတယ်၊ တစ်ခုက မစွတာအေးမား ကမ်း လှမ်းတဲ့ကိစ္စ ငါ့ဘက်က ငြင်းပေမယ့် မစွတာအေးမားက စိတ်မကွက် ဘူး၊ စိတ်ပါတဲ့အချိန် လာခဲ့ပါလို့ စိတ်ရှည်ရှည်နဲ့ ခဏခဏ ခေါ်နေတယ်၊ အဲဒါ မင်းသိသားပဲ"

အဲ့မင်း ခေါင်းညိတ်လိုက်သည်။ ဒါတော့ သူသိသည်။ သူ မသိတာက –

"နောက်အကြောင်းတစ်ချက်က ဘာလဲ"

အဲ့မင်း မေးခွန်းမဆုံးခင် ရာစုမျက်နှာလေး ကျွမ်းရာမှ ဆွေး မြည့်မြည့်ဖြစ်တ။ ထိုပြင် မျက်ဝန်းမှာလည်း ထိရှလွယ်ကွဲမှုနှင့် စိုစိုစွတ်စွတ်ကား။ နှုတ်ခမ်းလွှာစေ့ပိတ်လျက်။

အတန်ကြာသည်အထိ အဲ့မင်းမေးတာကို မဖြေနိုင်။

ရင်ဝမှာ တောင်ထွတ်တစ်ခု ပိတ်ဆို့နေသလို အစ်ဆို့ဆို့ဖြစ်တာ ပို မျက်နှာကို ဘေးတစ်ဖက်လွှဲလေသည်။

ဘာကြောင့်ဆိုတာ နှုတ်ကဖွင့်ဟပြောဖို့ ခွန်အားတို့မဲ့ချေသည်။

သို့သော် နားထဲမှာ ပဲ့တင်ထပ်နေသည်။

ထိုပြင် မြင်လွှာမှာလည်း အရိပ်တို့ထင်ကား။

✿

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်ပြောတာ ဆုံးအောင်နားထောင်ပါဦး ရာရာ"

ရာစုသစ်ပြောချင်ရာကို ပြန်၍မျိုချကာ နားဆင်ရလေပြီ။

"ရာရာတို့နဲ့ အန်ကယ်တို့မိသားစုက နှစ်အိမ့်တစ်အိမ်လို ဆက်နွယ်နေတယ်ဆိုတော့ အခု သမီးမင်္ဂလာဆောင်မယ့်ကိစ္စမှာ ရာရွှေစိတ်ကို ထိခိုက်စေမယ်ဆိုရင် အန်ကယ်တောင်းပန်တယ်၊ ဒါပေမဲ့ အန်ကယ်တို့ မျက်နှာပျက်စရာဖြစ်အောင် ရာရွှေအနေနဲ့ တစ်ခုခုမလုပ်ပါနဲ့လို့"

ပြောပုံကိုက သူက အစောကို မရအရသိမ်းသွင်းပြီး မင်္ဂလာပွဲ ပျက်အောင် လုပ်မယ်လို့ ယူဆသလို။

သူ့အပေါ် အဲဒီလောက်အထိ အမြင်ကျဉ်းနေမယ်ဟု ရာစုသစ် ထင်မထားခဲ့ပါ။

ဒါပေမဲ့ သူ့မှာ ယောကျ်ားမာနအပြည့်ရှိပါသည်။

ချစ်တဲ့စိတ်က တခြား။ မရိုးသားတဲ့စိတ်နဲ့ သိမ်းသွင်းရယူဖို့ ဆိုတာ စဉ်းတောင်မစဉ်းစားမိပါ။

ခုတော့ ဒါကို ဦးတည်ပြောလာပြီ။

ရာစုသစ် မာနကြီးစွာပဲ ခေါင်းကိုမော့ကာ –

"ကျွန်တော် အဲလောက်ထိ အောက်တန်းကျပါဘူး အန်ကယ်"

"အန်ကယ်ဆိုလိုတာက"

"စိတ်ချပါ၊ အစောနဲ့လည်း မတွေ့ပါဘူး၊ အန်ကယ်တို့လည်းတဲ့ မင်္ဂလာပွဲကိုလည်း မနှောင့်ယှက်ပါဘူး၊ ကျွန်တော့်ကြောင့် ဘာမှ ပြဿနာရေ

"မောင်ရာရာဆီမှာ အန်ကယ်တစ်ခု တောင်းဆိုချင်တယ်"

အစောဒယ်ဒီ ဦးမောင်နိုင် စကားစလာလျှင် ရာစုသစ် အံ့သြသွားသည်။ အန်ကယ်နှင့်သူ ဘယ်တုန်းကမှ မျက်နှာချင်းဆိုင်ကာ တခင်းတနား ပြောကြဆိုကြတာမျိုး မရှိခဲ့ပါ။

မနက်ခင်းမှာ သူ့ဆီရောက်လာပြီး ထိုသို့တောင်းဆိုစကားစပြောနေသော အန်ကယ့်ကို ရာစုသစ် မအံ့သြဘဲ မနေနိုင်ပါ။

အံ့သြပေမယ့် အစောဖခင်ဖို့ သူ့ဘက်က အစဉ်လေးစားခဲ့တာမို့ ခုလည်း လေးစားစွာပင်။

"ဘာများလဲ အန်ကယ်"

"အန်ကယ့်သမီးအစောလေးနဲ့ ပတ်သက်လို့ပေါ့"

"အစောနဲ့ပတ်သက်လို့"

"ဟုတ်တယ်၊ ခုဆို အစောနဲ့လောင်းရိုးကို အန်ကယ်တို့ ဧစ္စပ်ပွဲနေ့မှာ တစ်ပါတည်းမင်္ဂလာဆောင်ပေးဖို့ စီစဉ်ကြတယ်ကွ၊ အဲဒီကိစ္စက ရာရွှေ့အနေနဲ့ တစ်ခုခု ခံစားရတယ်ဆိုရင်"

"နေဦးအန်ကယ်"

အန်ကယ့်စကားမဆုံးခင် သူဖြတ်ပြောမိ။ ထိုအခါ ဦးမောင်နိုင် လက်ကာ၍ ဆက်ပြောသည်။

www.burmeseclassic.com

ပါဘူး။ စိတ်ချပါ အန်ကယ်၊ နောက်ပြီး မမေမေ့ချာပန်ကိစ္စမှာ အန်ကယ်တို့ ဝိသာခု အစစအရာရာ ကူညီလုပ်ဆောင်ပေးတဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ အန်တီမြင့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောပေး ပါ အန်ကယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော်လည်း ပြင်သစ်သွားရှိ စီစဉ်စရာရှိသေးလို့ပါ"

ရာစုသစ် ဒလဟောပြောချက်ကာ ဦးမောင်နိုင်ရှေ့မှ ရှောင်ထွက် ခဲ့လေသည်။

ဦးမောင်နိုင် သက်မတရဲ့ရဲ့။

ဝမ်းသာရမလား။ ဝမ်းနည်းရမလား။ စိတ်ထိခိုက်ရမလား။ လားပေါင်းများစွာ ပလူပျံသည့်နောက်မှာ ခေါင်းတွင်တွင်ယမ်းလျက်။

အံ့မင်း သက်မရဲ့လို့မဆုံးတော့ပါ။

ချော် ဒါကြောင့်ကို။

✿ ✿ ✿

အခန်း (၄၂)

"ရော့"

"ဘာလဲ ကိုကို"

"ဖွင့်ကြည့်လိုက်"

လက်ထဲရောက်လာသော ကတ္တီပါဘူးကို အလင်းသစ်ဖွင့်ကြည့်

လျှင် –

"ဟင်"

ပတ္ထမြားဝမ်းဆက် တစ်ဆင့်စာနှင့် နဝရတ်ကိုးသွယ်တလက်

တစ်ခု၊

အလင်းသစ် မယုံနိုင်အောင်ဖြစ်လျက် အရောင်လေးမျိုး

www.burmeseclassic.com

www.burmeseclassic.com

တောက်သော မျက်ဝန်းဖြင့် ကိုကို့ကို ပြူးကြည့်သည်။

"ကိုကို ဒါ ဒါက"

"မင်းလိုချင်နေတဲ့ပစ္စည်း။ မေတာရောလက်ထဲမှာ ရှိနေတဲ့ပစ္စည်းနဲ့ တစ်ထပ်တည်းပဲ၊ မေမေလုပ်တဲ့ ပန်းထိမ်ဆရာဆီမှာ အပ်ပြီး လုပ်ခိုင်းထားတာ၊ ညီအတွက်"

"ကိုကို"

အလင်းသစ် မျက်ဝန်းထဲမှာ ဝမ်းနည်းကြေကွဲသောမျက်ညှိုးတို့ ဝဲ၏။ ကိုင်ထားသော ကတ္တီပါဘူးကို ပြန်ငဲ့ကြည့်သည်။

အရောင်ဖိတ်ဖိတ်လက်သော လက်ဝတ်ရတနာ။ အလင်းသစ် လက်ချောင်းတွေ တုန်ယင်သွား၏။ ထို့ပြင် ခေါင်းတွင်တွင်ယမ်းကာ၊

"မယူပါရစေနဲ့ ကိုကို"

"ယူရမယ်၊ ညီတို့လိုချင်နေတဲ့ပစ္စည်း"

"ကိုကို"

မေတာရာကလည်းရောက်လာပြီး ရတနာဘူးကို ပြန်ထိုးပေး၏။ ရာစုသစ် ရတနာဘူးတွေကို ညီနဲ့ညီမလက်ထဲ ပြန်ထည့်ပေးရင်း စိတ်ထိခိုက်ခြင်းတွေကို မျိုချရင်းဆိုသည်။

"ဒီပစ္စည်းတွေကို လိုချင်နေတဲ့စိတ်ကြောင့် တစ်အူတုံဆင်း မောင်နှမရင်းဖြစ်လျက် မျက်မာန်တွေပွားကြလို့ မေမေသေရပြီး၊ ဒါတွေ မရလို့ နောက်ထပ်အမုန်းပွားကြမယ်ဆိုရင် နင်တို့တွေ သောကတွေ

ရောက်ရဦးမယ်၊ ကိုယ်ကျိုးနည်းရဦးမယ်၊ ဒါကြောင့် တန်းတူပိုင်ခွင့်ရအောင် ကိုကို လုပ်ပေးလိုက်တာ"

မောင်နှမနှစ်ယောက် ရတနာဘူးကိုယ်စီကိုင်ထားရင်း နောင်တကြီးစွာ ငိုချင်းချလေသည်။

"ဖြစ်နိုင်ရင် မေမေ့ရဲ့စိန်လည်ဆွဲပါ ပြန်ဝယ်ပြီး ဆင်တူလုပ်ပေးချင်တယ်၊ မေမေ ဘယ်သူ့ရောင်းလိုက်မှန်း ကိုကိုလည်းမသိဘူး"

မောင်နှမနှစ်ယောက်၏ငိုသံတွေ ပိုကျယ်သွားသည်။

"မင်းတို့မငိုနဲ့တော့၊ လောကကြီးမှာ ဖေဖေ မေမေမရှိတော့ပေမယ့် ညီအစ်ကိုမောင်နှမရှိသေးတယ်၊ ရှိနေတဲ့ ညီအစ်ကိုမောင်နှမတွေ ချစ်ခင်ကြဖို့လိုတယ်၊ ဒါကြောင့် နင်တို့နှစ်ယောက် ချစ်ချစ်ခင်ခင်နေကြပါ၊ ကိုကို နောက်ဆံတင်းအောင် မလုပ်ကြနဲ့၊ နက်ဖြန် အစောမင်္ဂလာဆောင်မယ်၊ နင်တို့ ပိုင်းကူလိုက်၊ ကိုကိုက ပြင်သစ်သွားမယ်၊ နောက်ထပ် ဘာပြဿနာမှ ကိုကို့'မကြားပါရစေနဲ့၊ ဒါပဲ"

မောင်နှမနှစ်ယောက်၏ငိုသံကို သူနားမဆောင်ချင်ပါ။ ပြီးတော့ အငယ်နှစ်ယောက်ရွေ့မှာ သူလည်း ငိမချချင်။

လွတ်လွတ်လပ်လပ် ငိုခွင့်ရချင်သည်။

ဒါကြောင့် ရှောင်ထွက်ခဲ့ခြင်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မေမေ ဘာလုပ်လုပ် သူ မငြိုငြင်ရက်ပါ။ ရောင်းပဲ ရောင်းရောင်း။ ဘာပဲလုပ်လုပ် မေမေ အကျိုးမဲ့လုပ်မစ်မယ်လို့ မထင်ပါ။ ဒါကြောင့် သူ့စိတ်ကို ပြန်လျှော့ချကာ –

"ဘာပဲဖြစ်ဖြစ် မေမေ့ဆန္ဒနဲ့မေမေ စိတ်ချမ်းသာအောင် လုပ်သွားတဲ့အတွက် ငါ ကျေနပ်ပါတယ် အုံမင်း။ အဲဒီပစ္စည်းက မေမေ့ရဲ့ မင်္ဂလာပစ္စည်းလေ၊ မေမေ့စိတ်ကြိုက်လုပ်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"မေမေမဆုံးခင် နှစ်ပတ်လောက်က မေမေ့မိတ်ဆွေ ဦးတောက်ထွန်း မေမေ့ဆီ နှစ်ခေါက်တိတိလာတာ ငါနဲ့ကြုံတယ်"

"အဲဒီတော့"

"ငါ့အထင် ဦးတောက်ထွန်းကို ကြွေးပေးစရာရှိလို့များ စိန်လည်ဆွဲကို ထိုးပေးတာလား"

"အဲဒီကတည်းက မင်းမေမေကို မေးကြည့်ပေါ့ကွ"

"မေးတာပေါ့ကွ၊ မေမေက ဘာမှမပြောဘူး၊ အန်ကယ် အလည်လာတာတဲ့၊ ဒါနဲ့ ငါလည်း အန်ကယ့်ကို သွားတွေ့ပြီးမေးခဲ့တယ်၊ မေမေနဲ့ဖေဖေနဲ့ပတ်သက်ပြီး ကြွေးပေးစရာ ဘာညာရှိလားပေါ့။ ရှိတယ် ဆိုရင် ဆပ်ပေးမယ်ပေါ့၊ အန်ကယ်ထွန်းက မရှိပါဘူးတဲ့"

အုံမင်းသက်မချကာ –

အခန်း (၄၃)

"ငါ့စိတ်ထဲမှာ မယုံချင်ဘူး ရာရာ"

"ဘာကိုလဲ"

"မင်းမေမေ စိန်လည်ဆွဲရောင်းပစ်လိုက်တယ်ဆိုတာ"

အုံမင်းစကားအဆုံးမှာ ရာစုသစ် သက်မရှည်ကြီးချလိုက်သည်။ ဒီကိစ္စ သူလည်း မယုံချင်ပါ။

"ဘာဖြစ်လို့လဲဆိုတော့ ပေါင်နှံတုန်းကတောင် မင်းနဲ့တိုင်ပင်သေးတယ်၊ ရောင်းရင်လည်း မင်းကို တိုင်ပင်မှာပဲ၊ အသိပေးမှာပဲ၊ နောက်ပြီး ရောင်းတယ်ပဲထား။ အဲဒီငွေတွေ မင်းမေမေ ဘာလုပ်မှာလဲ"

ထိုကိစ္စ သူ့ရင်ထဲမှာ ပို၍ ရှုပ်ထွေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com

သော့ကို အုံမင်းဆုပ်ကိုင်ထားရင်း တစ်ခုခုပြန်ပြောဖို့ အကြံ
ပေးဖို့ ဆိုနှင့်နေသည်။ ရာစုသစ် အတတ်နိုင်ဆုံး စိတ်နှင့်ကိုယ်ကို
ထိန်းချုပ်၍ -

"မေမေနဲ့ပတ်သက်ပြီး အစောလည်း တစ်ခုခု ရထိုက်တယ်လို့
ငါ ထင်တယ်၊ အစောက ငါတို့မောင်နှမသုံးယောက်ထက် မေမေ့ကို
ပြုစုခဲ့တယ် မဟုတ်လား"

အုံမင်းမျက်ဝန်းမှာ ကရုဏာမျက်ရည်တို့ ဝဲသွားလေသည်။
ဟုတ်သားပဲလို့ ခေါင်းတဆတ်ဆတ်ညိတ်၏။

"ရာရာရယ်၊ မင်း ဒါတွေမပြောပါနဲ့တော့၊ မင်းဖြစ်စေချင်တာ
အားလုံး ငါလုပ်ပေးမယ်၊ မင်းကို ပြင်သစ်မသွားပါနဲ့လို့ ငါ မတားရက်
ဘူး၊ ခန့်ပိုင်တို့လည်း မနက်ဖြန်ပြန်ရောက်မယ်၊ သုတ ပုံမှန်ပြန်ဖြစ်လာ
ပြီကွဲ့"

ရာစုသစ် ခေါင်းလေးဆတ်လိုက်သည်။

"အဲဒီသတင်း ဆူးသိပြီးပြီလား"

"ဆူးသူငယ်ချင်း ဇင်းဇင်းကိုတော့ ငါ ဖုန်းဆက်ပြောလိုက်
တယ်"

"ကောင်းပြီလေ၊ ခန့်ပိုင်ကိုတော့ ငါ နှုတ်ဆက်ခဲ့တယ်လို့ ပြော
ပါ၊ ဂျာနယ်တိုက်ကိစ္စ မင်းတို့နှစ်ယောက်ပဲ ဦးစီးကြ"

"အလုပ်တိုက်ကိစ္စအားလုံး ငါတို့သူငယ်ချင်းနှစ်ယောက်မဟုတ်

"တစ်ခုတော့ ဖြစ်နိုင်တာပဲ၊ မင်းက မင်းမိဘနဲ့ပတ်သက်ပြီး
ကြေးဆစ်ရပေါင်း များလာပြီ၊ အဲဒီအတွက် မင်းကို အသိမပေးသေး
အန်ကယ်ထွန်းကို ပေးစရာရှိတာကို အန်တီက စိန်လည်ဆွဲထိုးပေးပြီး
ချေလိုက်တာပါဖြစ်မယ်၊ ဒါကြောင့် ရောင်းလိုက်ပြီလို့ ပြောတာဖြစ်မယ်"

"ဘာပါဖြစ်ပါဖြစ် မေမေလုပ်သမျှ ငါကျေနပ်ပါတယ်၊ တကယ်လို့
စိန်လည်ဆွဲကို အကြေးနဲ့ချောတယ်ဆိုလည်း ချောတယ်ပေါ့၊ အဲဒီလည်ဆွဲကို
ငါ ပြန်လိုချင်တယ်၊ မင်းပဲ စုံစမ်းပြီး ကိစ္စပြီးအောင် ဆက်လုပ်ပေး"

"ဒါဆို မင်း နက်ဖြန် တကယ်ပဲ သွားမယ်ပေါ့"

ရာစုသစ် နှုတ်ဖြင့်မဖြေ၊ ခေါင်းညိတ်ကာ ဟိုးအဝေးကို ငေး
ကြည့်နေလိုက်သည်။

နွေဦးညတ၏ တိမ်စိုင်တို့အရောင်အသွေး လှပစွာ။ တမျှောစွာ
ရွေ့ရှားနေသော တိမ်တိုက်ကြီးကို မျက်တောင်မခတ်စတမ်း ငေးကြည့်
နေတ၏။

"အဲဒီ စိန်လည်ဆွဲပြန်ရရင် အစောမင်္ဂလာဆောင်အတွက်
လက်ဖွဲ့ပေးလိုက်ပါ၊ မရရင်လည်း အကောင်းဆုံး စိန်တစ်ဆင်စာ မင်း
လှုပ်ပေးလိုက်ပါ၊ လိုတဲ့ငွေကို မီးခံသေတ္တာထဲက ထုတ်ယူလိုက်၊ ဒီလို
သော့"

မီးခံသေတ္တာသော့လေးကို အုံမင်းလက်ထဲ ရာစုသစ် ထည့်ပေး
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထားစမ်းပါ။ မင်းလည်း ဟိုမှာ ပေတေမနေနဲ့"

"ငါ အဲလောက်မမိုက်ပါဘူးကွာ"

"ကဲပါ မင်းလည်း ပင်ပန်းလှပြီ နက်ဖြန်မနက် လေဆိပ်ဆင်း ရမယ် မဟုတ်လား။ အိပ်တော့"

"အေးပါကွာ"

ရာစုသစ် စိတ်ကိုလျှော့ချကာ ခုတင်မှာ ထိုင်နေရာမှထပြီး ထိုနောက် ညဝတ်အင်္ကျီ လဲဝတ်လိုက်သည်။ ပြတင်းပေါက်မှ မြင်နေရသော ရွှေလွားနေသည့်တိမ်စိုင်တွေကို တမေ့တမောကြည့်ဖြစ်။

အံ့မင်း အခန်းထဲက ထွက်သွားလျှင် အခန်းမီးကို ပိတ်လိုက်သည်။ ထိုအခါ တစ်ခန်းလုံး မှောင်အတိဖြစ်သွားသလို သူ့နှလုံးသားနှင့်ဘဝဟာ မှောင်အတိဖြစ်ကာ။

သူ့ဘဝအလင်းရောင်ဟာ မမေမေရှိလို့ မှောင်ခဲ့ပါပြီး။

ထို့အတူ သူ့နှလုံးသားမှ အချစ်အလင်းရောင်ဟာလည်း။

အစောရေ –

ငါ့နှလုံးသား တကယ်မှောင်ပါပြီ။

ထိုအမှောင်ထုထဲမှာ သူ့မျက်ရည်တွေ တလက်လက်ကျလျက်။

✿ ✿ ✿

အခန်း (၄၄)

ခွဲခွာခြင်းဟာ ခရေပွင့်တွေ ခင်းကျင်းထားသော လှပမြေမြေ သည့် ပန်းခင်းလေလား။ ဒါမှမဟုတ် ရွှန်ထက်ကာ ဆူးရုရှ ဆူးလက်တို့ ခြုံရံနေသော နှင်းဆီရိုးတံတွေပါသည့် ဆူးလက်ခင်းလမ်းလေလား။

ဘာလမ်းဖြစ်ပါစေ။

နှလုံးသားမှာ နာကျင်မြေ့မြေ့၊ ကြေကွဲဆို့ဆို့ နှင့်ရလေပြီ။

ထိုပြင် တမ်းတခွင့်မရှိတော့မယ့် နှလုံးသားစာမျက်နှာဟာ ဘာလာဟင်းလင်းဖြစ်လျက်။

နောက်ဆုံးအနေဖြင့် သူ့နှလုံးသားက တစ်စုံတစ်ရာကို ဂရုမစိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် အစောတို့ခြံဝင်းထဲမှ ထွက်လာသော အန်တီပြင့်မောင်းသော မာစီးဒီးကားပေါ် ပါနေသော ပိန်းကလေး။

အစောဟု လွှတ်ခနဲ ရွတ်ဆိုမိတ်။

မပြင်တာ ရက်ပိုင်းမျှသာဖြစ်ပေမယ့် အစောဟာ နွေဦးမှာ ပွင့်သော ပန်းကလေးနှယ် စင်ကြယ်လတ်ဆတ်နေပါသည်။

မျက်ဝန်းအစုံ တောက်ပနေပေမယ့် ဆွေးရိလဲ့ဖြာနေသည်။

နှုတ်ခမ်းလေးများက ခရေဖူးလေးလိုဖြစ်ကာ သဘာဝအတိုင်း ပန်းနုရောင်စိုလျက်။

မနက်ခင်းမှာ သတို့သမီးဖြစ်တော့မယ့်သူမက ဓါတိုင်းထက် ပိုလှကာ။

ကားနှစ်စီးယှဉ်ပြီး မောင်းထွက်ခဲ့သော်လည်း လမ်းဝရောက် လျှင် အန်တီပြင့်မောင်းသော ထိုကားက ညာဘက်ချိုးသည်။ အစောကို အလှပြင်ပေးဖို့ ဗျူတီပါလာဆီ ဦးတည်နေလျက်။

အဲ့မင်းမောင်းသောသူ့ကားက ဘယ်ဘက်ကွေ့ကာ လေဆိပ်ဆီ ဦးလှည့်ကာ ဆန့်ကျင်ရာသို့။ တဖြည်းဖြည်း ဝေးကွာခဲ့လေပြီ။

သို့သော် လည်ပြန်ငဲ့ကြည့်လျှင် အကြည့်ချင်းဆုံတွေ့သော နှစ်ယောက်သားမျက်ဝန်းဟာ အရာရာကို မေ့သွားစေသည်အထိ။

အချစ်တွေလား။ ကြေကွဲခြင်းတွေလား။ ဒါမှမဟုတ် ဖြစ်လာ သမျှကို ရင်ဆိုင်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေနဲ့လား။

သေချာတာက နှုတ်မဆက်စတမ်း လမ်းခွဲကြတာ အကောင်း ဆုံးပဲ မဟုတ်လား အစောရယ်။

ဒီဘဝမှာ အချစ်ခဲ့ဝေးရပေမယ့် ဘဝဆက်တိုင်း ပြန်ဆုံပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ခန့်ကြာသောအခါ

အခန်း (၄၅)

ရာရာ –

မင်းက အားလုံးနဲ့အဆက်ဖြတ်ပြီး နေနိုင်ပေမယ့် ငါတို့ သူငယ်ချင်းတွေ မနေနိုင်ပါဘူး။ ဒါပေမဲ့ မင်းဆန္ဒရှိတဲ့အတိုင်း ငါတို့ နေနိုင်အောင် ကြိုးစားခဲ့ပါတယ်။

လုပ်ငန်းကိစ္စကလွဲပြီး မင်းနဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စမှန်သမျှ ငါတို့မပြောဘဲ နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းခံစားချက်ကို ငဲ့ညှာသလို ကိုယ်ချင်းလည်းစာတယ် သူငယ်ချင်း။

အခု မင်းနဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာ ခံစားချက်တချို့ကို ငါတို့မပြောဘဲ မနေသာတော့ဘူး။

အဲဒီအတွက် ငါတို့ကို စိတ်ဆိုးချင်လည်းဆိုး၊ သူငယ်ချင်းအဖြစ်က အဆက်ဖြတ်ချင်လည်းဖြတ်။ ငါတို့ ဆုံးဖြတ်ထားတဲ့အတိုင်း ပြောရတော့မယ် သူငယ်ချင်း။

ရာစုသစ်စာရွက်ဆီက ချက်ချင်းအကြည့်လွှဲလိုက်မိသည်။ တစ်ဆက်တည်းလည်း ရင်ခုန်နှုန်း ပိုမြန်ကာ ဝေဒနာအပြန်ပျိုးလာသလို ခံစားရလေသည်။

ဘာဖြစ်လို့ ပြောရတာလဲကွာ။

မပြောနဲ့။ လုံးဝမပြောနဲ့။

ရာစုသစ် ရင်ထဲမှာ အကြိမ်ကြိမ် အော်ဟစ်နေမိသည်။ သူငယ်ချင်းနှစ်ယောက်ကိုလည်း စိတ်ဆိုးချင်ချင်ဖြစ်တ။

ဖတ်စရာစာကြောင်းတွေ များစွာကျန်နေသေးသည့် ထိုစာရွက်ကို စားပွဲပေါ်ပစ်ချရင်း ထိုစာရွက်နှင့်ဝေးရာနေရာမှာ ထိုင်နေလိုက်သည်။

ထိုင်နေသော်လည်း စိတ်ကမငြိမ်။

ရင်မှာပူခြစ်ကာ လည်ချောင်းမှာ ခြောက်သွေ့နေသလိုလိုဖြစ်တ။ ထို့ကြောင့် ထိုင်ရာမှထပြီး ရေတစ်ဖန်ခွက် ငဲ့သောက်တ။

သို့သော်လည်း ရင်မှာ ငြိမ်းမသွားပါ။

ပူနေဆဲ။ ခြောက်သွေ့နေဆဲ။

မသိချင်လို့ မပြောနဲ့ တားမြစ်ခဲ့ပါရဲ့။ ခုမှ ဘာစိတ်ကူးပြောင်ပြောချင်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပြင် သူငယ်ချင်းတွေ ဘာပြောမှာလဲ။ သိချင်စိတ်ကလည်း နလုံးသားထောင့်တစ်နေရာမှ သံချွန်နှင့် ထိုးဆွနေသလို။

သို့ပို့ကြောင့် ထိုင်ရာမှပြန်ထကာ စာရေးစားပွဲဆီ လျှောက်သွားတ။

တစ်ဖန် စာရွက်ကို ဆွဲယူပြီး ဇတ်ကြည့်ပြန်သည်။

ပထမဦးဆုံးပြောချင်တာက ဆူးနှင်းဆီအကြောင်းပါ။ ပန်းခြံမှာ ဆွဲလားရမ်းလားလုပ်တဲ့ သဝဏ်ကို ဆူးက နှောင့်ယှက်မှုနဲ့ အချုပ်ထဲ ထည့်ပြီး တရားစွဲခဲ့တယ်။ နောက်တော့ မကြာဘူး သဝဏ်ကို ကျေးဇူးပြီး တရားစွဲတာကို ရပ်တန်းက ရပ်လိုက်တော့တယ်။ အဲဒါ ဘာကြောင့်လဲ ငါတို့လည်းမသိဘူး သူငယ်ချင်း။

အေး ငါတို့ ရှင်းရှင်းလင်းလင်းသိလိုက်ရတာတစ်ခုက သူတပြန်လာပြီး သုံးလေးကြာမှာ သူတနဲ့ဆူးနှင်းဆီ မင်္ဂလာဆောင်တယ်။

ဖြစ်လင့်တယ်။ ဒါ အဖြစ်လင့်ဆုံးပဲလို့ စာဖတ်နေရင်း ရာစုသစ် ထောက်ခံလိုက်သည်။

နောက်အကြောင်းအရာတစ်ခုက မင်းမေမေရဲ့စိန်လည်ဆွဲကိုပ။

သူ့စိတ် ပိုဝင်စားကာ စာကို သွက်သွက်ကလေး ဖတ်တ။

စိန်လည်ဆွဲက အန်ကယ်တွန်းလက်ထဲမှာ။ မင်းထင်သလို အကြွေးနဲ့ထိုးအပ်လိုက်တာ မဟုတ်ဘူး။ ယုံကြည်စိတ်ချစွာ အပ်နှံထားတာ။ အပ်နှံထားတဲ့အကြောင်းပြချက်က အစောကို မင်္ဂလာဆောင်ပြီးမှ

ဘယ်သူမှမသိအောင် လက်ဖွဲ့ဖို့တဲ့ကွာ"

သူ့ရင်မှာ နွေးလိုက်သွားတ။

အန်ကယ်တွန်းက မင်းမေမေရဲ့ဆန္ဒအတိုင်း ပေးဖို့စီစဉ်တယ်။ ဒါပေမဲ့ –

စာကြောင်းအဆက်ပြတ်သွားတာမို့ နောက်တစ်မျက်နှာ လှန်လျှောတ်ရလေသည်။

ထားပါတော့။ အခုပြောမှာက မင်းရဲ့အစောအကြောင်း။

BURMESE CLASSIC

မင်းရဲ့အစောအကြောင်းတဲ့။

ရာစုသစ်ရင်မှာ နာကျင်ကြေကွဲ သွားသည်။ ရင်ထဲမှလည်း ငါ့ရဲ့အစော မဟုတ်ပါဘူးကွာ၊ လောင်းရိပ်ရဲ့ အစောပါလို့ ရေရွတ်ရင်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

တည်း မင်္ဂလာပွဲလုပ်တာ အကြောင်းမဲ့မဟုတ်ဘူး။ သူ ရွှမ်းရွှမ်းပွေပွေ ဖြစ်ခဲ့တဲ့ မိန်းကလေးကို တာဝန်မယူချင်တဲ့စိတ်နဲ့ သူ့ရဲ့အရွှမ်းတော်ပိုတစ်စခန်းရပ်သွားအောင် အပြန်ခုံးမင်္ဂလာဆောင်တာ။ အဲဒီမိန်းကလေးက နယ်က။ မင်္ဂလာပွဲမဖြစ်အောင် ဟန့်တားဖို့လာတာ။ မင်္ဂလာပွဲပြီးမှပဲ ရောက်လာတယ်။ အဲဒီမှာ ပြဿနာတက်ကြတယ်။

လောင်းရိပ်က ပြဿနာမတက်အောင် ဝုံးဖိထားပေမယ့်မရဘူး။ ငွေဘယ်လောက်ပေးပေး ဟိုက လက်မခံဘူး။ အဲဒီကတည်းက အစောအရိပ်အယောင်ကို ရှာမတွေ့တော့တာ ခုချိန်ထိပဲ။

"ဟင်"

ရာစု မျက်လုံးအပြူးသား ဖြစ်သွားသည်။ အစောက ဘယ်ကို ကိုယ်ယောင်ဖျောက်သွားတာလဲ။ အန္တရာယ်များလိုက်တာ အစောရယ်။

"ဟုတ်တယ် သူငယ်ချင်း။ ကိုယ်တို့အားလုံး လိုက်ရှာကြတယ်။ မတွေ့ဘူး။ အနှံတိမြင့်ဆို ဂူခြေမခေည်နိုင်အောင်ငိုတယ်။ သူ့အစီအမံကြောင့် အစောဘဝ အစွန်းထဆင်းဖြစ်စေတယ်ဆိုတဲ့ ယူကျုံးမရစိတ်နဲ့ပါ။ အစောဖယ်ဒီက ဒါသတွေထွက်ပြီး လောင်းရိပ်ကို ထိုးကြိတ်တဲ့အထိ ပြီးတော့ ဘယ်တော့မှ အစောနဲ့ပေါင်းခွင့်မပေးဘူး ဘာညာနဲ့ ပေါက်ကွဲတာပေါ့ဟာ။ ချက်ချင်းပဲ လောင်းရိပ်ဖိတ်ကို အကျပ်ကိုင်ပြီး လောင်းရိပ်နဲ့ ကွာရှင်းစာချုပ် လုပ်လိုက်တယ်။ လောင်းရိပ်က သူ့အပြစ်နဲ့သူပဲ အစော ဒယ်ဒီဆန္ဒအတိုင်း ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တယ်။

အခန်း (၄၆)

အေးကွာ ပြောရမယ်ဆိုရင် စိတ်မကောင်းစရာလား။ ဘာလား တော့ မသိဘူး။ အစောနဲ့လောင်းရိပ် မင်္ဂလာပွဲ အောင်မြင်စွာပဲ ပြီးဆုံးသွားတယ်။

ဒါပေမဲ့ မင်္ဂလာပွဲပြီးလို့ နာရီပိုင်းမကြာခင် ပြဿနာတက်တော့တယ်။

ရာစုသစ် အသက်ရှူရပ်သွားသလိုဖြစ်တယ်။

ဘာကြောင့် ပြဿနာတက်ရတာလဲ။ ဒီကိစ္စကို ပိုသိချင်တယ်။ ထို့ကြောင့် စာကြောင်းတွေကို ကမန်းကတန်း ဖတ်တယ်။

တကယ်တော့ လောင်းရိပ်က အစောနဲ့ စေ့စပ်ပွဲရက်မှာ တစ်ပါ

www.burmeseclassic.com

www.burmeseclassic.com

အဆုံးသတ်မှာတော့ အစောနဲ့လောင်းရိပ် အောင်မြင်စွာမင်္ဂလာဆောင်ပြီး သလို အောင်မြင်စွာပဲ ကွာရှင်းပြီးစီးခဲ့တာ မင်းထွက်သွားတဲ့နေ့ကတည်းက။ အစောကို ခုချိန်ထိ ရှာမတွေ့နိုင်တာလည်း အဲဒီနေ့ကတည်းကပဲ။

ဖြစ်ရလေ အစောရယ်။

သူ့နှလုံးသားမှာ ထိထိရှရှ ဝမ်းနည်းရလေသည်။

အကယ်၍ သူသာ ပြင်သစ်ထွက်မလာခဲ့ရင် ဘယ်လောက် ကောင်းလေမလဲ။

ခုတော့ကွာ။

ရာစုသစ် သူ့စိတ်နှင့်သူ ယူကျုံးမရဖြစ်ကာ။

ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ချာချာလည်နေသည်။ တို့နောက် စာရွက်ကို ဆုံးအောင်ဆက်မဖတ်တော့ဘဲ အံ့မင်း ဖုန်းကို ချက်ချင်းခေါ်ဆိုသည်။

တောက် ဖုန်းကတစ်မျှောင့်။

ဝရီယာပြင်ပ ရောက်နေသတဲ့။ ခန့်ပိုင်ဖုန်းကလည်း ထို့အတူ။

ထိုအခါ မဆုံးသေးသည့်စာကိုပဲ ရာစုသစ် သဲကြီးမဲကြီး ဖတ်ရတော့သည်။

ငါတို့လည်း အစောကို ပြန်တွေ့ဖို့ ကြိုးစားရှာကြတယ် သူငယ်ချင်း။ သတင်းစာနဲ့ဂျာနယ်တိုင်းမှာ ကြော်ငြာထည့်တာ ဒီနေ့အထိ။ ဒါပေမဲ့ အစောသတင်းအစအနကလေးတောင် မရဘူးသူငယ်ချင်း။

အစောဒယ်ဒီဆို သမီးဖောနဲ့ နှလုံးရောဂါပါ ရနေပြီ။ အန်တီမြင့်ဆို တဝိုတည်းဝိုပြီး ရှာနေတာ။ အန်ကယ်ထွန်းလည်း ကူရှာပေးတယ်။ သူကလည်း အစောလက်ထဲ မင်းမေမေရဲ့ စိန်လည်ဆွဲ ထည့်ပေးရမယ့် တာဝန် ရှိတယ်မဟုတ်လား။

အေး နောက်ဆုံး ဘယ်လိုမှသတင်းမရတဲ့အဆုံး မင်းဆီ စာရေးလိုက်တာ သူငယ်ချင်း။ ဒီကိစ္စ မင်းမှာလည်း တာဝန်ရှိတယ်လို့ ငါတို့ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ အစောဟာ မင်းမေမေကို ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်ခဲ့တယ်မဟုတ်လား။ ပြီးတော့ မင်းက မင်းမိတ်ဆွေနဲ့ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးတဲ့သားကြိုးဆွေရသိုတော့။

ရာစုသစ် စာကိုဆက်ဖတ်နိုင်စွမ်းမရှိတော့ပါ။

မျက်ရည်တွေ တသောသောကျနေသလို ခြေလှမ်းတွေဟာ လည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

BURMESE CLASSIC

အစောရေ

အစော ဘယ်မှာလဲ။

ခုဆို တစ်နေကုန်ချေပြီ။ မကြာခင် တစ်ပိုးဖြတ်ကျော်ကာ တစ်ဆောင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ချစ်ရယ်။

အစောခြေရာကို နမ်းရှိုက်ခွင့်ရဖို့ မောင့်နှလုံးသားနဲ့ ရှာဖွေနေပါတယ်ကွယ်။

အစော ဘယ်ဆီရောက်ရောက် အစောရောက်နေမယ့်နေရာအထိ အချစ်တွေနဲ့ ရွှက်လွှင့်ပြီး မောင်လာခဲ့ပါ့မယ်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

www.burmeseclassic.com